
www.burmeseclassic.com

ဝိုးဝိုးစာပေ

# ဆုလေးနွယ်

ရန်ကုန်တက္ကသိုလ်

# မိုးရွာဖြိုးစါတကြာ



BURMESE CLASSIC

design : bo bo htoon

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၂၀၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၃၂၀၂၀၇

ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ မေလ
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်


အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ ခပ်ငယ်ငယ်ကတည်းက
ကိုယ့်ကို မုန့်တစ်ခါဝယ်ကျွေးတဲ့သူကို
ဆယ်ခါလောက် ပြန်ဝယ်ကျွေးရမှ ကျေနပ်တယ်။
ကိုယ့်အပေါ် နည်းနည်းကောင်းရင် ...
ဆယ်ဆမက ပြန်ကောင်းချင်တဲ့သူဖြစ်တယ်။
ကိုယ့်ရဲ့မွေးနေ့ရက်မြတ်ကို ...
သူမက မထင်မှတ်တဲ့...
အသိအမှတ်ပြုလာတဲ့အခါ
ကြည်နူးချမ်းမြေ့ခြင်းနဲ့...
သူမရဲ့မွေးနေ့ကိုလည်း
နောင်အခါမြဲတမ်း...
အသိအမှတ်ပြုသွားဖို့
စဉ်းစားတယ်။
သူမဖက်က ကိုယ့်ကို...
အနည်းငယ်လေးချစ်တယ်ဆိုခဲ့ရင်...
ကိုယ်က အဆပေါင်းများစွာ
ပေးဆပ်ခြင်းတွေနဲ့
တစ်သက်လုံးချစ်သွားချင်တယ်။

• ဇင်ရဲ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


ကျွန်မဟာ ...
ကံကောင်းထောက်မစွာနဲ့
အခုလောလောဆယ်မှာ
အဖွဲ့ရဲ့
အဆိုတော်တစ်ယောက် ဖြစ်ခွင့်ရတယ်။
ကျွန်မကို စိတ်ဝင်စားတဲ့သူတွေလည်း
ကံအားလျော်စွာ...
အများကြီးပဲ ရှိနေတယ်လေ။
ဒါပေမဲ့...
ကျွန်မဘဝင်မမြင့်ရဲဘူး။
ဘာကြောင့်လဲဆိုရင်...
လောကကြီးက ကျွန်မကို...
ဘဝင်မြင့်ခွင့်မပေးဘူးဆိုတာ...
ကျွန်မကောင်းကောင်းသိထားလို့ပဲ။
အထူးသဖြင့်တော့
အချစ်ရေးကိစ္စပေါ့...။
ချစ်တဲ့သူနဲ့ဆုံစည်းဖို့ဆိုတာ
မလွယ်ကူဘူးလေ။
ဘယ်လိုနည်းနဲ့မဆို...
ကျွန်မက 'ချစ်ခြင်း'ကို
တန်ဖိုးထားလေးစားပါတယ်။

ရည်ရွှယ်မှူး


www.burmeseclassic.com

www.burmeseclassic.com


'ရွှယ်မွှး'က တံခါးရှေ့မှာရပ်ပြီး အခန်းတံခါးကို တဘုန်းဘုန်း လက်ဝါးနှင့် ရိုက်လိုက်ပေမယ့် အခန်းထဲက 'ဝိညွှက်'က လုံးဝမလှုပ်၊ အသံလည်းမပေး၊ လာပြီလည်းမအော် ငြိမ်သက်တိတ်ဆိတ်လို့နေသည်။

"ဟဲ့…ညွှက်ညွှက်၊ ဘာလုပ်နေတာလဲ၊ တံခါးဖွင့်လေ" ဟု အပြင်ကအော်တာလည်း မကြား။

တော်တော်ဆိုးပါလားနော်။

အခန်းတံခါးကို လုံးဝလာမဖွင့်။

အိပ်များပျော်နေပြီလားမသိ။

ဂစ်တာထည့်ထားသော သားရေအိတ်ကို ဖြည်းဖြည်းချထားပြီး စိတ်မရှည်စွာ ခါးနှစ်ဖက်ထောက်မိပါ၏။ အပြင်က ခမာ


www.burmeseclassic.com

www.burmeseclassic.com



မောနင့်ပြန်လာတာ သူက တံခါးမဖွင့်။ သည်လောက်ခေါက်နေတာ မကြားဘဲမနေပါ။ အိပ်ပျော်နေတာလား။ ရေချိုးခန်းဝင်နေတာလား။ လက်မှာပတ်ထားသော နာရီအနီရဲကလေးကို ငုံ့ကြည့်မိပါ၏။

သည်အချိန် ရေချိုးစရာလား။

ပိညှက်က ညဘက်ရေမချိုးတတ်ပါ။

ဂစ်တာအိတ်ကို ပြန်ဆွဲယူပြီး အောက်ကိုပြန်ဆင်းလာခဲ့၏။ အောက်ထပ်ထမင်းစားခန်းမှာ ကော်ဖီသောက်နေသော သံချိုက "ဟဲ့...ရေမချိုးဘူးလား၊ အင်္ကျီမလဲဘူးလား၊ ဒါဘယ်လဲ" ဟု မေးလာသည်။

"ဘယ်မှမသွားပါဘူးဟယ်"

ညည်းညည်းကလေးပြောပြီး ဂစ်တာအိတ်ကို ဧည့်ခန်းက နှစ်ယောက်ထိုင်ဆိုဖာမှာ သွားတင်ထားပြီးမှ ပြန်လျှောက်လာလျက် ထမင်းစားပွဲမှာ ဝင်ထိုင်သည်။

ထိုဂစ်တာက ရှယ်မှူး၏ အမြတ်နိုးဆုံးအရာ။ ပစ်စလက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်မထားချင်ပါ။ ပစ်စလက်ခတ်ထားလို့ မဖြစ်။ သည်ဂစ်တာလေးကို အပျက်စီးမခံနိုင်ပါ။

"ကော်ဖီသောက်မလား"

သံချိုမေးတော့ ခေါင်းညိတ်ပြဖြစ်သည်။ သံချိုက ကော်ဖီခါတ်ဗူးထဲက ကော်ဖီပူပူတစ်ခွက်ထည့်ပေးပြီး မုန့်ပန်းကန်ကို ရှေ့တိုးရွှေ့ပေး၏။

"ရွှယ်မှူး"က ပိုက်ဆံအိတ်ကလေးကို စားပွဲပေါ်တင်ချထားပြီး ပိုက်ဆံအိတ်၏ လက်ကိုင်ကြိုးမှာ ချိတ်ထားသော ဟဲင်းန်ဖုန်းကို ဖြုတ်ယူလိုက်၏။

"ဒီနေ့ နားလိုက်တော့မယ်၊ လာမကဖြစ်တော့ဘူးလို့ ဖုန်းဆက်လိုက်မယ်၊ အရမ်းပင်ပန်းနေပြီ"

သည်ည အကတိုက်ဖို့ ချိန်းထားတာရှိသည်။ အဖွဲ့လိုက်အကဆိုတော့ ခဏခဏတိုက်ရသည်။ ညှိရသည်။ စိတ်ရှည်ရသည်။

"ခဏတဖြုတ်သွားလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေ့လည်း မဖြစ်ပါဘူး၊ အကြာကြီးတိုက်ရမှာ၊ ညဥ့်နက်မှာပဲ"

သံချိုက သွားချင်ပေမယ့် ရွှယ်မွှေးက နားချင်ပြီဆိုတော့ ခွတ်မပြော။ ရွှယ်မွှေးက အဓိကမဟုတ်လား။

သူတို့လေးယောက်မှာ ရွှယ်မွှေးက အခရာ။ နာမည်အကြီးဆုံး။ လူသိအများဆုံး ပရိသတ်အခိုင်မာဆုံးပါ။

သံချိုတို့ သုံးယောက်ကို ရွှယ်မွှေးနှင့်တွဲပြီး သိကြတာပါ။

ဘာပဲဖြစ်ဖြစ် ရွှယ်မွှေး၏ ဦးဆောင်မှု၊ ဆုံးဖြတ်မှုအောက်မှာ သူတို့က နေကြတာပါ။

"ယော...ဟိုမှာ ဆင်းလာပါပြီ၊ မအိပ်သေးပါဘူး"

ပိညွက်က ထဘီရှည်ကလေးကို ခြေမျက်စိဖုံးအောင်ဝတ်ပြီး တဖျတ်ဖျတ်နှင့် လှေကားက ဆင်းလာ၏။

"ဟဲ့...ခုန ရွှယ်မွှေး တံခါးခေါက်ခေါ်နေတာ မကြားဘူးလား၊ နင်ဘာလုပ်နေတာလဲ"

"ကြားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားရဲ့သားနဲ့ ဘာလို့မဖွင့်တာလဲ"

"ဖွင့်သားပဲ၊ မရှိတော့တာ"

"ချက်ချင်းမဖွင့်နိုင်အောင် နင်က ဘယ်သွားနေလို့လဲ၊ ပြောစမ်းပါဦး"

ပိညွက်က ပြန်မဖြေဘဲ ခိခနဲရယ်သည်။ သံချိုက သူ့ကို မျက်စောင်းရွယ်၏။

"မိတ်ဆက်စာရေးနေလို့ပါ"

တိုးတိုးဖွဖွကလေး ပြောလာတော့ ရွယ်မှုးက စိတ်ပျက်သလိုကြည့်၏။ ပိညွက်ဖက်ကသာ မိတ်ဆက်စာတွေ အစောင်ပေါင်းများစွာ ရေးနေတာ ဟိုဘက်က တစ်ခါမှ စာမပြန်ပါ။ ဒါကိုပဲ စွဲကောင်းသည်။

"ဒီလိုဝီရိယကို တခြားနေရာမှာ သုံးရင် တော်တော်အကျိုးရှိမယ်"

ပိညွက်ကို သံချိုက ငေါက်၏။

"အဓိပ္ပာယ်မရှိတာတွေ လုပ်မနေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ရေးမှာပဲ၊ စာမပြန်တာ မအားသေးလို့ပေါ့၊ သံချို တို့ရော စာပြန်လို့လား၊ မိတ်ဆက်စာတွေ ဖတ်အားလို့လား"

"ဘာဆိုင်လဲ"

ညီအစ်မနှစ်ယောက် စကားများမှာစိုးတာမို့ ရွှယ်မှူးက

"ပြောမနေပါနဲ့ သံချိုရယ်၊ ရေးချင်လည်း ရေးပါစေ၊ သူ့ခံစားမှုပဲပေါ့"ဟု ဝင်ဖြန်ဖြေလိုက်၏။

ပြီးမှ ဂစ်တာကို သွားယူပြီး အပေါ်ထပ်တက်လာခဲ့သည်။ သံချိုတို့က ချမ်းသာပြည့်စုံပြီး ညီအစ်မနှစ်ယောက်တည်း ရှိတာမို့ ရွှယ်မှူးတို့၏ 'Black Diamond'အဖွဲ့ဝင်လေးယောက်စလုံး သည် အိမ်မှာ လာနေလို့ရသည်။ လွတ်လွတ်လပ်လပ် သီချင်းရေး၊ သီချင်းဆို၊ အနုပညာကို အေးအေးဆေးဆေး လုပ်ခွင့်ရနေပါသည်။ အနှောင့်အယှက်မရှိ။

ရွှယ်မှူးက သံချိုညီမလေး ပိညွက်နှင့် တစ်ခန်းတည်း အတူတူနေပါသည်။ ပိညွက်အခန်းက ကျယ်ဝန်းပြီး လေကောင်း လေသန့်ရသည်။ ဝရန်တာကျယ်ကြီးလည်း ပါသည်။ ဝရန်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com


အခန်းကို မှန်ညိုများနှင့် စလိုက်ဒရောတတ်ထားတာမို့ ရွှယ်မွှားက နှစ်သက်သဘောကျပြီး ပိညွှက်နှင့်နေဖို့ ဆုံးဖြတ်လိုက်တာပါ။

"အဝတ်အစားသွားလဲဦးမယ်"

သံချိုနှင့် ပိညွှက်ကို ပြောကာ အခန်းရှိရာဘက် လာခဲ့၏။ ပိညွှက်က…

"ရွှယ်မွှား…ပိညွှက်စာတွေ လျှောက်မဖတ်နဲ့နော်" ဟု ရှက်ရှက်နှင့်မှာ၏။

"မဖတ်ပါဘူး"

ရေးလည်းရေးသေး ရှက်လည်းရှက်တတ်သေး။ ဘာလေးမှန်းကိုမသိ။

အခန်းထဲဝင်လာပြီး တံခါးပိတ်ကာ မှန်ရှေ့မှာရပ်မိ၏။ ဂျင်းဘောင်းဘီပေါ်က ထပ်ဝတ်ထားသော စကဒ်တိုတို ပန်းဆီရောင်ကလေးကို ပထမဦးဆုံး ချွတ်လိုက်၏။ စကဒ်အတိုကလေးတွေဆို ရွှယ်မွှားက ဘောင်းဘီရှည်ပေါ်က ထပ်ဝတ်လေ့ရှိသည်။ လုံခြုံပြီး ခေတ်မီသောစတိုင်လ်မျိုး ပေါ့ပါးပြီး လှပသောစတိုင်လ်


www.burmeseclassic.com

www.burmeseclassic.com



[illegible] ရွယ်မှူးနှစ်သက်သည်။ မလုံမခြုံ မဝတ်တတ်ပါ။ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။

အိမ်နေရင်း ဂါဝန်ရှည်ကလေး တစ်ထည်ဝတ်ကာ မျက်နှာခြေလက်ဆေးဖို့ ပြင်၏။

သည်ညတော့ အပြင်မထွက်ချင်။

ရွယ်မှူး ဘာလို့ သည်လောက်ပင်ပန်းနေပါလိမ့်။ မနက်အစောကြီးကတည်းက တောက်လျှောက်အလုပ်တွေ လုပ်ခဲ့တာမရပ်မနား။

ဆံပင်ကလေးတွေကို ခေါင်းစည်းကွင်းပျော့ပျော့ကလေးနှင့် စုစည်းချည်နှောင်ထားလိုက်၏။

အခုတလောကလေးမှ ကောက်ထားသော ဆံပင်ကလေးကို အရမ်းမြတ်နိုးနေမိသည်။

ထိုဆံပင်ကောက်ကလေးက ရွယ်မှူးနှင့် လိုက်သည်ဟုထင်မိသည်။ လူတိုင်းကလည်း သိပ်လိုက်တာပဲဟု ပြောကြသည်။

ဆံပင်ပုံစံက မျက်နှာကို ပြောင်းလဲစေသည်။ နုသွားစေ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဆံပင်။ ရင့်သွားစေတာလည်း ဆံပင်။

ရွှယ်မူးက မှန်ညှိစလိုက်ဒရောကို တွန်းဖယ်ပြီး ဝရန်တာ ထွက်ဖို့ ပြင်ခိုက်မှာပဲ အသည်းပုံပန်းအိုးနှင့် ထည့်ထားသော ကြာပန်းအိုးကို မြင်ရသည်။ မရမ်းရောင် ကြာပန်းပွင့်သုံးပွင့် ပြီးတော့ ကြာဖူး ကြာခွက် ကြာရွက်များ ဝေဝေဆာဆာ စုံစုံလင်လင်ပါသော ကြာပန်းအိုးကလေး။

လှပသက်ဝင်ပြီး ကြည့်ရတာ စိတ်ချမ်းမြေ့အေးချမ်းသည်။ ထည်ဝါသည်။

မရမ်းပြာရောင် ကြာပန်းများ၏ စွဲဆောင်မှုကြောင့် ရွှယ်မူး ခြေလှမ်းတွေက ကြာပန်းအိုးအနီးကို ရောက်သွား၏။

လှပသော ကဒ်အနီရောင်ကလေးကို ဖြည်းဖြည်းညင်သာ ဆွဲယူဖတ်ကြည့်မိ၏။

"ဆရာဇင်ရဲအတွက် မွေးနေ့အမှတ်တရ"ဆိုပါလား။

ပြီးတော့ တိကျသောနေ့စွဲတစ်ခု။

ဟင်။



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူးက မျက်လုံးကလေးတွေ ရက်စွဲဆီမှာ စိုက်တန့် ငြိမ်သက်ကာ အံ့အားသင့်သွားရသည်။

အဲဒါ ရွှယ်မှူးမွေးနေ့ပါ။

ဘာလို့ မွေးနေ့ချင်းတူနေရတာလဲ။

ထိုစာရေးဆရာ၏ မွေးနေ့ကို ပိညွှက်က ဘယ်လိုလုပ်ပြီး သိနေပါလိမ့်။

အတွင်းကျကျ လေ့လာထားပါရောလား။

ဇင်ရဲ စာအုပ်ထွက်တိုင်း ဝယ်သိမ်းသည်။ အားလျှင် ထိုစာအုပ်တွေပဲ ပြန်ပြန်ဖတ်သည်။

ပိညွှက်က ဇင်ရဲ၏ အမာခံပရိသတ်တစ်ဦးပါ။ ကြာပန်း အိုးလေးကို သေချာကြည့်ပြီးပြီမို့ မတ်တတ်ရပ်မိတုန်းမှာ ပိညွှက် ရောက်လာ၏။

"အဟင်း...ဆရာဇင်ရဲအတွက် (ဘတ်ဒေးပရဲစင့်န်) မွေးနေ့လက်ဆောင်လေ၊ လှရဲ့လားဟင်"

"လှပါတယ်၊ အရမ်းလှတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွယ်မှူးက ခေါင်းညိတ်၏။

"သူ့မွေးနေ့ကို ဘယ်လိုသိတာလဲ၊ အင်တာဗျူး ဖတ်တာလား"

"ဟင့်အင်း…သူ့အင်တာဗျူးတွေ မပါပါဘူး၊ သူက စာပဲရေးတာ၊ လူသိခံတာမဟုတ်ဘူး"

"ဪ…ဪ ဟုတ်လား"

"သူ့စာအုပ်တွေ ဖတ်ရင်းနဲ့ သိလာတာပါ"

"သေချာလို့လား"

"သေချာတာပေါ့"

ဝတ္ထုထဲက နေ့စွဲတစ်ခုသည် စာရေးသူ၏ မွေးနေ့လည်း ဟုတ်ချင်မှဟုတ်မှာပါ။ ပုံသေယူဆလို့ရပါ့မလား။ ပိညှက်က ဘာလို့ ယုံကြည်နေပါလိမ့်။

"ရွယ်မှူး မသိပါဘူး၊ စာရေးဆရာဆိုတာမျိုးက သူ့ဘဝရဲ့ ပုံရိပ်တွေ စာထဲမှာ ထင်ဟပ်နေတတ်တယ်၊ ထည့်ရေးမိတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ပိညက်က ကြာပန်းအိုးလေးဘေးမှာ ထိုင်ချပြီး သဘောကျစွာ ကြည့်နေ၏။

"သူမွေးနေ့တင်မကဘူး သူ့မှာ မိန်းမမရှိသေးဘူး ဆိုတာရော၊ ပြီးတော့ သူက တစ်ခါအသည်းကွဲဖူးတာရော သိနေတယ်"

ရွှယ်မှူးက ပိညက်ကိုကြည့်ကာ အထူးအဆန်းဖြစ်နေမိ၏။ ဖင်ရဲစာအုပ်တွေ ကြိုက်မှန်း သိပေမယ့် သည်လောက်စွဲလမ်း ရူးသွပ်မှန်း မသိခဲ့ပါ။ တကယ့်ကို ဖင်ရဲခရေစီပါလား။

"သူက တစ်ခါတလေ မိန်းမ မကောင်းကြောင်း ပြောတတ်တယ်၊ သူတွေ့ဘူးတဲ့ မိန်းမတစ်ယောက် မကောင်းတာနဲ့ အားလုံးကို အတူတူလို့ မြင်ပြီး အမြင်စောင်းနေတာလေ"

ရွှယ်မှူးက ဖွဖွပြုံးပြီး ပိညက်နှင့် အတိုက်အခံမပြောတော့ပါ။ မယုံနိုင်အောင် ဖြစ်မိတာက အနုပညာရှင်တစ်ယောက်ကို ပရိသတ်တစ်ယောက်က နက်ရှိုင်းစွာ အသိမှတ်ပြုထားတတ်ပါလား ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ပိညွက်ဆို ဇင်ရဲအကြောင်း အကုန်သိသည်။ အကုန်စိတ်ဝင်စားသည်။ ဇင်ရဲကိုလည်း လေးစားသည်။

ရွှယ်မှူး ဆုံးဖြတ်မိတာက ရွှယ်မှူးလည်း ပရိသတ်ကို သည့်ထက် လေးစားဖို့ပါပဲ။

ပရိသတ်မေတ္တာကို ရွှယ်မှူး သိလာခဲ့ပြီ။ ပိညွက်ကို အနီးကပ်ကြည့်ပြီး သိသွားတာပါ။ အစကဆို ရွှယ်မှူးမွေးနေ့တိုင်း မွေးနေ့လက်ဆောင်ကလေးတွေ ရောက်လာတတ်တာကို သိပ်ဂရုမစိုက်မိခဲ့ပါ။ အလုပ်မအားတာရော အမှတ်တမဲ့ နေမိတာရော နှစ်မျိုးစလုံးပါပဲ။

ရွှယ်မှူးမွေးနေ့ဆို ချစ်စရာကောင်းသော အရုပ်ကလေးတွေ ချော့ကလက်တွေ ပန်းစည်းကလေးတွေ ရောက်လာတတ်ပါသည်။

သည်နှစ်မွေးနေ့မှာတော့ ပရိသတ်၏မေတ္တာကို တုံ့ပြန်ဂရုစိုက်ဖို့ ရွှယ်မှူး ဆုံးဖြတ်မိတော့သည်။

"ဘယ်လိုပေးရင်ကောင်းမလဲဆိုပြီး စဉ်းစားနေတာ၊ ဆရာ-ဇင်ရဲမွေးနေ့ရောက်ဖို့ ငါးရက်ပဲလိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာသွားပေးပေါ့"

"အိမ်လိပ်စာမှမသိတာ"

"ဒါက လွယ်ပါတယ်၊ စာအုပ်တိုက်ကို သွားမေးရင် ပြောပြမှာပဲ၊ စာရေးဆရာပဲ အိမ်လိပ်စာ ဝှက်ထားလို့မရပါဘူး ပြောရမှာပဲ"

"မျက်နှာချင်းဆိုင်ကြီး မပေးရဲပါဘူး၊ စာအုပ်တိုက်ကိုပဲ ပေးလိုက်မယ်"

"ရောက်တော့ ရောက်သွားမှာပဲ၊ စာအုပ်တိုက်နဲ့ စာရေးဆရာဆိုတာ အမြဲအဆက်သွယ်ရှိနေတာပဲ မဟုတ်လား"

"အင်း...ပေးချင်တာက သူ့စာအုပ်တွေဖတ်ပြီး သူ့ကို လေးစားသဘောကျလို့ပါ၊ မရိုးမသား မဟုတ်ပါဘူး၊ သူ့စာဖတ် ပရိသတ်တစ်ယောက်အနေနဲ့ပါ၊ တခြားသဘောမပါဘူး"

"ပိညွက်ရယ်...ဘယ်သူမှ ရိုက်မစစ်ဘူး"

ရွှယ်မွှားက စ,လိုက်တော့ ပိညွက်မျက်နှာကလေး ရဲခနဲ့ သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူသူမို့ ပါးပြင်လေးတွေ ရှက်သွေးကြောင့် နီရဲသွားတာ ထင်ထင်ရှားရှား မြင်ရပါသည်။

"အဲဒီလိုအထင်ခံရမှာ အကြောက်ဆုံးပဲ"

ပွင့်ပွင့်လင်းလင်း ပြောလာတော့သည်။

"ဆရာဇင်ရဲကလည်း ငယ်သေးတယ်၊ ပိညွက်ကို အထင်သေးမှာ ကြောက်တယ်၊ လူကို စိတ်ဝင်စားလို့ ချဉ်းကပ်ရင်းနှီးချင်တာမဟုတ်ဘူး"

"အင်းပါ...လိပ်ပြာသန့်ရင် ဘာမှဖြစ်စရာမလိုပါဘူး"

ရွှယ်မှူးက အားပေးရသည်။

"အခုတောင် သံချိုက တစ်မျိုးထင်နေတာလေ"

သူတို့ညီအစ်မက တည့်လိုက်မတည့်လိုက်ပါပဲ။

နှစ်ဆယ့်လေးနာရီ ပြည့်အောင် အစေးမကပ်။

စကားနှစ်ခွန်းသုံးခွန်းပြောမိတာနှင့် စပြီး ငြင်းခုံကြပါရော။ ဒါတွေ ရွှယ်မှူးတို့ သိပြီးသားပါ။

"သံချိုက ရှုံ့ချနေတာ ရှူးပေါ်ပေါ်အလုပ်တွေ၊ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



က နင့်ကို အသိအမှတ်ပြုမှာလဲတဲ့"

ဟုတ်လည်းဟုတ်သည်။

သံချိုက ပိညွက်ကို ရစရာမရှိအောင် ဝေဖန်အပြစ်တင်တာ။ သူက အဲဒါမျိုးတွေ အားမပေး။

"ပိညွက်ရယ်...ငါတို့လို ရွယ်မူးကို့လို အနုပညာအလုပ်လုပ်တဲ့လူတွေနဲ့ ဒီလောက်နီးစပ်နေပြီး နင့်မှာ အဲဒီလိုအတွေးမျိုးရှိတာ အံ့ပါရဲ့ဟယ်၊ ခေတ်မီစမ်းပါ။ စာရေးဆရာတစ်ယောက်က မိတ်ဆက်မိတ်ဖွဲ့တာမျိုးကို ဘယ်အလေးတနက်ထားပါ့မလဲ"

သံချိုက လက်တွေ့ဆန်သလောက် ပိညွက်က စိတ်ကူးယဉ်ဆန်သူ။

သူတို့နှစ်ယောက်ကြားမှာ ရွယ်မူး လုံးဝဝင်မပါ။ အသာကလေး ဘေးထွက်နေလိုက်သည်။

ပိညွက်ဘက် လိုက်ပြောလို့လည်းမဖြစ်။ သူငယ်ချင်းသံချိုက စိတ်ဆိုးဦးမှာ။ ပိညွက်က ခင်စရာကောင်းသော ညီမလေးတစ်ယောက်ပါ။ သံချိုပြောသလို ပစ်ပစ်ခါခါကြီး မပြောနိုက်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ဝင်မပါတာပဲ ကောင်းသည်။

သံချိုဘက်က ကြည့်ရင်တော့ ပီညှက်က များနေတာ။ သူ့ခံစားချက်နှင့်သူတော့ များတယ်မဆိုသာ။ အပြစ်တင်ရလည်း ခက်သည်။ ရွှယ်မှူးလည်း ထင်တာကတော့ သူ့မိတ်ဆက်စာကို သိပ်ပြီး အလေးထားမည်မထင်။

ဖုန်းမြည်သံကြောင့် ရွှယ်မှူးက မွေ့ရာဘက်ပြန်လှျောက်လာ၏။ ဟဲင်းနိဖုန်းက မြည်တာမို့ ဖုန်းနံပါတ်ကြည့်မိတော့ ရွှယ်မှူး၏ အိမ်က ဖြစ်နေပါသည်။

"ဟဲလို"

"မမလား"

ညီမလေး ရွှယ်စူး၏ အသံမှန်း သိလိုက်တာမို့...

"ဘာလဲငယ်လေး ပြော" ဟု မေးမိ၏။

"ဒီည ပြန်လာမလားတဲ့ မေမေက"

"မလာတော့ဘူးဟာ၊ အရမ်းပင်ပန်းလို့ အကတိုက်စရာ ရှိတာတောင် ဖျက်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမနေမကောင်းဘူးလား"

"အင်း…ဖျားချင်သလိုပဲ"

"ဆေးသောက်လိုက်ဦး၊ သန်ဘက်ခါ မမတို့ လိုက်ရှိုး ရှိတယ်မဟုတ်လား"

ငယ်လေးက စိတ်ပူပြီး သတိပေးစကားဆို၏။

"အေးပါ၊ သောက်မှာပါ၊ မေမေက ကိစ္စရှိလို့လား"

"အင်း"

"ဒါဆို မေမေနဲ့ပြောမယ်လေ"

"မမရွှယ်မူးလာမှ ပြောမယ်တဲ့"

"အင်းလေ…ဒါဆိုလည်း နောက်နေ့ လာခဲ့မယ်"

"ခဏနေပါဦး၊ ငယ်လေး ပြောစရာရှိတယ်"

"ပြောလေ ဘာလဲ"

"အဟင်း…ဟင်း…ဟင်း"

ငယ်လေးက စပ်ပစ်ချွဲချွဲကလေး ရယ်သည်။

သည်ရယ်သံကို အလွတ်သိနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံလိုလာလျှင် ရယ်တတ်တာ။

"ငယ်လေးဆိုင်ခန်းက တစ်နှစ်စာပိုက်ဆံ သွင်းရတော့ မယ် မမရဲ့၊ ငယ်လေးက ဟိုတစ်ပတ်ကပဲ ပစ္စည်းထွက်ဝယ်ထား တော့ မရှိဘူးဖြစ်နေတယ်လေ၊ မမ အဲဒါ ခဏစိုက်ပေးထားပါ"

ရွှယ်မွှားက တစ်ချက်ပြုံးမိ၏။

ခဏစိုက်ပေးထားဆိုပေမယ့် ပြန်ရဖို့က မသေချာ။ ပြန်ပေး ရင်လည်း ပေးလိမ့်မည်။ မပေးရင်လည်း ပြန်တောင်းဖို့မလွယ်။ သည်လိုပါပဲ။ ဘာအတွက်ပဲ ငွေလိုလို ရွှယ်မွှားကပဲ စိုက်ထုတ်ပေး ရတာ။ မိသားစုဆိုတော့လည်း ငြင်းလို့မရ။

"နော်...မမ၊ ဖြစ်တယ်မဟုတ်လား"

"ဘယ်လောက်လဲ"

"ဆယ့်နှစ်သိန်းလေ"

ပင့်သက်တစ်ချက်ရှိုက်ကာ...

"အင်းလေ...မနက်ဖြန် အိမ်လာမှ ပြောတာပေါ့၊ မေမေ က တွေ့ချင်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း...ငယ်လေး အရင်ပြောထားတာနော်"

"အေးပါ"

ရွှယ်ရူးစကားက ဘယ်လိုပါလိမ့်။ ငယ်လေး အရင်ပြောတာဆိုတော့ နောက်ထပ်ဘယ်သူက ဘာပြောဦးမှာလဲ၊ မေမေလား၊ ကိုကိုလား။

"ဒါပဲနော်...ဒါပဲ"

ရွှယ်ရူးက သူပြောချင်တာ ပြောပြီးပြီမို့ ဖုန်းချသွား၏။

ရွှယ်မူးက ဖုန်းကလေးကိုကိုင်ပြီး ဝရန်တာ ထွက်ရပ်နေမိသည်။

တစ်ခါတလေတော့လည်း ချစ်ခဲ့ဖူးသူတစ်ယောက်ကို တမ်းတမ်းတတ ဖြစ်မိ၏။

ဟိုတုန်းကတော့ သွေးပူနေတော့ ခွင့်လွှတ်လို့မရခဲ့။ အခုတော့လည်း တဖြည်းဖြည်း နားလည်ပေးနိုင်လာသလိုပါ။

ငွေသည် လူသားတို့၏သခင်လား။

ငွေကြောင့် အရာရာ ပြောင်းလဲရသည်။



www.burmeseclassic.com

www.burmeseclassic.com


အပြစ်တင်ရလည်း ခက်ခက်လာတယ် သတိုးရယ်။ ငွေမျက်နှာကို ကြည့်တတ်တာ သတိုးရဲ့ မှန်ကန်တဲ့ရွေးချယ်မှု ပါပဲလား။ ပါးနပ်မှုပဲလား။

ပိုက်ဆံနှင့် ပတ်သက်လို့ အခက်အခဲရှိလာတိုင်း စိတ်အနှောင့်အယှက် ကြုံလာတိုင်း မျက်စိထဲမြင်မိတာ သတိုးရဲ့ ပြုံးနေတဲ့မျက်နှာ။

သတိုးလုပ်သွားတာ မှန်ကန်ရဲ့လား။

သတိုးအောင်ဆိုသော ရွယ်မှူးချစ်သူက သစ္စာနှင့် ပိုက်ဆံနှစ်ခုယှဉ်ရွေးဆို ပိုက်ဆံကိုရွေးမယ့်သူ အချစ်နဲ့ပိုက်ဆံ နှစ်ခုရွေးဆို ပိုက်ဆံကို ရွေးမယ့်သူ။ သူက ပိုက်ဆံတစ်မျက်နှာပဲ ဂရုစိုက်တတ်သူပါ။ သူ့ကိုယ်သူလည်း ဝန်ခံထားပါသည်။

ကိုယ်ကတော့ 'အိုင်ဝင်န့်မန်းနီး(I want money) တဲ့။ ငွေပဲလိုအပ်ပါသတဲ့။

တစ်နေ့တခြား ရွယ်မှူး နားလည်လာမိတာက သတိုး မမှားဘူးဆိုတာပဲ။ သတိုးက မန်းနီး(ငွေ)ကို (choice)ရွေးချယ်


www.burmeseclassic.com

www.burmeseclassic.com



ချော့ချယ်ခဲ့တာပါ။

လက်ထဲကိုင်ထားသော ဟဲင်းနဲ့ဖုန်းကလေး မြည်လာတော့ ရွှယ်မှုး အတွေးစပြတ်ကာ ဖုန်းနံပါတ်ကို ကြည့်မိ၏။ အိမ်က ခေါ်တာပါပဲ။

"ဟဲလို"

"သမီးကြီးလား"

"ဟုတ်…မေမေ"

မေမေ့ဆီကဖုန်းမို့ ရွှယ်မှူး တလေးတစား ထူးမိပါ၏။ သည်နေ့မလာဖြစ်တာပါ ပြောပြသည်။

"သမီးကြီးရေ"

"ရှင်…မေမေ"

"ဖုန်းဆက်ခိုင်းတာက မေမေ၊ သမီးညီမက မေမေ့ကို လူလည်ကျသွားတာလေ"

"ဟုတ်လား"

"မေမေက မနက်ဖြန် ပေးစရာလေးတစ်ခုရှိလို့ ငွေနည်း



www.burmeseclassic.com

www.burmeseclassic.com


နည်းလိုတာနဲ့ သမီးဆီ ဖုန်းဆက်ခိုင်းတာကို အငယ်မက ကြားဖြတ်ပြီး သူလိုတာ သူ့အရင်ပြောသွားတာကွဲ၊ သူက ကြော်ငြာဝင်တာ"

ရွှယ်မူးက မေမေ့စကားကို ရယ်မိ၏။

မေမေက သမီးတွေနှင့်အပြိုင် ခေတ်မီသူပါ။ ပြောတော့လည်း ခေတ်စကားလုံး အင်္ဂလိပ်တော့လည်း မကျန်ရစ်ဘဲ ညီအစ်မတွေလို့ ထင်ရလောက်အောင် နုပျိုသွက်လက်၏။

"သမီးမှာရှိရဲ့လား"

မေမေကတော့ အမေပီသစွာ လက်ထဲရှိမရှိ အရင်ဦးဆုံး မေးတတ်ပါ၏။

"ဘယ်လောက်မို့လို့လဲ မေမေ"

"ပါးပါးပါပဲ၊ ဆယ်ခုလောက်၊ မနက်ဖြန်ချိန်းထားပြီးသား ဖြစ်နေပြီ၊ မေမေက ပစ္စည်းကလေးကြိုက်တာနဲ့ ဝယ်လိုက်တာ၊ လက်ရာကလေးလည်း သန့်တယ်၊ ငယ်လေးဆီမှာရှိလိမ့်မယ် ထင်ထားတာ၊ ဒီကောင်မလေးက မရှိဘူးတဲ့၊ သူ့ဆီက ဘယ်တော့မှ လှည့်လို့မရဘူး၊ အမြဲလိုနေတာပဲ၊ သမီးကြီးပဲပေးရတာ များတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူးက မေမေ့ကို အငြင်းစကားမဆိုချင်။ မေမေ့ဆန္ဒကို ခေါင်းမခါရက်ပါ။ မေမေက သူကြိုက်တာလေး ဝယ်ထားပြီး ပြီမို့ ကျန်သည့်ပိုက်ဆံကို ရွှယ်မှူးက ဘယ်လိုပဲဖြစ်ဖြစ် ရှာပေးရတော့မှာပါ။ မေမေ ရွှယ်မှူးဆီက ပိုက်ဆံတောင်းတိုင်း ရွှယ်မှူး မငြင်းရက်ပါ။ လက်ထဲမရှိလည်း ရှာကြံပေးစမြဲပါ။ တစ်လောကလုံးမှာ သည်အမေကိုတော့ ရွှယ်မှူး ဘယ်တော့မှ ခေါင်းမခါချင်။ အမေကတောင်းလာလျှင် ပေးကိုပေးနိုင်ရမည်။

"ရွှယ်မှူး မနက်ဖြန်လာခဲ့မယ်လေ၊ မေမေ ဘယ်အချိန်ချိန်းထားလို့လဲဟင်"

"ညနေပိုင်းမှပါသမီးရဲ့"

"ဟုတ်ကဲ့···သမီးလာမှယူလာခဲ့ပါ့မယ်"

"အေးကွယ်···အေး···အေး"

မေမေက ရွှယ်မှူး နေကောင်းရဲ့လား ဘာညာမေးသည်။ သောက်ဖို့ဆေးတွေ ပြောတာလည်း လေးငါးဆယ်မျိုး။ မေမေ့သမီး ဆေးကြောက်တတ်တာ မေမေလည်း သိသားပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့များ ဆေးအမည်တွေ ပြောပြနေရတာလဲ။ မေမေက လက်ထဲ အရောက်ထည့်ပေးလျှင်တောင် အသာကလေး အိပ်ရာဘေး ချထား တတ်သူပါ။

"ရွှယ်မွှား သောက်မှာလည်း မဟုတ်ပါဘူးမေမေ"ဟု ငယ်လေး လှမ်းပြောတာ ကြားရသည်။

"မေမေရေ…ဆေးဆိုင်ဖွင့်လို့ရတော့မယ်"

ရွှယ်မွှားက မေမေ့ကို ရယ်သံတစ်ဝက်နှင့် ဆိုမိ၏။

"ရောဂါဆိုတာ မွေးမထားရဘူး"

"အင်း…သိပါပြီ"

ရွှယ်မွှားက ဆေးကြောက်တတ်သူမို့ မေမေက ကလေးတွေ စားသော ဆေးအပျော့စားလေးတွေ တိုက်တတ်၏။

မေမေ ဆေးဆိုင်မှာ ဆေးသွားဝယ်လျှင် ကလေးပေါက်စန လေး ရှိသည်ပဲ ထင်တတ်ကြတာပါ။

ချောင်းဆိုးပျောက်ဆေးဆိုလည်း အရည်ကလေးမှ။ အဖျား ကြေဆေးဆိုလည်း ကလေးတွေသောက်ရသောဆေး အပျော့စား



www.burmeseclassic.com

www.burmeseclassic.com



လေးမှ။ ဆေးပြင်းပြင်းတွေဆို လုံးဝမသောက်နိုင်။ ခေါင်းမူးတတ်ပါသည်။

မမမေကတော့ ရွှယ်မူးအကြောင်း အသိဆုံးပါ။ ညီမလေး ရွှယ်စူးက ဆေးတိုက်ရမခက်။ ဘာဆေးလာလာ သောက်ဆို ချက်ချင်းသောက်ပြီးသား။ ဆေးလုံးကလေးတွေကို ပဲလှော်များ မှတ်နေသလားမသိပါ။ ဘာမှမဖြစ်ဘဲလည်း ဆေးတွေသောက်နေတတ်သည်။ စီဗစ်(CEVIT)၊ ဖောလစ်အက်အစ်(FOLIC ACID)၊ ဖြူရာမင်းဘီစီ၊ ပြီးတော့ ဗီတာမင်အီး(VITAMIN E)၊ ဒိုင်ဂျင်းတို့ပါရာစီတမောတို့လည်း အမြဲသောက်သည်။ မနက်မုန့်စားပြီးတာနှင့် ဘားပလက်အားဆေးလည်း သောက်စေချင်တာမို့ ကလေးတွေသောက်ရန် ထုတ်ထားသော ဘားပလက်အားဆေးအရည်ကလေး မှန်မှန်ဝယ်ပေး၏။ သောက်တစ်ရက် မသောက်တစ်ရက်နှင့် ရွှယ်မူးက သိပ်ဂရုမစိုက်။

"အလကားနေရင်း ဆေးတွေမသောက်စမ်းပါနဲ့ ငယ်လေးရယ်"ဟု တားမြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်လို့သောက်တာပေါ့"

"မလိုအပ်ပါဘူး၊ ဘာဖြစ်နေလို့လဲ"

"ကြိုသောက်ထားတော့ ကောင်းတာပေါ့"

"ဘာကောင်းတာလဲ"

"ကောင်းတာတွေ ရှင်းပြရရင် အများကြီး၊ မမရွှယ်မှူး နားမလည်ပါဘူး"

ငယ်လေးက သူ့ဆုံးဖြတ်ချက်နှင့်သူ သောက်စမြဲပါ။ ရွှယ်မှူးက ဘာဆေးမှမသောက်။ ဆေးဆို မုန်းလွန်းလို့ ဘာဆေးမှ ဆောင်မထား။

ခေါင်းကိုက်တာတို့ ကိုယ်လက်ကိုက်ခဲတာတို့ဆို အိပ်ရာ ပေါ်ခွေပြီး တစ်ဝအိပ်ပစ်လိုက်လျှင် ပျောက်သွားရော။ ငယ်လေးလို ဆေးမသောက်ဖြစ်ပါ။

ငယ်လေးက နည်းနည်းလေး မအီမသာဖြစ်တာနှင့် ဆေး တွေ တန်းစီသောက်ပါလေရော။

ခေါင်းမူးတာနှင့် ဘီစစ်သောက်ပြီး ရှုဆေးပူးတာရှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရဆိုးသည်။

ခေါင်းကိုက်ပလပ်စတာဆိုလည်း နားထင်မှာ ကပ်ရတာ စတိုင်လ်တစ်မျိုး ထင်နေသလား မသိပါ။

ရှယ်မှူးနှင့် ရှယ်ရူး အဲဒီနေရာမှာတော့ ဆန့်ကျင်ဘက်ပါပဲ။ ရှယ်မှူးက နည်းနည်းပါးပါးလောက်ဆို ဆေးမသောက်လည်း ပျောက်အောင်နေထိုင်တတ်သူပါ။ နှာစေးချောင်းဆိုးလာလျှင် နွေးနွေးထွေးထွေးနေပြီး ရေနွေးပူပူသောက်တာမျိုး အစာမကြေ အော့အန်ချင်လျှင် လမ်းများများလျှောက်ပြီး နွားနို့တို့ ရေတို့ များများသောက်ပစ်တာမျိုး။ ဖျားချင်လာလျှင် ဟိုဟိုဒီဒီ လျှောက်သွားကာ ရောဂါကို လစ်လျူရှုပြီး နေပစ်တာမျိုး။

အမျိုးမျိုးပါပဲ။

ရှယ်မှူး၏ ကုသနည်းက ရှယ်မှူးတစ်ယောက်တည်း အတွက်ပါ။ တခြားသူအတွက် အကျုံးမဝင်။

ခေါင်းတဆစ်ဆစ် ထိုးကိုက်လာပြီဆို အခန်းတံခါးပိတ် မီးမှိတ်ကာ တိတ်ဆိတ်မှောင်ကျသော အခန်းထဲမှာ ခေါ်မှေးနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မောပန်းနုံးခွေပြီး လန်းလန်းဆန်းဆန်းမရှိလျှင် စံပယ်ပန်းတွေ နှင်းဆီပန်းတွေ အများကြီးဝယ်ကာ အခန်းထဲမှာ အိပ်ရာဘေးမှာ ချထားပြီး တစ်ဝကြီးရှူရှိုက်ကာ လန်းဆန်းအမောပြေစေသည်။

မေမေနှင့် ဖုန်းပြောပြီးသောအခါ ရွှယ်မှူးက အခန်းထဲပြန်ဝင်လာပြီး ကက်ဆက်တိုးတိုးကလေး ဖွင့်၏။

သီချင်းကြိုက်တာ ရွှယ်မှူး၏ ပင်ကိုယ်စိတ်။ သီချင်းတွေနှင့် ပျော်မွေ့သည်။ သီချင်းနားထောင်ရတာ ဂစ်တာတီး သီချင်းဆိုရတာ ပျော်သည်။ ကျေနပ်သည်။ အလိုချင်ဆုံးက အဆိုတော်ဘဝပါ။ ထိုဘဝကို ရွှယ်မှူး ပိုင်ဆိုင်ခဲ့ပါပြီ။

သီချင်းတွေ ချစ်သော ရွှယ်မှူးကို သီချင်းတွေ ခံစားတတ်သည့် ပရိသတ်က ခိုင်ခိုင်မာမာ အားပေးပါသည်။ ပရိသတ်က ပေးသော အားအင်တွေနှင့် ရွှယ်မှူး မားမားမတ်မတ် ရပ်တံ့လာသည်။

ပရိသတ်၏ အားပေးမှုသည် ရွှယ်မှူးအတွက် ယုံကြည်မှုကို ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အစတုန်းကတော့ ကိုယ့်ကို ပရိသတ် အဲဒီလောက် အားပေးချစ်ခင်လိမ့်မည် မထင်ခဲ့ပါ။

အစပထမမှာတော့ မယုံမရဲနှင့် စမ်းတဝါးဝါး။

“ရွှယ်မှူး”

“ဟင်”

သီချင်းနားထောင်နေသော ရွှယ်မှူးဘေးနားကို ပိုညွက်က ရောက်လာ၏။ ပိုညွက်မျက်နှာကလေးက တစ်ခုခုပြောချင်သလို လေးနက်နေ၏။

“ဘာလဲပိုညွက် ပြောလေ”

“ဟိုလေ...အကူအညီတောင်းမလို့”

“ဘာများလဲ”

ရွှယ်မှူးက သီချင်းစာမေးမိ၏။

“ပိုညွက်ကိုယ်စား အဲဒီပန်းအိုးကလေးကို စာရေးဆရာ ဇင်ရဲဆီ ပေးပေးပါလား”

“ရွှယ်မှူးက”

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို လက်ညှိုးထိုးကာ မေးမိ၏။

"ငါ"

ရွယ်မှူး ဘာပြောရမှန်းမသိ ဖြစ်သွား၏။

"ပိညွက်မပေးရဲရင် သွားပေးပေးမယ်လေ"

"မဟုတ်ဘူး"

"ဟင်"

"ရွယ်မှူး ပေးသလိုပဲ ပေးပေးပါ"

"အဲ"

ရည်ရွယ်မှူး ဘာပြောရမှန်းမသိအောင် ထစ်ငေါ့သွား၏။

"ရွယ်မှူးက အဆိုတော်မဟုတ်လား၊ ရွယ်မှူးက ပေးတာဆို သူပိုပြီး လေးလေးနက်နက် သတိပြုမိမယ်လေ၊ အဲဒါကြောင့်ပါ"

"စဉ်းစားပါဦး၊ သူသတိပြုမိမှာက ရွယ်မှူးကိုလေ၊ ပိညွက်ကိုမဟုတ်ဘူး၊ ပိညွက်ပြောသလို အဆိုတော်ဆိုပြီး အသိမှတ်ပြုမိနိုင်တယ်ဆိုရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပိညှက် ကျေနပ်ပါတယ်"

ရည်ရှယ်မှူး နားမလည်ပါ။ ပိညှက်ဖြစ်ချင်... ဘာလဲ။ ပိညှက်ပြောနေတာ ဘာအဓိပ္ပာယ်လဲ။

"ဆရာဇင်ရဲ့နဲ့ သိက္ခမ်းခင်မင်သွားရင် ပိညှက် ဝမ်းသာမှာပဲ၊ သူ ဒီအိမ်ကိုလာလည်ရင် စကားတွေအများကြီး ပြောလို့ရပြီ"

ရှယ်မှူးက ဖွဖွပြုံးသည်။

"အကြံအစည်ကြီးလိုက်တာ၊ ပိညှက်ရဲ့ဆရာဇင်ရဲက ရှယ်မှူးကို ခင်ချင်မှ ခင်မှာပေါ့၊ အပိုင်မတွက်နဲ့လေ၊ လွယ်ပါ့မလား"

"ပိညှက်သက်စာရင်တော့ ရှယ်မှူးကို စိတ်ဝင်စားမှာ အမှန်ပါပဲ။ ရှယ်မှူးက အဆိုတော်လေ၊ အနုပညာသမားအချင်းချင်း ဆိုတော့"

သူ့တွက်ကိန်းနှင့်သူတော့ သေချာနေ၏။

"နော်...ရှယ်မှူး ပေးပေးပါ"

ရည်ရှယ်မှူးက ငြိမ်သက်စဉ်းစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်ထားပြီးသားဖြစ်နေပြီ ပေးမယ်လို့လည်း ရည်ရွယ်ထားပြီးပြီ"

ပိညွက်က အရမ်းပဲ ဆန္ဒပြင်းပြနေ၏။

ရွယ်မှူး မငြင်းရက်အောင်ပါပဲ။

ပြီးတော့ ရွယ်မှူးက ရင်မခုန်တတ်တော့ပါ။ နှလုံးသားက အေးစက်စက်ဖြစ်ကာ နေပါပြီ။

ဘယ်သူ့ကြောင့်မှ အသက်ဝင်လှုပ်ရှား လန်းနိုးလာမှာမဟုတ်တော့ပါ။

"သံချိုကို သွားမပြောနဲ့နော်၊ အသည်းအသန် ကန့်ကွက်မှာသိလား၊ သူ့ကိုတိုင်ပင်ရင် လုံးဝသဘောတူမှာမဟုတ်ဘူး၊ သူက ဆရာဇင်ရဲကို ကြည့်မရဖြစ်နေတာလေ၊ မပြောချင်ဘူး"

ပိညွက်က သံချိုကို စကားမစဖို့ တစ်ခါတည်း ပိတ်လိုက်၏။ ရွယ်မှူးက မျက်ဆံနက်ကလေးရွေ့ကာ ရွေ့ကာ စဉ်းစားကြည့်မိ၏။

"တော်ကြာ စာရေးဆရာကို လိုက်ကြိုက်တဲ့အဆိုတော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နာမည်ကြီးနေပါဦးမယ် ပိသုက်ရယ်"

ပိသုက်က သဘောကျစွာရယ်သည်။

"အဲဒါမျိုးပဲ ဖြစ်စေချင်တာ"

"ဟောတော့"

"အဲဒါမှ ဆရာဇင်ရဲ ထိသွားမှာပေါ့"

ကလေးတွေးလေးနှင့် ရိုးသားရှာသူကို ရွယ်မှူးဘာပြော ရမလဲ။ သူက ရွယ်မှူးအတွက် လုံးဝထည့်မစဉ်းစားပါ။ သူဖြစ်ချင်တာပဲ ရှေ့တန်းတင်လိုက်၏။

"ဒီတစ်ခါပဲ့ ကူညီပါနော်"

"အင်း...တစ်ရက်တော့ စဉ်းစားမယ်နော်"

ပြင်းပြသော ဆန္ဒတစ်ခုကို သူကဖြည့်ဆည်းပေးချင်ပါသည်၊၊ သူ့ကို အလွန်အကျွံ မထိခိုက်ဘူးဆိုပါရင်။

"ဘာလဲ မမရွယ်မှူးက ဂျာနယ်တွေထဲ ပါလာမှာစိုးလို့လား။ ဆရာဇင်ရဲက ကြွားတတ်တဲ့သူမဟုတ်ပါဘူး၊ စိတ်ချပါ"

လူချင်းမသိဘူးပဲ ပိသုက်က ဆရာဇင်ရဲ၏ စိတ်နေကိုကို



www.burmeseclassic.com

www.burmeseclassic.com



သိနေပြန်သည်။

"အင်းလေ…ဒါပေမယ့် နာမည်ပိုကြီးအောင် 'ဖွ'ချင်လည်းဖွမှာပေါ့၊ ရွယ်မှူးဆီက လက်ဆောင်ရောက်လာတယ်ဆိုပြီး"

အခုမှပဲ ပိညွက်က တွေးပေးဖော်ရတော့သည်။

"ရွယ်မှူး ဆုံးဖြတ်ပြီးမှ ကူညီပါ၊ အရမ်းခက်ခဲနေတယ်ဆိုရင်လည်း ရပါတယ်၊ အမြန်ချောနဲ့ ပို့ပေးမယ်"

ရွယ်မှူးက ခေါင်းတစ်ချက်ညိတ်ကာ…

"မနက်ဖြန်ညမှ ဆုံးဖြတ်တာပေါ့"ဟု ဆိုလိုက်၏။ ရွယ်မှူးက ဘယ်သူ့ဘာထင်မလဲ သိပ်ပြီး တွေးတောတတ်သူမဟုတ်ပါ။ အဲဒါတွေ ခေါင်းရှုပ်ခံပြီး မစဉ်းစားချင်။

ပိညွက်ပြောသော စာရေးဆရာက ဘယ်လိုထင်မလဲ။ သူဘယ်လိုထင်ထင် အရေးမကြီး။ ရွယ်မှူးမှ သူ့ကို ကြိုက်မနေတာ။ သူ့စာအုပ်တွေကို တသသဖတ်ပြီး သူ့ကို လေးစားနေတာလည်းမဟုတ်။ ပိညွက်စိတ်ချမ်းသာအောင်လို့သာ ပေးပေးရမှာ။ ပိညွက်အတွက် ခက်ခဲနေတာကို ဖြေရှင်းပေးချင်တာပါ။ ပိညွက်က



www.burmeseclassic.com

www.burmeseclassic.com



သိပ်လေးနက်နေတော့ ရှေ့တိုးဖို့ အင်အားမရှိ။ ဒါကို အရမ်းနားလည်ပါသည်။

လူတစ်ယောက်အပေါ် လေးနက်လာရင် အရှုံးကြီးရှုံးရတော့တာပဲ။

ရွယ်မှူး ဘယ်သူ့အပေါ်မှ မလေးနက်ချင်။ အေးအေးချမ်းချမ်းပဲ နေသွားချင်ပါသည်။

"ဟော့...ဘာတွေတိုင်ပင်နေတာလဲ၊ တိုးတိုး တိုးတိုးနဲ့ပြော"ဟု အနားရောက်လာသော ပြုံးရည်က မေးပါသည်။ ပိညွှက်က မျက်နှာကလေးပျက်ပြီး ဘာမှမဟုတ်ဘူးဟု ညာလိုက်၏။

ရွယ်မှူးက နှုတ်ခမ်းစေ့ပြုံးကာ နေမိသည်။

ပြုံးရည်မေးတာကို မဖြေတာပဲကောင်းပါသည်။

ညာလည်း မညာချင်။

ဘာမဟုတ်တာလေးကို ညာရတာမတန်။

အမှန်တိုင်းပြောလို့ကလည်း မဖြစ်။ ပိညွှက်က မပြောစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်။ သံချို သိသွားမှာစိုးရိမ်တာပါ။

"ခွဲခြားခွဲခြား မလုပ်ပါနဲ့၊ ဒီလူနဲ့ ဒီလူပဲရှိတာ"

ပြုံးရည်စကားကြောင့် ပိညွက်က မျက်လုံးကလေးဝိုင်းကာ ဖြေရှင်း၏။

"ခွဲခြားခွဲခြားလုပ်တာ မဟုတ်ပါဘူး၊ ဘာမှလည်း မဟုတ်ပါဘူး၊ ပြောပြလို့မဖြစ်လို့ပါ"

"ထားပါတော့ မဖြစ်ရင်လည်း မမေးပါဘူးနော်"

ပြုံးရည် မျက်နှာက မချိုမချဉ်။ သူသိခွင့်မရတာကို မကျေနပ်။

သံချိုညီမလေး ပိညွက်က ရွယ်မှူးကို အရမ်းခင်သည်။ ပြုံးရည်နှင့် 'သစ်'ကို သိပ်မခင်။ တစ်ခန်းထဲ အတူတူနေတာကြောင့် ပိုခင်သွားတာလည်း ဖြစ်ချင်ဖြစ်လိမ့်မည်။

သစ်နှင့်သံချို ပြီးတော့ ပြုံးရည်က တစ်ခန်းတည်းနေကြတာပါ။ ရွယ်မှူးတို့၏ ဘလက်ဒိုင်းမွှန်းအဖွဲ့ကလေးမှာ ရွယ်မှူးရယ်၊ သစ်ရယ်၊ ပြုံးရည်ရယ်၊ သံချိုရယ် လေးယောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြုံးရည်ရယ်…အလကားပါ၊ ရွှယ်မှူးက ပိသွက်ကို သီချင်းဆိုပါလား တိုက်တွန်းနေတာပါ၊ ပိသွက်က မဆိုချင်ဘူးတဲ့လေ၊ သန်ဘက်ခါ Live Show ရှိတယ်မဟုတ်လား၊ ပိသွက်ကို လိုက်ခဲ့ပါလား စင်ပေါ်တစ်ခါလောက် တက်ပြီး ဆိုကြည့်ပါလား လို့ တိုက်တွန်းနေတာပါ"

"ဩော်…ဒါလား"

ရွှယ်မှူးစကားကို ပြုံးရည်က ယုံသွားသည်။

"ပိသွက်အသံလေးက နားထောင်ကောင်းပါတယ်"ဟု ဝေဖန်အကြံပေး ချီးမွမ်းလာ၏။

"သံချိုနဲ့ ညီအစ်မနှစ်ယောက် တစ်ပုဒ်လောက် ဆိုကြည့်ပါလား"တဲ့။

ပိသွက်က နှာခေါင်းလေးရှုံ့ပြီး ခေါင်းခါသည်။

"မဆိုချင်ပါဘူး"

"ဒါဆို ရွှယ်မှူးနဲ့ဆို"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ပိညွက်က သူတို့အဖွဲ့ကို အားမကျပါ။ အထင်လည်း မကြီး။ သီချင်းဆိုတာလည်း ဝါသနာမပါ။ ဘာသိဘာသာ သီးသန့်နေတတ်သူကလေးပါ။

ရွှယ်မှူးကလည်း ဘာလို့မှန်းမသိ သံချို၊ ပြုံးရည်နှင့် သစ်ထက်ပိုပြီး ပိညွက်ကို ခင်မင်သည်။ သည်လိုဖြစ်ရတာ တစ်ခန်းထဲအတူတူနေမိတာကြောင့်များလား မသိပါ။ အိမ်မှာ မေမေ၊ ကိုကိုနှင့် ညီမလေးတို့နှင့် မနေဘဲ သည်ခြံသည်အိမ်ထဲမှာ အုပ်စုဖွဲ့ပြီး လာနေရတာ ပိုအဆင်ပြေသည်။

ဝါသနာတူ ရွယ်တူချင်းမို့ အုပ်စုဖွဲ့နေရတာ အရမ်းပျော်စရာကောင်းလှ၏။

သူငယ်ချင်းသုံးယောက်ကို ခင်တာမှန်ပေမယ့် သူငယ်ချင်း၏ ညီမ ပိညွက်ကို ရွှယ်မှူးက ပိုရင်းနှီးသည်။ ကိုယ့်ညီမ ရွယ်စူး ထက်ပင် ပိုပြေလည်သည်။ အတွေးအခေါ်ချင်း နီးစပ်တာပဲလား မသိ။

"ပိညွက်က သီချင်းမဆိုချင်ပါဘူး၊ ကဗျာရေးတာတို့



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆွဲတာတို့မှ ပိုဝါသနာပါတယ်"

"ဗျှင်းစရာကြီးပါပဲဟယ်"

ဖြိုးရည်က လက်ခါပြသည်။

သံချိုနှင့် သစ်ပါ အနားရောက်လာတော့ စကားဝိုင်းက လေးက ပိုပြီးစိုပြေလာသည်။

အားလုံးစုပြီး စကားပြောကြပြီဆို ရွှယ်မှုးက နားထောင်သူပါ။ ပိညွက်က အဲဒီလိုမျိုးကျတော့ အားလုံးစိတ်ဝင်စားမည့် အကြောင်းအရာကို ဆွဲထုတ်လာပြီး ပြောတတ်ပါသည်။ တခြား စကားတွေသာ အများကြီးပြောနေပေမယ့် ဆရာဇင်ရဲ့အကြောင်း တစ်ခွန်းတလေမှမပါ။ ပိညွက်က လျှို့ဝှက်သိုသိပ်သည်။

တမင်မပြောဘဲ ထားတာလည်း ဟုတ်ချင်မှဟုတ်မည်။

သံချိုက ရှုံ့ချတတ်လွန်းလို့ မဟာရဲတာလည်း ဖြစ်လိမ့်မည်။ အားလုံးရှေ့မှာ သံချို ဆူပေါက်တာကို ပိညွက်က ခံချင်မှာမဟုတ်။ ညီအစ်မချင်းဆိုပေမယ့် အဲဒီလိုလူရှေ့မရှောင် သူ့ရှေ့ မရှောင် အော်ပေါက်တတ်တာ ရှုံ့ချတတ်တာကို ပိညွက်က မခံချင်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ပိညွက်၏စိတ်သဘောထားကို ရွယ်မူးက နားလည်သည်။

အဲဒီလို နားလည်လို့လည်း ဆက်ဆံရေးက ပြေလည်တာ။

"ဆံပင်ရှည်လွန်းတာက အန္တရာယ်ရှိတယ်၊ ခုံမှာထိုင်ရင်းလည်း ဆံပင်က ညှပ်နေပြီး ထလို့ လွယ်လွယ်မရဘူး၊ အရမ်းရှည်ရင် ထိန်းသိမ်းရခက်တယ်၊ ကိုယ်တိုင်က မြတ်နိုးပေမယ့် မနာလိုသူတွေက ကြည့်မရဖြစ်တတ်တယ်"

"အင်း"

ပိညွက်ပြောသော စကားများကို အားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။

"ဆံပင်ရှည်ကြီး နမြောစရာပေါ့နော်"

"မီးလောင်သွားရင် မထားကောင်းဘူး၊ ညှပ်ပစ်ရမှာပေါ့၊ ဘယ်လောက်ပဲ မြတ်နိုးမြတ်နိုး"

"ပြုံးရည်ကြားဖူးတာက ပန်ကာထဲ ဝင်သွားတာလေ၊ အဲဒါလည်း အန္တရာယ်အရမ်းများတယ်"

"နောက်ပြီးရှိသေးတယ်၊ ဟုတ်မဟုတ်တော့ မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ညကြီးမိုးချုပ် ဒါမှမဟုတ် ညနေ နေဝင်ချိန်မှာ ဆံပင်အရှည်ကြီး ဖြန့်ချထားရင် သရဲကပ်တတ်တယ်တဲ့၊ မကောင်းဆိုးဝါး ဝင်ပူးရတယ်ဆိုပဲ"

ကြားဖူးသမျှတွေ အချင်းချင်း ပြောဆိုမိကြသည်။

"ယမင်းလေ ငိုလိုက်တာအရမ်းပဲ၊ သူ့ဆံပင်ရှည်ကြီး မီးလောင်သွားလို့"

"အေးလေ...အရမ်းနမြောမှာပဲ"

ရှယ်မှူးက သူတို့အနားမှ အသာခွာကာ ဂစ်တာကိုသွားယူပြီး တသသမြတ်နိုးသော ဂစ်တာကို အိတ်ထဲက ထုတ်ယူမိ၏။

သည်ဂစ်တာကို သတိုးဝယ်ပေးခဲ့တာပါ။

ဂစ်တာကိုမြင်တာနှင့် သတိုးအောင်ကို သတိရချင်၏။

ကြာတော့ ကြာခဲ့ပြီ။

ဂစ်တာအိုကလေး ဟောင်းနွမ်းမသွားသေးပါ။

ရင်ထဲက အချစ်တွေသာ ခမ်းခြောက်ပျက်စီးသေဆုံးသွားခဲ့တာ။ ဂစ်တာကလေးက လှပသစ်လွင်နေဆဲပါ။ ရှိရှိသေသေ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်တီးခတ်ခဲ့တာလည်း ပါလိမ့်မည်။

သည်ဂစ်တာကလေး ဝယ်ပေးတုန်းက ရွယ်မှူး အဆိုတော် မဖြစ်သေးပါ။

ဂစ်တာကို စွဲလမ်းရူးသွပ်သော ကောင်မလေးတစ်ယောက် ဘဝမှာပဲ ရှိသေး၏။

သံတိုး ဘယ်ရောက်နေသလဲ။

သူမက်မောသော ဘဝမျိုးကို ပိုင်ပိုင်ဖမ်းဆုပ်ရယူပြီး ပျော်ရွှင် ကျေနပ်နေပြီလားမသိပါ။

ရွယ်မှူးကတော့ ခါးသီးသောအချစ်တွေအကြောင်း ပြန်မစဉ်းစားချင်။ မေ့ထားချင်ပါသည်။

+ + + +



www.burmeseclassic.com

www.burmeseclassic.com





စိုးမိုး ◈ တပေ

www.burmeseclassic.com

www.burmeseclassic.com



''ပေးပေးပါ့မယ်'' ဆိုသော ရွှယ်မှူး၏စကားကြောင့် ပိညွှက်မျက်နှာကလေး ဝင်းပလင်းလက်သွား၏။ ရွှယ်မှူး ခေါင်းခါလျှင် ပိညွှက် စိတ်မကောင်းဖြစ်သွားမှာ။

''ဒါပေမယ့် အိမ်အထိတော့ သွားမပေးချင်ဘူး''

''အင်း. . .ပိညွှက် စီစဉ်ပေးမှာပါ၊ ပေးပေးမယ်ဆိုပြီးရော၊ ကျေနပ်ပြီ''

ရွှယ်မှူးနှင့် ပိညွှက် တိုင်ပင်ထားလိုက်၏။ သံချိုကိုပင် ပြောမပြမိပါ။ ပိညွှက်က သေသေချာချာ ပိတ်ပင်တားမြစ်ထားခဲ့သည်။

နောက်တစ်နေ့ နေ့လယ်ခင်းမှာ အကတိုက်နေကြတုန်း ပိညွှက်ဆီက ဖုန်းဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှယ်မှူးလား"

"အင်း"

"ပိညွှက် ဒီမှာ ဆရာဇင်ရဲကို တွေ့တယ်"

"ဟုတ်လား"

"အင်းယားကန်ဘောင်ပေါ်မှာ မှန့်လာစားတာ၊ သူ့သူငယ်ချင်းနှစ်ယောက် သုံးယောက်နဲ့ သူတို့ကြည့်ရတာ အေးအေးဆေးဆေးပဲ ချက်ချင်းပြန်မယ့်ပုံ မပေါ်ဘူးသိလား"

"အဲဒီတော့"

"ရွှယ်မှူး လာခဲ့ပါလား၊ သူ့မွေးနေ့လည်း အရမ်းကပ်နေပြီ၊ ကြာယန်းအိုးကလေးက အိမ်မှာ"

ရွှယ်မှူးက တစ်ချက်စဉ်းစားမိ၏။

အခုမှစပြီး အကလေ့ကျင့်နေကြတာပါ။

ချက်ချင်း အပြင်ပြန်ထွက်လျှင် ဆရာက ကြိုက်ပါ့မလားမသိ။ VCDအတွက် ဆရာက စေတနာနှင့် အကသင်ပေးနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူး ဘယ်လိုလုပ်ရမှန်းမသိ။ ပိုသွက်ကိုလည်း ကတိပေးထားပြီးသားမို့ အခွင့်ရေးရတုန်း ပေးလိုက်တာအကောင်းဆုံး။

ကဲ…မထူးတော့ပါဘူး။

"ရွှယ်မှူး ကြာပန်းအိုး ဝင်ယူပြီး လာခဲ့မယ်၊ ပိုသွက် အဲဒီမှာပဲစောင့်နေ၊ ဟုတ်ပြီလား"

"အင်း…ပိုသွက် အံ့ဩနေတာက ဆရာ့ခင်ရဲ့ သူငယ်ချင်းတစ်ယောက်က ပိုသွက်ကို သင်တန်းမှာ ရှက်လိုက်စတတ်တဲ့ ကောင်လေးတစ်ယောက် ဖြစ်နေတယ်သိလား"

"ဟုတ်လား၊ ကောင်းတာပေါ့"

"ရွှယ်မှူး မြန်မြန်လာနော်၊ သံချိုမသိစေနဲ့"

"အေးပါ၊ စိတ်ချ"

ဖုန်းပြောပြီးတော့ ရွှယ်မှူးက အကသင်ပေးသော ဆရာဆီ ခွင့်တောင်း၏။

သံချိုနှင့် ပြုံးရည်က ဘယ်သွားမလို့လဲဟု ပြိုင်တူမေး



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ "မေမေခေါ်လို့ပါ"ဟု ညာမိသည်။

"ပြီးမှ သွားပါလား"

"ခဏလေးပါ၊ အခုပဲပြန်လာခဲ့မယ်၊ သံချိုတို့ ကနှင့်ပါ"

ဟု မနည်းပြောရသည်။

ပိသွက်ပြောသလိုပဲ ကြာယန်းအိုးကို ဝင်ယူပြီး အင်းယား

ကန်ဘောင်ဘက်သို့ ထွက်လာခဲ့၏။

ပိတ်ရပြမိုလားတော့ မသိပါ။ နေမစောင်းသေးပေမယ့်

ကန်ဘောင်ပါမှာဝ လူတွေများနေသည်။

တစ်ဆေး ဂစ်နေ့ ရွှယ်မှူးတို့သာ အလုပ်တွေပိပြီး မလာဖြစ်

တာပါ။ လာရောက်အနားယူ စကားပြော အေးအေးလူလူတွေ

အများကြီးပါပဲ။ တစ်နေ့ရာရာကို ရောက်ဖြစ်ရင်လည်း အလုပ်နှင့်

ရောက်တာများသည်။ အလကားသက်သက် အပန်းဖြေသွားတာမျိုး

က ရှားလွန်းသည်။

"ရွှယ်မှူး"



www.burmeseclassic.com

www.burmeseclassic.com



ပိညွက်က ရှယ်မှူးကိုတွေ့တော့ ဝမ်းသာအားရ အော်ခေါ်သည်။ တကယ်ရောက်လာတာမြင်တော့ ဝမ်းသာသွားတာ။ အကတိုက်နေကြတာမို့ လာမှလာပါ့မလားလို့ ထင်ထားခဲ့မိတာပါ။

ဆရာဇင်ရဲကလည်း ဘူးသီးကြော်စားပြီး သူငယ်ချင်းတွေနှင့် ခပ်အေးအေးထိုင်ကာနေ၏။

ရှယ်မှူးနှင့် ဆရာဇင်ရဲ လွဲသွားမှာစိုးတာပါ။ ပိညွက်က ရင်ခုန်မြန်လာတာမို့ ရင်ဘတ်ကလေးဖိထားမိ၏။ ကွက်တိပါပဲ။ ဆရာဇင်ရဲ မွေးနေ့လည်း ရောက်တော့မှာ။ ရှယ်မှူးကို ကျေးဇူးတင်ပါသည်။ ပိညွက်နှင့် အတူတူပါလာသော သူငယ်ချင်းကောင်မလေးက ရှယ်မှူးကို ငေးကြည့်ကာ သဘောကျနေ၏။ 'အံ့ရမ်းလှတာပဲနော်' ဟု ခပ်တိုးတိုးလည်းပြော၏။ ရှယ်မှူးကို ကောင်လေးတချို့က ကွက်ကြည့်ကွက်ကြည့် လုပ်လာ၏။ အော်တိုရေးခိုင်းသူတွေလည်း ရှိလာသည်။ ရှယ်မှူး၏ အောင်မြင်မှုက သေးသေးလေးမဟုတ်။ ဘယ်နေရာရောက်ရောက် သိသူတွေများသည်။

"ရှယ်မှူး ဖြစ်ပါ့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်"

ရွယ်မှူးက အားတင်းပြီး ကားထဲဝင်ထိုင်နေ၏။

တစ်ခါမှ သည်လိုမျိုး မလုပ်ဖူးခဲ့ပါ။

စိတ်လှုပ်ရှားစွာနှင့် ပင့်သက်ရှိုက်မိ၏။

သူဟာ စာရေးဆရာတစ်ယောက်မို့ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်တော့ ငြင်းမှာမဟုတ်ပါ။

ငြင်းခဲ့ရင်ရော...

လူတွေအများကြီးက ဝိုင်းကြည့်ရှုစိမ်းနေကြမှာပါ။ အဲဒါတွေ ခံနိုင်ရည်ရှိဖို့လိုသည်။

"ပိညွှက်လိုက်ခဲ့မှာ မဟုတ်လား"

"ဟင့်အင်း...ဒီကပဲကြည့်နေမယ်"

အားကိုးရပုံက အဲဒီလို။ ရွယ်မှူးက တစ်ယောက်တည်း သွားရမှာလား။

"သန္တာ...နင်လိုက်သွားလေ"

"ဟင့်အင်း...ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိညှက်သူငယ်ချင်းက ပခုံးလေးတွန့်ကာ နောက်ဆုတ်သွား၏။ ရွယ်မူးက ချက်ချင်းဆုံးဖြတ်လိုက်သည်။ ကတိပေးပြီးသား ကိစ္စမို့ ဖြစ်အောင်လုပ်ပေးရပါမည်။ ကန်ဘောင်ပေါ်အလိရောက် အောင် လာခဲ့ပြီးမှတော့ မအောင်မြင်ဘဲ မဆုတ်ခွာချင်။

ကိုယ်လိုအဆိုတော်တစ်ယောက်အဖို့ အခုလို လုပ်ရတာ နည်းနည်းတော့ ဟိုဒင်းဖြစ်သည်။

'ဟိုဒင်း' ဆိုရမှာ အဓိပ္ပာယ်က အများကြီး။

မာန၊ ပြီးတော့ ရှက်ရွံ့မှု၊ ငုပ်လျှိုးသိမ်ငယ်မှု၊ အောက်ကျ နောက်ကျနိုင်မှု၊ အားလုံးပါပဲ။

ကိုယ့်စိတ်နှင့်ကိုယ်ဆို ဒါမျိုးဘယ်တော့မှ မလုပ်။ ရွယ်မူး ဘ ဘယ်သူ့ကိုမှ တိတ်တိတ်ကလေး လေးစားခင်တွယ်နေတာမရှိ ပါ။

"ကျေးဇူးတင်ပါတယ် ရွယ်မူးရယ်"

အေးစက်သောလက်ဖျားကလေးနှင့် ကိုယ့်လက်ဖမိုးကို ဆရောက်ဆုပ်ထွေးကာ ပိညှက်က ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မွှးက ကားထဲကဆင်းသည်။

ဝတ်ထားသော နုစ်ထပ်တီရှပ်ကလေးကို ဆွဲချ၏။ ဂျင်းဘောင်းဘီက ခြေသလုံးတစ်ဝက်မှာ ခေါက်တင်ထားသောစတိုင်လ်။ ခါးပတ်ကလေးက အဖြူရောင်ပေါ် ချော့ကလက်ရောင် ဘုသီးကလေးတွေနှင့် အရမ်းလှသည်။ ဘွတ်ရှူးလည်တို ဖိနပ်ကလေးက ပေါ့ပါးလွတ်လပ်စေသည်။

ရွှယ်မွှးကို ကြည့်ရတာ အမြဲတမ်းလှပသက်ဝင်နေ၏။ ဖမ်းစားဆွဲဆောင်နိုင်မှုရှိသည်။

ပိညှက်နှင့် သန္တာက ငေးတကြည့်ကြည့်နှင့်။

ရွှယ်မွှးက ဆံပင်တွေပေါ် တင်ထားသော မျက်မှန်ကိုဖြ ဆွဲချကာ သပ်လိုက်၏။

မျက်လုံးတစ်စုံကိုတော့ ကွယ်ဝှက်ထားပါရစေ။ ကိုယ့်မျက်လုံးတွေကို ဖတ်ခွင့်မပြုနိုင်။

စိမ်းသက်ရင်လည်း စိမ်းသက်နေလိမ့်မည်။

လှိုက်လှဲသက်ဝင်ခြင်းလည်း ရှိချင်မှရှိလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အထင်ကြီးမြတ်နိုးခြင်း လေးစားနက်ရှိုင်းခြင်းတွေ ရှိမှာ မဟုတ်သည့်အတူတူ ထိုမျက်ဝန်းတစ်စုံကို ဖတ်ခွင့်မပြုတော့ အကောင်းဆုံးပါပဲ။

\+ + + +


www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



မင်းအိပ်မက်ကလည်း ဆန့်တငင်ငင်ကြီးနဲ့ကွာ"

ဟု မျိုးတင့်ဆွေက ညည်း၏။

"ငါလည်း ဆက်ပြီးမက်ချင်တာပဲ၊ မမက်တာ ဘာတတ်နိုင်မှာလဲကွ"

ဇင်ရဲက ရှုံ့မဲ့ပြောလိုက်၏။

"နေစမ်းပါဦး မင်းနဲ့ အဲဒီကောင်မလေးနဲ့ အတူတူလိုးတာ (ဝင်ဒင်ကိတ်)မင်္ဂလာကိတ်လား (ဘတ်ဒေးကိတ်)မွေးနေ့ကိတ်လား"

"ဟက်ပီးဘတ်ဒေး ရေးထားတာပဲကွ၊ မွေးနေ့ကိတ်ပေါ့၊ အသည်းပုံနှစ်ခု ဆက်ထားတာ"

"မွေးနေ့ကိတ်အတူတူ လှီးတာပေါ့ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ကျော်ဇလက သေသေချာချာ စေ့စေ့စပ်စပ် လိုက်မေး၏။

"အဲဒါ ဘာအဓိပ္ပာယ်ဖြစ်မလဲ ဆရာကြီး"

သူတို့အုပ်စုထဲမှာ ဇော်ခန့်က ဗေဒင်လက္ခဏာ ဝါသနာပါသည်။ သူ့ကို အကြားအမြင်ဆရာကြီးဟု ခေါ်ကြသည်။

"ဒီနေ့ဟောခန်းပိတ်တယ်"

ဇော်ခန့်က တစ်ဖက်စားပွဲက ကောင်မလေးတွေကို ငမ်းနေရင်းက အပြတ်ပြောလိုက်၏။

"ခဏလေးပါကွာ၊ မင်းကလည်း"

"မျက်စိအစာကျွေးနေတယ်၊ မနှောင့်ယှက်နဲ့ကွာ"

ဇော်ခန့် မျက်လုံးတွေကို မှိုးတင့်ဆွေက လိုက်ပိတ်ပြီး ကာဆီးထား၏။

"မင်းတို့တော်တော်နှောင့်ယှက်ပါလားကွာ"

ဇော်ခန့်က အကျယ်ကြီးထအော်သည်။

ဖင်ရဲက တိတ်တဆိတ် မချင့်မရဲဖြစ်နေမိသည်။ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲက နတ်မိမယ်လေးကို သူဘာကြောင့် မမှတ်မိရတာလဲ။ ဘာလို့ လက်ဖျားလေးဆုပ်ကိုင်ပြီး ငဲ့စောင်းမကြည့်မိတာပဲ။

သူနှင့်အတူတူ အကြာကြီး လမ်းလျှောက်သည်။ သူ့ပခုံးမှာ ခေါင်းလေးမှီသည်။ သင်းပျံ့မွှေးအီသော ရှန်ပူနံ့ကလေး ရှူရှိုက်ခွင့်ရခဲ့သည်။

သို့ပေမယ့် သူက ကောင်မလေး၏မျက်နှာကို လှည့်ကြည့်ဖြစ်ခဲ့ပါ။ သူ အရမ်းညံ့သည်။

အိပ်ရာနိုးလာတော့ တအံ့တွေးတွေးနှင့် ဘဝင်မကျနိုင်။ အတယ်ဆို ထိုမျက်နှာကလေးကို မှတ်မိသင့်ပါသည်။ သေချာကြည့်ခဲ့ဖို့ကောင်းပါသည်။

"ဒါမျိုးက မက်တတ်ပါတယ်ကွာ၊ ပြီးတော့ သူက အရေးဆရာမဟုတ်လား၊ စာတ်လမ်းစဉ်းစားပြီး သိပ်ပျော်သွားလို့ မက်တာနေမှာပါ"

ဇော်ခန့်က ပြီးစလွယ်ပြောသည်။

"မင်းကလည်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် အလကား ဘာအကြားအမြင်မှမရဘူး"

သူငယ်ချင်းတွေက ဝိုင်းရှု့ချ၏။ ဇော်ခန့်က ခပ်ပြုံးပြုံး ပင်။ ဘေးစားပွဲက အနီရောင်ဝတ်စုံကလေးနှင့် ကောင်မလေးကို သာ စိုက်ကြည့်ငေးမောနေ၏။

"မိနီကလေး ဘယ်ကလာ"

"အိမ်ကထွက်လို့လာ"

"မိနီကလေးဘယ်ကိုသွား"

"အင်းယားကန်ဘောင်သွား"

"အင်းယားကန်ဘောင် ဘာလုပ်ဖို့"

"အကြော်စားရင်း ချစ်သူရှာဖို့"

ကျော်ဗလနှင့် မိုးတင့်ဆွေက အမြင်ကပ်လာပြီး အာကျယ် လျှာကျယ်နှင့် အတိုင်အဖောက်ညီညီ ဆိုကြ၏။

ခင်ရဲက ဖွဖွပြုံးမိသည်။

ဇော်ခန့်က မျက်နှာကြီးပုပ်သိုးကာ...

"ဟိတ်ကောင်တွေ"ဟု ဟန့်တား၏။ အနီရောင်ကော



www.burmeseclassic.com

www.burmeseclassic.com



မလေး၏ မျက်နှာလေးက နီရဲတွတ်သွား၏။ ကျော်ဗလတို့က အစအနောက်သန်သည် မဟုတ်လား။

"အချစ်ကလေးက ဘာတွေသင်"

"ရည်းစားစာဖတ်ဖို့သင်"

"ရည်းစားကဘာလုပ်ဖို့"

"မိန်းကလေးရင်ခုန်ဖို့"

"တော်ကြပါတော့ကွာ၊ ဟိုမှာ မျက်စောင်းထိုးနေပြီ၊ မင်းတို့ကွာ တော်တော်အလိုက်မသိဘူး"

ဇော်ခန့်က သူငယ်ချင်းတွေကို အသံတိတ်ဆဲ၏။

"ဇော်ခန့်တင်းနေပြီ၊ မစ,ကြနဲ့တော့"

အသံကျယ်ကြီးနှင့် ဝါးခနဲ အော်ရယ်ကြသောအခါ ပန်းအိုးကလေးကိုင်ပြီး လျှောက်လာနေသော ရွှယ်မှူး ခြေလှမ်းပင် တန့်သွားရသည်။ ရင်ထဲမှာ ထိတ်ခနဲဖြစ်၏။ သူတို့အုပ်စုက လျှောင်လျှောင်ပြောင်ပြောင် အစအနောက်သန်သူတွေလား။

ရွှယ်မှူးက နှုတ်ခမ်းကလေးကိုက်ပြီး ရှေ့ဆက်လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝမှာ ဆုံးဖြတ်ချက်ချပြီးရင် ပြန်ပြင်ရိုးထုံးစံမရှိပါ။

ဖင်ရဲတို့စားပွဲဘေးကို ရောက်သွား၏။ ဖင်ရဲက ဖျတ်ခနဲ မော့ကြည့်သည်။

"စာရေးဆရာ ဖင်ရဲလား"

"ဟုတ်ကဲ့"

ဖင်ရဲက သူ့ဘေးလာရပ်သော ကောင်မလေးကို နားမလည်ခြင်းများစွာနှင့် ဘာများလဲဟု အဖြေရှာကြည့်ရင်း ခေါင်းညိတ်ပြသည်။

"ဆရာ့မွေးနေ့အတွက် မွေးနေ့လက်ဆောင်ပါ"

"ဗျာ"

ဖင်ရဲက ရှေ့တိုးပေးလာသော ကောင်မလေးလက်ထဲက ပန်းအိုးကိုကြည့်မိ၏။ မရမ်းပြာရောင် ကြာပန်းများ ကြာဖူးရော ကြာခွက်ပါ ပါသည်။

သူ ကြောင်အမ်းအမ်းဖြစ်နေပြီးမှ...

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်"ဟု မတ်တပ်ထကာ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းယူမိ၏။

ကျော်ဗလက ခပ်တိုးတိုးရေရွတ်သည်။

"ဘလက်ဒိုင်းမွန်းလေးကွ"

"ဟုတ်တယ်…မရွယ်မှူး မဟုတ်လား"

မျိုးတင့်ဆွေက ဝင်မေးသည်။

"ဟုတ်ကဲ့…ဟုတ်ပါတယ်"

သူတို့က ရွယ်မှူးကို သေချာသိနေ၏။

ဇင်ရဲက သူတို့ပြောလိုက်မှ မှတ်မိသွားသည်။

ဟုတ်သားပဲ၊ အဆိုတော်ကောင်မလေး။

အခုတလော သူ့သီချင်းကလေးတွေ အရမ်းပေါက်နေသည်။ ရုပ်ကလေးလည်းချော၊ အသံကလေးလည်းကောင်း။ ဘာမှအားနည်းချက်မရှိ။

သည်လိုပြည့်စုံသော ကောင်မလေးက ဘာလို့ သူ့ဆီ မွေးနေ့လက်ဆောင် လာပေးရတာလဲ။

ယုံ မယုံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အုံ့အားသင့်နေသည်။ ထူးဆန်းနေသည်။

ဒါ…တကယ်ဖြစ်နေတာလား။

သူ့ကိုကြိုက်လို့လား (သူ့စာအုပ်တွေကို ဆိုလိုပါသည်) အဲဒီလိုမှမဟုတ် တမင်နာမည်ကြီးအောင် လာဖွနေတာလား။ လူတွေကို သတိထားမိအောင် လာဖန်တီးတာလား။ အခုပဲကြည့် ဝိုင်းအုံကြည့်နေကြတာမနည်း။ ကောင်မလေးက အဆိုတော်မဟုတ်လား။

တစ်ဆင့်စကား တစ်ဆင့်နားနှင့် သတင်းတစ်ပုဒ် ဖြစ်သွားဦးမည်။ သူက ဝတ္ထုတွေသာ ရေးတာပါ ဟိုရှုပ်သည်ရှုပ် မလုပ်တတ်။ သူ့ကို ဓာတ်လမ်းလာလုပ်မှာလည်း လန့်သည်။

ကြာပန်းအိုးကို ပြန်ပေးရမှာလည်း အားနာသည်။

"သွားခွင့်ပြုပါဦးဆရာ"

ရွှယ်မွှး၏ မျက်လုံးများကို မြင်ခွင့်မရ။ မျက်မှန်တစ်လက်က လုလုပပ ကာကွယ်ထားသည်။

"ခဏ"

ဇင်ရဲက ချက်ချင်းတားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်လက်ဆောင် ပေးလိုက်ချင်လို့ပါ"

သူက စားပွဲပေါ်ချထားသော သူ့စာအုပ်တစ်အုပ်ကို ကောက်ယူကာ လက်မှတ်ထိုးပေးသည်။

"အရမ်းကျေးဇူးတင်ပါတယ်"

"ကျွန်တော့်ပရိသတ်ဆိုလည်း ဆက်ပြီးအားပေးပါဦး"

"ဟုတ်ကဲ့"

ရွှယ်မှူးက ရှည်ရှည်ဝေးဝေးတွေ သိပ်မပြောချင်။

ကိုယ်မှ သူ့စာအုပ်တွေ မဖတ်ဖူးဘဲ။

အညာပေါ်သွားလျှင် ရှက်စရာ။

ပိညွှက်အတွက် စာအုပ်အမှတ်တရလေးတော့ ယူပေးနိုင်ခဲ့ပြီ။

သူက လက်မှတ်လည်းထိုးပေးထားတာပါ။ နာမည်မှ ရေးမထားဘဲ။ ရွှယ်မှူးက သူတို့အုပ်စုကို ပြုံးပြနှုတ်ဆက်ပြီး ထွက်လာခဲ့၏။

"အားကျလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက စာရေးဆရာဖြစ်အောင်မှ မလုပ်ဘဲ၊ တွေ့လား မိန်းမချောကလေးက မွေးနေ့အမှတ်တရ လာပေးသွားတာ မြင်လား"

"မြင်ပါတယ်ဆိုမှ မင်းကတစ်မျိုး"

"ငါ့မွေးနေ့ကို ဘယ်လိုသိသွားတာလဲ"

"မင်း မနှစ်က City FM ကို ပေးခဲ့သေးလား"

"နိုး…နိုး ငါ ဘယ်သူ့ကိုမှ မပြောခဲ့မိဘူး"

"ဟ…ဒါဆို ဘယ်လိုကြီးလဲ"

ဇင်ရဲက စဉ်းစားငြိမ်သက်နေ၏။

ရည်ရွယ်မှုဆိုသော Black Dimond အဖွဲ့ဘဲက အဆိုတော်ကောင်မလေးသည် သူ့မွေးနေ့ကို သိလည်းသိနေသည်။ အသိမှတ်လည်း ပြုသွားခဲ့သည်။

"ယတြာချေတာလားကွာ"

ဇော်ခန့်က တွက်ဆခန့်မှန်း၏။

"ဟုတ်ချင်လည်းဟုတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"မင်းအကြားအမြင်က စောစောကတော့ ဘာမှမရဘူး၊ အခုမှ ယတြာချေတာလား ဘာလုပ်ဖို့လဲ"

"ဟုတ်တယ်လေကွာ၊ သူလိုကောင်မလေးတစ်ယောက်က ဒါမျိုးတွေလုပ်စရာလားကွာ၊ ကျိန်းသေ ယတြာချေတာပဲဖြစ်မယ်"

"မဖြစ်နိုင်ပါဘူး"

"ဘာမဖြစ်နိုင်တာလဲ"

"ဇင်ရဲစာအုပ်တွေ စိတ်ဝင်စားမယ့်ပုံလည်း မရှိဘူးလို့ ငါထင်တယ်"

"အေး...အဲဒါပဲ"

အားလုံးက တစ်ယောက်တစ်ခွန်း ဝေဖန်နေပေမယ့် ဇင်ရဲက တိတ်ဆိတ်နေပါသည်။

"ငါ့မွေးနေ့ကို ဘယ်လိုလုပ်ပြီး သိတာလဲ၊ အဲဒါ ငါ အသိချင်ဆုံးပဲ"

"မင်း သူ့ကို စိတ်မဝင်စားဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



ဇင်ရဲက တစ်ချက်ပြုံးသည်။

ရွှယ်မှူးဆိုသော ကောင်မလေးကို ကိုယ်က စိတ်မဝင်စားဘဲ နေပါ့မလား။ ပြီးပြည့်စုံသော မိန်းကလေးတစ်ယောက်ပါ။ ဘယ်ကောင်လေးက ငြင်းနိုင်မှာမို့လဲ။

သူလုံးဝ စိတ်ဝင်စားမိပါသည်။

သူ့အပေါ် အခုလို လေးနက်လာတော့ အရမ်းစိတ်ဝင်စားသွားရပြီ။ သူ့မွေးနေ့ကိုတောင် သိနေတာ။ ရွှယ်မှူးအကြောင်းတွေကို သူက ဘာမှမသိပါလား။

ဘာပဲဖြစ်ဖြစ် သိချင်သည်။

"သူ့အကြောင်း ငါသိချင်တယ်"

"စုံစမ်းပေးမယ်"ဟု မျိုးတင့်ဆွေက ပြောလာ၏။ မျိုးတင့်ဆွေက အပေါင်းအသင်းစုံသူပါ။

"မြန်မြန်သိချင်လား"

"အေးပါ"

"ဒီညဖြစ်မလား"

"ဒီညမဖြစ်ရင်တောင် မနက်ဖြန်ညနေ သိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ...ကြာလှချည်လား"

"တစ်ရက်တော့ အချိန်ပေးရမှာပေါ့"

"မင်းကလည်းကွာ...အင်တာနက်ခေတ်ကြီးမှာ ဒီလောက်အချိန်လိုသလား"

"လိုတာပေါ့"

သူ့ကိုယ်စား ဇော်ခန့်က ဈေးဆစ်ပေးနေတာပါ။ သူက အရမ်းကြီးမလောပါ။

ကောင်မလေးတစ်ယောက်အကြောင်း ကျကျနနသိဖို့ဆိုတာ အချိန်လိုပါသည်။

"ကဲပါကွာ...ပြန်ကြမယ်"

ဖင်ရဲတို့အုပ်စု ထပြန်ခဲ့ကြ၏။

ဖင်ရဲက ကားထဲရောက်လာသော ကြာပန်းအိုးလှလှကို တစ်ချက်ကြည့်ကာ မယုံချင်ပါ။

ဘာသဘောနဲ့ပေးမှန်းကို မသိပါ။

သူဘာယ်လိုပဲတွေးတွေး နားမလည်။



www.burmeseclassic.com

www.burmeseclassic.com



*ရှိုးရှိုးသားသား မဖြစ်နိုင်ပါ။*

ယကြားချေစာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် တမင်နာမည်ကြီးအောင်ထွင်တာ၊ ဒါမှမဟုတ်လည်း သူမတွေးမိသော တခြားအကြောင်းတစ်ခုခု ရှိကိုရှိလိမ့်မည်။

ကိုယ်လို စာရေးဆရာတစ်ယောက်ကို မင်းလို နာမည်ကြီး အဆိုတော်မကလေးက မိတ်ဖွဲ့ရင်းနှီးစရာလား။ ဘာကြောင့်လဲ။ ကိုယ့်ရှေ့ကို ဘယ်လိုအကြောင်းကြောင့် ရောက်လာရတာလဲ ရွယ်မွှး။

ကိုယ်သိပါရစေ။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



ပိညွက်စကားကို ရွယ်မှူးက ပြုံး၍သာ နားထောင်ပြီး ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ။

"ရွယ်မှူးက ပြီးပြည့်စုံတဲ့ မိန်းကလေးပါ"

တဲ့ သူစိတ်မဝင်စားဘဲ မနေနိုင်ပါဘူးတဲ့။

ပိညွက်မှသိသေးလို့ပါ။

ရွယ်မှူးက အပြစ်အနာအဆာ မကင်းတဲ့သူပါ။

အသည်းကွဲဖူးပါတယ်။

ဘယ်လိုလုပ် ပြီးပြည့်စုံတဲ့ မိန်းကလေး ဖြစ်နိုင်မှာလဲ။ နှလုံးသားမှာ အကြီးအကျယ် ဒဏ်ရာရဖူးတဲ့သူပါ။

"ပိညွက်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကြီးနဲ့ ဆရာဇင်ရဲ့ သူငယ်ချင်းတွေနော်၊ အံ့သြစရာကြီး"ဟု ပိညွက်သူငယ်ချင်းက ဆိုလာ၏။

"အင်းလေ…ဘယ်လိုသိနေတာလဲ မသိဘူး"

"ဆရာဇင်ရဲ့ ခင်ချင်ရင် အဲဒီ မျိုးတင့်ဆွေကြီးကို စကားပြန်ပြောလိုက်ပေါ့"

"မပြောချင်ပါဘူး"

ပိညွက်ကို မျိုးတင့်ဆွေက ပေါ်ပေါ်ထင်ထင် ချဉ်းကပ်နေတာ သင်တန်းတစ်ခုလုံး သိပါသည်။

"ပိညွက်ရယ်…သူက တကယ်စိတ်ဝင်စားနေတာပါဟဲ့၊ ခေါ်လိုက်ပါ"

"ဟင့်အင်း"

ပိညွက်က နှာခေါင်းလေးရှုံ့ပြီး ငြင်းသည်။ မျိုးတင့်ဆွေ တွေ့သွားမှာစိုးလို့ သူတို့နှစ်ယောက် အသာကလေး ပုန်းနေကြတာပါ။

မျိုးတင့်ဆွေအကြောင်း ပြောနေတော့ ပိညွက် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေး မသိမသာနီလာ၏။

ရွယ်မွှားက အကဲခတ် သတိထားမိရင်း တစ်ဆက်တည်းမှာ "ခင်ရဲအပေါ် ပိညွက် ဘယ်လိုသဘောထားပါလိမ့်"ဟု တွေးနေမိသည်။

ရိုးရိုးသားသားလား။ ဆန်းဆန်းပြားပြားလား။

ခင်ရဲဆိုသော ပုဂ္ဂိုလ်လေးက ကြာပန်းအိုးကို ရွယ်မွှားပေးတာလို့ ထင်သွားခဲ့ပြီ။

နောက်တစ်ကြိမ် ထပ်တွေ့ဖြစ်လျှင်တော့ ခင်ရဲကို ပိညွက်အကြောင်း ရှင်းပြရမည်။ ပိညွက်နှင့် တွေ့ပေးရပါမည်။

အမှန်အတိုင်း အမြန်ဆုံး ပြောပြချင်သည်။

ရွယ်မွှားအပေါ် တစ်မျိုးမထင်စေချင်ပါ။

"ပိညွက်ရေ"

"ဟင်"

ပိညွက်က ရွယ်မွှားကို လှည့်ကြည့်၏။

"တစ်ခုခုမေးလာခဲ့ရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးလာမှာလဲ"

"ရွှယ်မှူးက အဲဒီစာရေးဆရာအကြောင်း ဘာမှမသိဘူး၊ သူ့စာအုပ်တွေအကြောင်း၊ သူ့မွေးနေ့ကအစ အားလုံးပဲပေါ့"

"ဟုတ်သားပဲ၊ ပိညွှက် ပြောပြမှာပေါ့"

"မပြောနဲ့တော့လေ…ရွှယ်မှူးပဲ ပိညွှက်အကြောင်း ပြောပြလိုက်မယ်၊ မကောင်းဘူးလား"

"မပြောပါနဲ့၊ ရှက်စရာကြီး၊ ပိညွှက်က ရွှယ်မှူးနဲ့ ဆရာဇင်ရဲကို သိစေချင်တာ"

"ဘယ်လို"

"ဟုတ်တယ်"

ရွှယ်မှူး မျက်လုံးကလေး ဝိုင်းသွား၏။

ပိညွှက်က တစ်မျိုးပြီးတစ်မျိုး။

ရှေ့ဆက် သည်အတိုင်းသွားရင် ရုန်းထွက်ဖို့မလွယ်။

ပိညွှက်က ပေးခိုင်းတာပါဆိုတာ ဇင်ရဲကို အသိပေးမှ ဖြစ်တော့မည်။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူးက သည်နေ့ ကိုယ့်မွေးနေ့မို့ မနက်စောစော အိပ်ရာထကာ ရေမိုးချိုးပြီး ဘုရားရှိခိုးသည်။ ပုတီးစိပ်သည်။ ပြီးလျှင် ငှက်ကလေးတွေ ငါးကလေးတွေ လွှတ်ဖို့ စီစဉ်ထားသည်။ နေ့ခင်းပိုင်းမှာ မေမေ့ဆီသွားဖို့ မေမေနှင့်အတူတူ ပိုက်ဆံသွားလှူဖို့။ ညပိုင်းမှာတော့ သူငယ်ချင်းတွေနှင့် တပျော်တပါး ဘတ်ဒေးကိတ်လှီးမည်။

မနက်အိပ်ရာနိုးနိုးချင်း မေမေ့ဆီ ဖုန်းဆက်ပြီး စကားတွေအများကြီး ပြောခဲ့သည်။

မေမေခေါ်လို့ လူ့လောကကြီးထဲ ရောက်လာခဲ့တာပါ၊ မွေးနေ့ဆိုတာ မေမေက ပေးခဲ့တာ၊ မေမေ့ကို ကျေးဇူးတင်သည်။ မေမေ့မေတ္တာကို နားလည်သည်။ မွေးနေ့မှာ မေမေ့ကို ကန်တော့

www.burmeseclassic.com

www.burmeseclassic.com



ဖို့ အမှတ်တရပစ္စည်းတစ်ခုလည်း သွားဝယ်ထားမိ၏။

ဘုရားရှိခိုးပြီးတော့ ပရိသတ်ကို မေတ္တာပို့သည်။

"ရွှယ်မှူးရေ...ရွှယ်မှူး"

သံချိုက အသံကျယ်ကျယ်နှင့် အရေးကြီးလှသလို လှမ်းခေါ်၏။ ဘာဖြစ်ပါလိမ့်။

အောက်ထပ်ဧည့်ခန်းမှာ အားလုံးစုရုံးရောက်ရှိနေကြသည်မို့ ရွှယ်မှူး ထိတ်ခနဲ လန့်သွားမိ၏။ ဘယ်သူဘာဖြစ်လို့လဲ။ အားလုံးရှိနေကြတာ မြင်တော့ ဘာပြဿနာလည်းဟု စဉ်းစားမရ။

"ဘာလဲ...ဘာဖြစ်လို့လဲ"

"လာ...လာ လာကြည့်ပါဦး"

သူတို့က လှမ်းခေါ်သည်။

ရွှယ်မှူး သူတို့အနား ရောက်သွားမိ၏။

သူတို့က ခြံဝင်းတံခါးဆီ လက်ညှိုးထိုးပြသည်။

"ဟင်"

ခြံဝင်းတံခါးမှာ မိုးပျံပူဖေါင်းတွေ၊ အရုပ်ပုံလှကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ပန်းပွင့်ရောင်စုံသွေးစုံ၊ လှပသော ပန်းစည်းများ။ ဒါတွေ ဘယ်သူလာလုပ်သွားတာလဲ။ ဘာအတွက်လဲ။

"သွားကြည့်လေ၊ ရွှယ်မှူးမွေးနေ့ အမှတ်တရတဲ့။ ဆရာ ဖင်ရဲ့တဲ့"

ရွှယ်မှူးက ပိညွက်ဆီ ဖျတ်ခနဲ ကြည့်မိ၏။

ထိချက်လွဲသွားပြီ။

ပိညွက်ကို အားနာလိုက်တာ။

ပိညွက်မျက်နှာကလေးက အပြုံးမပျက်။

"အံရုပ်ကလေးတွေက လှလိုက်တာ၊ ပူရှ်အရုပ်ကလေး တွေရော၊ ပန်ဒါရုပ်ကလေးတွေရော ဘာဘီဂဲလ် အရုပ်ကလေး တွေရော၊ စနိုပီရုပ်ကလေးတွေရောပဲ"

ပိညွက်က ကျေနပ်စွာရေရွတ်၏။

"ရွှယ်မှူးရေ…နင်နဲ့ အဲဒီဖင်ရဲ့နဲ့ ဘယ်လိုသိတာလဲ၊ ငါတို့ကို ဘာလို့မပြောပဲ ဖွက်ထားရတာလဲ"

"ဟုတ်တယ်…ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကဝိုင်းမေးတော့ ဘယ်လိုရှင်းပြရမှန်းမသိ။ ပိညွက်က သူနှင့်မဆိုင်သလို မသိချင်ယောင်ဆောင်နေ၏။

ရွှယ်မွှးက ပိညွက်ကို လှမ်းကြည့်ပေမယ့် ပိညွက်က တစ်ချွန်းမှမဟ။ ရွှယ်မွှး ပင့်သက်ရှိုက်မိ၏။

"အဲဒါတွေ အရင်သွားဖြုတ်လိုက်ဦးလေ၊ သူများတွေ မြင်သွားရင် ဘယ်ကောင်းပါ့မလဲ"

"သွားဖြုတ်ယူဖို့ပဲ၊ ရွှယ်မွှး ဘုရားရှိခိုးပြီးကာ စောင့်နေကာပေါ့"

"ဟာ...ရွှယ်မွှး မလိုက်ပါဘူး၊ သံချိုတို့ပဲ သွားဖြုတ်ယူခဲ့ပေးပါ"

သံချိုက မျက်စောင်းရွှယ်သည်။

"သတင်းစာလည်း ဖတ်ကြည့်ပါဦး"

"သတင်းစာ၊ ဘာဖြစ်လို့လဲ"

ပိညွက်က သတင်းစာကို မျက်စိရှေ့လာဖြန့်ပြသည်။ မွေးနေ့ဆုတောင်းပါလာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှယ်မှူး ...

ဈေးနေ့မှာပျော်ပါမောင်။

ဇော်ရဲ

ရှယ်မှူးက မျက်နှာကလေး သမှုတ်ပျောက်သွား၏။

သတင်းစာထဲထိအောင် ကြည့်လိုက်တာတော့ လွန်လွန်းပြီထင်။ ခြံရှေ့မှာ မိုးပျံ့ပူဖေါင်းတွေ ပန်းခြည်းတွေ၊ ဖဲကြိုးတွေ၊ အရုပ်တွေ လာထားတာက တိုင်မှရှိ။

သတင်းစာလဲ ထည့်လိုက်တော့ ဟိုလူမေး ဒီလူမေး အမေးခံရတော့မည်။

"ဟဲ့...ကြည့်ပြောဦး၊ ဖတ်မိတဲ့သူတွေက ဘာထင်မလဲ၊ ဂျာနယ်တွေ၊ စာစောင်တွေက သတင်းတစ်ခုရပြီဘင်မှာ၊ နှင့်ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲ ပြင်ဆင်ထားပေတော့"

ပြုံးရည်က ဖြစ်နိုင်ချေရှိတာကို ကြိုတင်ခန့်မှန်း၏။

ပိညွက်ကတော့ မျက်လုံးကလေး အဝိုင်းသားနှင့် မယုံနိုင်အောင်ဖြစ်ကာ ပျော်လည်းပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်မြန်မြန် တုံ့ပြန်နိုင်လိမ့်မည်ဟု မထင်ခဲ့ပါ။

ရွှယ်မှူးကို ဇင်ရဲ စိတ်ဝင်စားသွားပြီထင်။

ကောင်းလိုက်တာ။

အင်မတန် လိုက်ဖက်ညီသော စုံတွဲတစ်တွဲ ဖြစ်လာတော့မည်။

ဖုန်းမြည်သံကြားတော့ သံချိုက သွားကိုင်သည်။

"ဪ…ဟုတ်တယ်၊ အဲဒါလား အဲဒီကိစ္စ ရွှယ်မှူးကိုယ်တိုင် ဖြေပါလိမ့်မယ်၊ အခု သူမရှိဘူး၊ ချက်ချင်းမဆက်နဲ့ဦးလေ၊ သူ့မွေးနေ့ဆိုတော့ သူဒီနေ့ မအားဘူး၊ မနက်ဖြန်ဆက်ရင်ဖြစ်မလားမမ၊ စိတ်ချပါ၊ သတင်းထူးဆို မမတို့ကို ဦးဦးဖျားဖျားပေးမှာပါ၊ စိတ်ချ"

သံချိုပြောနေတာတွေ ကြားနေရတော့ ရွှယ်မှူး သိသည်။ ဂျာနယ်တစ်ခုက စုံစမ်းမေးမြန်းလာတာပါ။

အဲဒီစာရေးဆရာ ဘာတွေလျှောက်လုပ်ပါလိမ့်။

ရန်တွေ့ပြစ်တင်လို့လည်းမရ၊



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူးက သူ့ကို ကြာပန်းအိုးကလေး အစရင်ပေးမိတာ ကိုး။ ဘယ်တတ်နိုင်မလဲ။

"ဒီကိစ္စ အဲဒီဇင်ရဲနဲ့ ရှင်းရမယ်"

"ဟင်"

တုန်လှုပ်ကြောက်ရွံ့သံကလေး ပိညွှက်ဆီမှ ထွက်လာ၏။

"ဘယ်လိုရှင်းမှာလဲဟင်" တဲ့။

"နင်မသိပါဘူး ပိညွှက်ရယ်၊ အသာနေစမ်းပါ"

ပိညွှက် အရမ်းစိတ်ပူနေတော့ ရွှယ်မှူးက လက်ဖျားက လေးဆုပ်ညှစ်ပြီး အားပေးလိုက်၏။

ပိညွှက် ကြောက်တာနှင့် အားလုံးပေါ်တော့မည်။

"ပိညွှက်...လာ ခြံတံခါးရှေ့ကဟာတွေ သွားဖြုတ်မယ်" ဟု ရွှယ်မှူးက ဆွဲခေါ်လာခဲ့၏။

"ဘာဖြစ်နေတာလဲ၊ အရမ်းသိသာတာပဲ၊ သံချို ဆရာဇင်ရဲကို ဘာမှလုပ်လို့မရဘူး၊ မစိုးရိမ်နဲ့၊ ပိညွှက် မပိရိတာ နဲ့ ပေါ်ကုန်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှက်စရာကြီး"

အခုမှ ပိညွက်က ရှက်နေသည်။ သံချို ဆူမှာငေါက်မှာ လည်း ကြောက်နေ၏။

"ဒုက္ခပါပဲနော်...ဆရာဇင်ရဲကလည်း သတ္တိကောင်း လိုက်တာ၊ ရွှယ်မွှေးကို ကြိုက်သွားပြီလားမသိဘူး"

"ဟာ...မဟုတ်တာတွေ လျှောက်မပြောစမ်းပါနဲ့ ပိညွက်ရယ်၊ ရွှယ်မွှေး ဘယ်လိုဖြေရမှန်းတောင် မသိသေးဘူး၊ မေမေက အရင်ဆုံးမေးမှာ"

ရွှယ်မွှေးက မျက်ခုံးကလေးရှုံ့လျက် ညည်း၏။

ပိညွက်က သူနှင့်မပတ်သက်သလို ပြုံးဖြီးအေးအေး ကလေး။ မှားသွားပြီ။ ရွှယ်မွှေးက ပိညွက်အတွက် ယူပ်ပေးခဲ့တာ။

ပိညွက်က ထွက်လာသောရလဒ်ကို ကျေနပ်ကာနေပါ သည်။ ဘယ်လိုနားလည်ရမလဲ မသိတော့ပါ။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



"ကြင်နာသူ မင်းပြောသမျှ ခေါင်းညိတ်ခဲ့တာ ××× စေရာမင်းသဘောအတိုင်း ကိုယ်လုပ်တတ်တာ ×××× ရင်မှာ သိပ်ချစ်လို့ ခွဲမသွားနဲ့ မင်းကလေးက တို့ရဲ့ဘဝပါ"

"မျှော်လင့်ရင်း ဆုံးရှုံးခြင်းများနဲ့သာ ××× ယုံကြည်ရဲခဲ့လို့ စွန့်ပစ်သွားလား ××× ဖြူစင်ရိုးသားသော နှလုံးသားထဲ ဒဏ်ရာတွေနာကျင်နေတာ"

ပိညွှက်က သီချင်းဖွင့်ထားပြီး သီချင်းသံကို ကျော်လွှန်အောင် ဆိုနေတာမို့ ရွှယ်မှူးက ဖွဖွပြုံးမိသည်။

ခါတိုင်းဆို အခန်းထဲမှာ သီချင်းအော်ဆိုတတ်တာက ရွှယ်မှူးပါ။

သည်နေ့တော့ ပိညွှက်ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများ ပျော်နေသလဲမသိပါ။

သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် လိုက်ဆိုကာနေ၏။ ရွှယ်မူး က လှမ်းမေးချင်ပေမယ့် မမေးဖြစ်သေးပါ။

*"ချစ်ဖူးတယ် ××× ရက်စက်မှုတွေနဲ့ မင်းနှုတ်ခမ်းလေး ကို ××× လှို့ဝှက်မှုတွေနဲ့ မင်းအပြုံးလေးတွေကို ဖန်တီးပေးတတ် လွယ်သော စကားများ ကိုယ်စွဲလမ်းခဲ့စေသော မင်းအနမ်းလေးတွေ ကို ××××အစဉ်အမြဲ ချစ်နေဆဲကွယ် ××× ကြင်နာသူလေးရေ သိလား"*

"ပီညွှက်"

သီချင်းသံဆုံးသွားတော့ လှမ်းခေါ်မိ၏။

"ဟင်"

"ဘာတွေပျော်နေတာလဲ"

ရှက်စနိုးလေး ရယ်သည်။

"ဟဲ့…ဘာရယ်နေတာလဲ"

"ရည်ရွှယ်မူးရေ"



www.burmeseclassic.com

www.burmeseclassic.com



နှာမည်အပြည့်အစုံကို တရင်းတနှီး ခေါ်လာ၏။

"ယောကျ်ားတွေကို ယုံကြည်လို့ရလားဟင်"

"ဘာရယ်"

"ယောကျ်ားတစ်ယောက် သူ့စိမ်းယောကျ်ားတစ်ယောက်ကို ဘယ်အတိုင်းအတာအထိ ယုံလို့ရလဲဟင်"

"ဘာလို့မေးတာလဲ"

"သိချင်လို့ပေါ့"

"ဘာလဲ...ရည်းစားရှိနေပြီလား"

"အင်း...ဟင့်အင်း"

ခေါင်းညိတ်ပြီးမှ ကမန်းကတန်း ခေါင်းခါသည်။

"အဖြေမပေးရသေးပါဘူး"

"ဘယ်သူလဲ"

ရွှယ်မှူးက စူးစူးစမ်းစမ်းကြည့်ကာ မေးလိုက်၏။

"ဆရာဇင်ရဲ"

ရွှယ်မှူး ဆတ်ခနဲဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး…ဒါပေမယ့် ဆရာဇင်ရဲ"

ပိညွက်က ပဟေဠိ လုပ်နေ၏။

"အဟင်း…ဟင်း ဆရာဇင်ရဲရဲ့ သူငယ်ချင်းလို့ပြောတာ၊ ရွှယ်မှူး သိပါတယ်၊ ခရမ်းသီးမျက်နှာကြီးနဲ့"

ပိညွက်က ရယ်ချင်စိတ်တစ်ဝက်နှင့် ဆို၏။

"ကြဲကြဲဖန်ဖန် ခရမ်းသီးမျက်နှာတဲ့"

"ဟုတ်တယ်လေ…ကြည့်ပါလား၊ သူ့မျက်နှာကြီးက ခရမ်းသီးလို ရှည်ရှည်မည်းမည်းကြီး"

ရွှယ်မှူးက တခစ်ခစ်ရယ်သည်။

"တကယ်ပါပဲ…ပိညွက်ရယ်၊ ချစ်သူကို ဂင်စားပုံက"

ဟု ဆိုတော့ ပိညွက်က…

"အမယ်လေး…မဟုတ်သေးပါဘူး" ဟု ငြင်း၏။

"မဟုတ်ရင် ဒီလောက်ပျော်နေမလား"

"သူရည်းစားစကားပြောတာ ရယ်ချင်လို့"

"ဟောတော့"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောရရင် ဆရာဇင်ရဲက ရွယ်မှူးကို ဂရုစိုက်တာ လေးနက်တာတွေ့ရတော့ ကိုယ့်အပေါ် လေးနက်မယ့် ချစ်သူတစ်ယောက်ရှိရင် ဘယ်လိုနေမလဲ သိချင်လာမိတယ်"

ပီညွှက်စကားတွေက ထူးဆန်းနေပါသည်။

ဘာမှမဟုတ်သေးဘဲ ဘေးကနေ အားကျသူက အားကျနေပါပြီ။

မရယ်ရဘူးလား။

ဇင်ရဲနှင့် ရွယ်မှူးက ဘာလဲ။

တကယ့်ကို ဘာမှမပတ်သက်သေးပါဘူး။ မနေ့တုန်းက မိုးရည်ကလည်း...

"ငါ့ဆီကို ချော့ကလက်နဲ့ ပန်းစည်း ဘယ်သူပို့မလဲ"ဟု သူလို နောက်သလိုနှင့် ပြော၏။

ဇင်ရဲ ပို့လိုက်သော ချော့ကလက်နှင့် နှင်းဆီပန်းတစ်ပွင့်ကို သူတို့က သဘောကျပြီး စ,လို့မဆုံး။

"ယုံရင်ကောင်းမလား၊ မယုံဘဲနေရမလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်...မယ် ရှင့်မျက်နှာကြီးက ယုံပြီးသား
ပိညွက်ရာ"

ရွှယ်မှူးက မျက်စောင်းရွှယ်သည်။

"ရွှယ်မှူး ပြောပြပါ၊ ယောကျ်ားတစ်ယောက်က အချ
မရွေး ပြောင်းလဲသွားနိုင်သလား၊ စိတ်ချထားလို့ရမလား၊ သူ့စိ
ပြောင်းလဲသွားပြီဆိုတာနဲ့ သူက သူစိမ်းသက်သက်ဖြစ်သွားမှာ

"စိုးရိမ်စိတ်တွေ များနေလိုက်တာ ပိညွက်ရယ်"

"အဲဒါ စိုးရိမ်တာလား"

"အဲဒါ အချစ်ရဲ့ကနဦး ပူလောင်ခြင်းပါပဲ"

"ဟုတ်လို့လား"

ပိညွက်က ထိတ်လန့်သွား၏။

"ဒါနဲ့ နေပါဦး၊ ဆရာဇင့်ရဲကို လေးနက်နေပြီး ဘယ်
ကဘယ်လို"

"ဟာ...မဟုတ်တာ၊ ဆရာဇင်ရဲကို လေးစားခင်မင်
ပါ၊ ရင်မခုန်မိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ရွယ်မူးက ပိညှက်မျက်နှာကလေးကို သေချာကြည့်၏။

နှင့် မခံချင်စိတ်ကြောင့် သည်ဝိုင်းထဲက အရင်ဦးဆုံး ထွက်

းတာလားဟု မသင်္ကာချင်။

ဖင်ရဲက ရွယ်မူးကို အရမ်းပဲ တုံ့ပြန်နေတော့ ပိညှက်စိတ်

ခံစားသွားရသလား။

ရွယ်မူး ပင့်သက်ရှိုက်မိ၏။

ဖင်ရဲကို ပိညှက်နှင့်တွေ့ပေးဖို့ ဆုံးဖြတ်မိ၏။

ရွယ်မူးက စေတနာသန့်သန့်နှင့် ကူညီခဲ့တာပါ။

ကြားထဲကနေ အမြတ်မထုတ်ချင်။ အခွင့်ရေးမယူချင်။

တ်ကြွားချင်ပါ။

သာတာတွေ့ရင် စိတ်ဝင်စားမှု ပြောင်းတတ်သော

ကျားတစ်ယောက်ကို တွေ့ဖူးထားတော့ ဘယ်ယောက်ျားကိုမှ

ရဲတာအမှန်။

ပိညှက်စိတ်ထဲမှာ အားငယ်သွားမလား။ ရွယ်မူးကို မျက်ရှု



www.burmeseclassic.com

www.burmeseclassic.com



သွားမလား ပူမိသည်။

ရွှယ်မှူးက ဟင်းနှင့်ဖုန်းကလေး ကောက်ယူပြီး ဝရန်တာ ထွက်ခဲ့၏။

ဆရာဒင်ရဲ၏ ဖုန်းနံပါတ်လည်း မသိပါ။ စာပေတိုက်က တစ်ဆင့် တောင်းရမည်။

အခန်းထဲမှာ သီချင်းသံဆူညံနေတော့ ပိညွှက်တစ်ယောက် ရွှယ်မှူး ဖုန်းပြောတာကို ကြားမှာမဟုတ်ပါ။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဇင်ရဲနဲ့ ပြောချင်ပါတယ်"

"ကျွန်တော် ဇင်ရဲပါ"

ရွှယ်မှူးက အသံကိုထပ်နှိမ့်ပြီး…

"ရွှယ်မှူးပါ"ဟု ပြောပြမိ၏။

ဇင်ရဲအသံက ခဏတော့ တိတ်သွားသည်။

"ဘတ်ဒေးအတွက် ဇေ့ရှိလုပ်ပေးတာ သိုင်းကျူးပဲ"ဟု ကျေးဇူးတင်စကား ဆိုမိ၏။

"ရပါတယ်"

ဇင်ရဲက စကား ဟက်ဟက်ပက်ပက်မဆိုဘဲ တိတ်နေ၏။ ပြီးမှ ခပ်တိုးတိုးမေးလာသည်။

"ကြာပန်းအိုးပေးတာ ယတြာချေတာလား"တဲ့။



www.burmeseclassic.com

 www.burmeseclassic.com 

ရွှယ်မှူး ရယ်ရမလို ငိုရမလို ဖြစ်သွား၏။ ဘယ်လိုရှင်း ပြရမလဲနော်။ ရှင်းပြလိုက်ရင်ရော သူက သူ့ပရိသတ် ပိညှက်ကို အသိမှတ်ပြု လက်ခံမှာလား။

"ယတြာချေတာ လုံးဝမဟုတ်ပါဘူး"

"ကျွန်တော့်မွေးနေ့ကို ဘယ်လိုသိတာလဲ"

ရွှယ်မှူးက မဖြေ။ ဖြေစရာမှ မရှိတာ။ သူ့မွေးနေ့ကို သိတာက ပိညှက်ပါ။ ရွှယ်မှူး မဟုတ်ပါ။

"အဲဒါ ကျွန်တော်သိချင်တယ်"

"သိချင်ရင် လာခဲ့မလား"

အရဲစွန့်ကာ ခေါ်မိပြီးမှ သူငြင်းလိုက်ရင် အရှက်ကွဲမှာပဲ ဟု တွေးပူမိပါ၏။

"ဘယ်ကိုလာရမလဲ"

"ဟို…မိုးပျံပူဖေါင်းတွေ လာချိတ်တဲ့ခြံ"

"အိမ်ကိုပေါ့"

"အဲဒါ ရွှယ်မှူးအိမ်မဟုတ်ဘူး၊ သံချိုတို့အိမ်ပါ၊ သံချိုကို



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား၊ ရွှယ်မွှားတို့အဖွဲ့ထဲကပဲ"

"သိပါတယ်"

"သံချိုတို့အိမ်မှာ ခဏလာနေတာပါ"

"အင်း…အဲဒီကိုလာခဲ့ရမှာလား"

"ဟုတ်တယ်"

"ပြီးရော…လာခဲ့မယ်"

ဆရာဇင်ရဲက မြန်မြန်ပဲ ဖုန်းချသွား၏။

သိပ်မကြာဘဲ ရောက်လာတော့ ရွှယ်မွှား မျက်လုံးကလေး ဝိုင်းကာ အံ့အားသင့်သွားရပါသည်။

သူက ခြံရှေ့ရောက်မှ "ကျွန်တော်ရောက်ပြီ" ဟု ဖုန်းဆက်လာ၏။ ရွှယ်မွှားက ကိုယ့်ပုံစံကလေးကို မှန်ထဲတစ်ချက်ကြည့်မိ၏။ ဆံပင်တွေများ ပွနေမလား။ မျက်နှာများ အဆီပြန်နေမလား ထို့ပါ။

"ပိညွက်"

သီချင်းသံနှင့် ပိညွက်က မကြား။



www.burmeseclassic.com

www.burmeseclassic.com



"ပိညွက်"

ပခုံးကိုသွားပုတ်ပြီးခေါ်မှ 'ဟင်'ဟု လှည့်ကြည့်လာတော့သည်။

"ခဏနေရင် ဆင်းခဲ့ဦး"

"ဘာလုပ်ဖို့လဲ"

"ဆင်းလာရင်သိမှာပေါ့"

ရွှယ်မွှားက ပဟေဠိလုပ်ထားခဲ့ပြီး ဆင်းလာ၏။

ကိုယ်တိုင်ကိုယ်ကျ ခြံဝင်းတံခါးကို သွားဖွင့်ပေးရသည်။

စူးလက်ရှန်းရှိသော မျက်ဝန်းငေးငေးတစ်စုံကြောင့် ရင်ထဲမှာ တဖျတ်ဖျတ် ခါသွားရတာအမှန်။

ဖင်ရဲ့မျက်လုံးတွေက အသက်ပါလွန်းလှ၏။

သူမရင်ထဲကို ထွင်းဖောက်မတတ် ကြည့်လိုက်ကာဝါး စပို့ရှပ်လက်ရှည်တစ်ထည်နှင့် ဘောင်းဘီရှည်တစ်ထည်နှင့် ပေါ့ပေါ့ပါးပါး ပုံစံပါပဲ။ ရှိုးမထုတ်တတ်ပါ။ ဖုန်းပြောပြီး ချက်ချင်းထွက်လာပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာပါဆရာ၊ အိမ်ထဲဝင်ပါဦး"

"ဖြစ်ရဲ့လား"

"ရှင်"

"သူငယ်ချင်းတွေက ညှို့သည့်အိမ်ခေါ်တာ ကြိုက်ရဲ့လား"

"ဪ…ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ လာပါ"

စောစောတုန်းက သူ့မအိမ်မဟုတ်ဘူးဟု ပြောပြထားတာ မို့ ဇင်ရဲက အားနာနေဟန်ပါ။

"ထိုင်ပါဦးနော်…ကော်ဖီဖျော်ခဲ့မယ်"

"ရပါတယ်၊ နေပါစေ"

"မဟုတ်တာ…ကော်ဖီသောက်ရင်း စကားပြောကြတာ ပေါ့"ဟု မီးဖိုချောင်ဘက် ဝင်ခဲ့ရပေမယ့် ကစ်ခါမှ ရွှယ်မွှားက ကိုယ်တိုင်ကော်ဖီဖျော်လေ့ မရှိ။ ချစ်သူနှင့်လမ်းခွဲပြီးကတည်းကပါ။

ခုမှ ပထမဦးဆုံး လူတစ်ယောက်အတွက် ကော်ဖီပြန်ဖျော် ပေးရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပိညွက်က လှေကားဆင်းလာရင်း ညည့်ခန်းမှာထိုင်နေသော ညည့်သည်ကိုမြင်တော့ အရမ်းအံ့ဩတုန်လှုပ်ကာ ခြေလှမ်းတန့်ရင်း လှေကားအောက်မှာ တောင့်တောင့်ကလေး ရပ်နေမိ၏။ ဆိုက်ဆိုက်မြိုက်မြိုက် အိမ်အထိကို ရောက်လာပြီပဲ။ ကျေနပ်စွာ ပြုံးမိသည်။

ရွှယ်မှူးနှင့် ဆရာဇင်ရဲက အတွေးအခေါ်ချင်း တူသည်။ အောင်မြင်မှုချင်း တူသည်။ မွေးနေ့ချင်းလည်း တူသည်။ သူတို့ချင်း အင်မတန်လိုက်ဖက်ပါသည်။

"ပိညွက်ရေ...လာလေ"

ကော်ဖီခွက်နှင့် ထမင်းစားခန်းဘက်က ထွက်လာသော ရွှယ်မှူးက လှမ်းခေါ်၏။

"အင်း"

ပိညွက် တုံ့ဆိုင်းဆိုင်းနှင့် ရောက်လာရတော့သည်။

ဆရာဇင်ရဲ ရောက်နေမှန်းသိလျှင် ဆင်းမလာပါ။

အခုတော့ ရှောင်၍မရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပက်ပင်းတိုးသွားပြီ။

"ပိညွက်ရေ...ဆရာဇင်ရဲက သူ့မွေးနေ့ကို ဘယ်လိုသိတာလဲတဲ့၊ မေးနေတယ်၊ ပြောပြလိုက်ဦး၊ ပိညွက်က ဆရာဇင်ရဲရဲ့ ပရိသတ်လေ၊ ဆရာ့စာအုပ်တွေ ဝယ်သိမ်းထားတာ၊ ခဏခဏပြန်ဖတ်တယ်၊ သူက မွေးနေ့လက်ဆောင် ကြာပန်းအိုးလေး လက်ဆောင်ပေးပေးပါဆိုတာနဲ့ သူက မပေးရဲဘူးတဲ့လေ၊ အဲဒါကြောင့် ရွှယ်မှူးက ပေးပေးရတာပါ၊ ပိညွက်ကို ကူညီပေးတာပါ"

ပိညွက်က လက်ကလေးဆွဲကာ ဘယ်လိုပဲတားတား ဆရာဇင်ရဲမျက်နှာ ဘယ်လောက်ပဲပျက်ပျက် ဂရုမစိုက်နိုင်တော့ပါ။ သည်စာတ်လမ်းထဲကနေ ရုန်းထွက်မှဖြစ်မည်။ ဘုမသိဘမသိ ရောမပါချင်။

ဇင်ရဲလည်း ရွှယ်မှူးကို တစ်မျိုးမထင်စေချင်ပါ။ ပိညွက်လည်း စိတ်ဒုက္ခရာမရစေချင်။

ကျေးဇူးပြု၍ ရွှယ်မှူးကို ရုန်းထွက်ခွင့်ပြုလိုက်ပါတော့။ ဆက်ပြီးမညာချင်။ အမှန်တရားကို သိဖို့ ရွှယ်မှူး ကြိုးစားပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝမှာ ယောကျ်ားလေးတစ်ယောက်ကို စပြီး မေတ္တာရှိဖို့ ရေလာမြောင်းပေးဖို့ စိတ်ကူးမရှိ။

ပိညွက်ကို ကူညီတာပဲဆိုပြီး ကိုယ်က ဝုံဝုံစားစား မကြောက်မရွံ့ သူ့ရှေ့ရောက်သွားမိခဲ့တာမဟုတ်လား။

ဇင်ရဲက မျက်နှာတော်တော်ပျက်သည်။

ခွင့်လွှတ်ပါ၊ ရွှယ်မှူးက ရှင်းရှင်းလင်းလင်းပဲ ဖြစ်ချင်သည်။ ဇင်ရဲက ရွှယ်မှူးကို အကြာကြီး ငေးစိုက်ကြည့်နေ၏။ ပြီးမှ...

"မပိညွက်က ကျွန်တော့်ပရိသတ်ဆိုတော့ တွေ့ရတာ ဝမ်းသာပါတယ်၊ အမြဲတမ်းလည်း အားပေးနေပါဦး ကျွန်တော့် စာအုပ်တွေလည်း ယူလာခဲ့ပေးမယ်"

"ဟုတ်ကဲ့"

ပိညွက်က မျက်လွှာလေးချပြီး ငြိမ်သက်နေ၏။

"မွေးနေ့ကို ဘယ်လိုသိတာလဲ"

ဇင်ရဲနှင့် ပိညွက် စကားပြောနေတာကို ရွှယ်မှူးက ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိပါသည်။

ခ

ခဏကြာတော့ ပြုံးရည်က ပိညွှက်ကို ဖုန်းလာနေတယ်ဟု လာခေါ်သည်။ ပိညွှက်က ညည့်ခန်းမှာချထားသော ဖုန်းကိုမကိုင်။

သိုသိပ်လှို့ဝှက်လွန်းတာကို ရွယ်မှူးတို့က သိပြီးသားပါ။ ဖုန်းပြောလျှင် ကော့လက်(စ်)ယူပြီး ဝရန်တာတံခါးပိတ်ကာ ဝရန်တာမှာ ထွက်ပြောတတ်သူပါ။

"ရွယ်မှူး"

စင်ရဲက ရွယ်မှူးကို သေချာကြည့်လာ၏။

"ကျွန်တော် တစ်ခုမေးချင်တယ်"

"မေးလေ"

"အမှန်တိုင်းဖြေမလား"

"ဖြေနိုင်တာဆိုဖြေမှာပေါ့"

စင်ရဲက တွေးတွေးဆဆနှင့် မေးလာ၏။

"ပိညွှက်က ကြာပန်းအိုးပေးပေးဖို့အတွက် ပရက်ရှာ(ဖိအား)ပေးခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…လုံးဝမဟုတ်ဘူး"

သူအထင်မှားနေပါပြီ။ ပိညွက်က ဖြူစင်ရိုးသားသူပါ။ သူများကိုလည်း အနိုင်မကျင့်တတ်ပါ။

"ရွယ်မှူးက သူတို့အိမ်မှာနေရလို့ မလွှဲမရှောင်သာ လုပ်ပေးရတာမျိုးလား"

"မဟုတ်ပါဘူး၊ ပိညွက်က ရိုးသားပြီး ခင်စရာကောင်းပါတယ်၊ ဒီကိစ္စကို ဖွင့်မပြောပဲ ထားလိုက်ရင် မရိုးသားရာ ရောက်မှာပေါ့၊ ပိညွက်အပေါ် မတရားရာရောက်မယ်လေ၊ အဲဒါကြောင့်ပါ"

"ဩော်"

"ရွယ်မှူးက စိတ်ရှင်းချင်တယ်၊ ကိုယ်ပေးတာမဟုတ်ဘဲနဲ့ ကိုယ်ပေးသလိုလိုနဲ့ မေ့ပြီးမသွားချင်ဘူး၊ ပိညွက်အတွက် ကူညီခဲ့တာမဟုတ်လား၊ ဆရာဇင်ရဲက အဲဒီလိုတွေ လုပ်လာတော့ ပိညွက်ကို အရှမ်းအားနာတယ်၊ မြန်မြန်ရှင်းပြချင်တယ်"

ဇင်ရဲက ရွယ်မှူး မျက်နှာလေးကို ငေးကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားဖြူစင်သန့်ရှင်းမှုကြောင့်လား မသိပါ။ သူ့မျက်နှာကလေးက စိမ့်စမ်းရေလို ကြည်လင်အေးမြကာနေပါသည်။

"ကျွန်တော် ပိညွက်ကို ပရိသတ်တစ်ယောက်အနေနဲ့ အသိအမှတ်ပြုပါတယ်၊ ဒါပေမယ့် ရွယ်မူးကို ခင်နေမိပြီ"

"ရှင်"

ခင်ရဲ မျက်လုံးတွေကို အလန့်တကြား မော့ကြည့်မိ၏။

မွေးနေ့လက်ဆောင်ကို ကိုယ်ပေးခဲ့တာ မဟုတ်ပါဘူးဟု ရှင်းပြပြီးပြီ။ ပိညွက်ကိုလည်း မိတ်ဆက်ပေးပြီးပြီ။ သို့ပေမယ့် သူက ဖွဲ့မလျှော့သေးဘဲ ရွယ်မူးကိုခင်ဖို့ ကြိုးစားနေသည်။

"ကျွန်တော် ရွယ်မူးကို ခင်လို့ရမလား"

"ရပါတယ်"

ခေါင်းခါငြင်းရမှာလည်း အားနာမိသည်။

ခင်ရဲက တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံကို နားစွင့်ရင်း သူ့ကိုယ်သူ သေချာလာသလိုပါ။

သူဟာ အချစ်တစ်ခုကို လွယ်လွယ်နှင့် လက်ခံမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အထိနာဖူးသည်။

ဘာပဲဖြစ်ဖြစ် သူ့ သေသေချာချာ စိတ်ရှည်လက်ရှည် စဉ်းစားဆုံးဖြတ်မှာပါ။

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇင်ရဲ ပြန်သွားပြီးတော့ ရွှယ်မှူး ခြံထဲမှာ လမ်းလျှောက်ရင်း အကြာကြီးနေမိသည်။

ကိုယ့်ထက် အစစအရာရာ သာသော မိန်းမတစ်ယောက်ကို တွေ့လာသောအခါ ထိုမိန်းမနှင့် နီးစပ်ပတ်သက်ခွင့်ကို ရလာသောအခါ၊ ကိုယ့်ကို ချစ်သည်ဟု တဖွဖွပြောနေခဲ့သော ယောကျ်ားသည် ချက်ချင်းလိုလိုပဲ အချစ်တွေ အရောင်ပြောင်းသွားခဲ့ပါသည်။

ရွှယ်မှူး အရှမ်းခံစားခဲ့ရသည်။

အရှမ်းနာကျင်ခဲ့ရသည်။

အချစ်ဦးမို့ အရူးအမူးချစ်ခဲ့သည်။

အသည်းကွဲခဲ့သည်။ တော်တော်နှင့် နလန်မထူခဲ့။

အခုမှ ကိုယ့်ဘဝကလေး အနည်ထိုင်လန်းဆန်းလာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကိုယ် ဘယ်သူ့ကိုမှ မချစ်ရဲတာအမှန်။

အချစ်ကို ကိုယ်မယုံရဲ။

အချစ်သည် အင်မတန် နူနယ်ပျော့ပျောင်းသော ကြိုးတစ်ချောင်းပါ။

သူ့မှာ ခံနိုင်ရည်စွမ်းအား နည်းပါးသည်။

ပစ္စည်းဥစ္စာ၏ ဖြားယောင်းမှုကိုလည်း သူမခံနိုင်။ အလှအပ၏ သွေးဆောင်မှုကိုလည်း သူမခံနိုင်။ အောင်မြင်ကျော်ကြားမှု၏ ဖမ်းစားမှုကိုလည်း သူမခံနိုင်။ အချစ်ဆိုတာ ခံနိုင်ရည်ရှိသော အရာမဟုတ်။ ရှယ်မှူးကတော့ အဲဒီလိုပဲ သတ်မှတ်နားလည်ထားသည်။

ဒုက္ခနှင့်တွေ့လာလျှင် အချစ်သည် ဝေးဝေးပြေးပြီ။

သို့ကြောင့် အချစ်ကို အရှုံးမပေးချင်။

အချစ်မှာ ပျော်ဝင်ကျရှုံးရမှာ ကြောက်သည်။

အချစ်ကို မကိုးကွယ်ချင်ပါ။

တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်နဲ့ အပ်တစ်ခုခုတို



www.burmeseclassic.com

www.burmeseclassic.com


တည်ဆောက်ဖို့ လိုအပ်လာလျှင် နားလည်မှုချင်း ညီမျှခဲ့လျှင် တစ်ယောက်အပေါ် တစ်ယောက် သည်းခံနိုင်ရင် လက်တွဲသွားကြ ရုံ။

လက်တွေ့ဆန်သောဘဝကို ဖန်တီးချင်သည်။

အဲဒါက ရွှယ်မှူး၏ ဆုံးဖြတ်ချက်ပါ။

ချစ်တိုင်းလည်း မခါးဟု စကားရှိခဲ့ပေမယ့် ရွှယ်မှူး ထိတွေ့ခံစားခဲ့ရသော အချစ်က ခါးသက်လွန်းလှပါသည်။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



ဇင်ရဲက စီးကရက်ကို နှုတ်ခမ်းဖျားမှ ချိတ်လျက်က စာကြည့်စားပွဲမှာ ဝင်ထိုင်လိုက်သည်။ သူ့ရဲ့ထိုင်ခုံက ကျွန်းသား နှင့် ခပ်မြင့်မြင့် ပြုလုပ်ထားတဲ့ထိုင်ခုံ။ ကျောမှီမှာ ကျွန်းကနုတ်နှင့် ဖြစ်ပေမယ့် အခင်းမှာ လယ်သာခင်း။ ထိုင်ရတာ အင်မတန် သက်တောင့်သက်သာရှိပါသည်။

စာကြည့်မီးကိုဖွင့်၊ ရေးလက်စ စာအုပ်ကိုပါ လှန်လှော လိုက်သည်။ ပြီးမှ မျက်စိလေးမှေးကျဉ်းတဲ့အထိ စီးကရက်ကို အားပါးတရ ရှိုက်ဖွာလိုက်သည်။

ရေးလက်စ လုံးချင်းဝတ္ထုက ဇာတ်သိမ်းပိုင်းနား ရောက်နေ ပြီ။

ဟာသလေးလည်းပါ၊ ဝိုစရာလေးလည်းစွက်၊ ဘဝသရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပါ ပါအောင် ရေးထားတဲ့ ဓာတ်လမ်း။

အစပိုင်းမှာ သူတို့ထား မှတ်ထားတဲ့ အချက်အလက်တွေ အားလုံးကို ခင်းကျင်းပြသပြီး ဝတ္ထုရဲ့အလယ်မှာ အခက်အခဲမျိုးစုံ ကျော်လွှားပြီး မိန်းကလေးရဲ့ အချစ်ကို ရယူနိုင်ခဲ့သည်။

သူ့ရဲ့ဓာတ်လိုက်မင်းသားဟာ သူနှင့်မတူ။

ကိုရီးယားမင်းသားလေးလို ချောမောတည်ငြိမ်သည်။

ဆွဲဆောင်ဖမ်းစားနိုင်သော အပြုံးလက်လက်ကိုလည်း ပိုင်ဆိုင်သေးသည်။

မင်းသမီးကတော့ ဘယ်သူနဲ့တူသလဲ။

စကားပြောပုံ လေယူလေသိမ်းဟာ မသိမသာနဲ့ ရှယ်မှုး နှင့်များ သွားတူနေမလား။

ဇင်ရဲက နှုတ်ခမ်းလေးစေ့ကာ တစ်ချက်ပြုံးလိုက်သည်။

တူရင်လည်း တူပါစေလေ။

ကိုယ့်မျက်စိထဲတွေ့တဲ့၊ ကိုယ်ဖီလင်လာတဲ့ မိန်းကလေးပုံစံ ပဲ၊ ဘာဖြစ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရေးဖို့ သူဆုံးဖြတ်သည်။

အခက်အခဲတွေ ဖြတ်ကျော်လာပြီးတဲ့ မင်းသားနဲ့ မင်းသမီး ဟာ ဇာတ်သိမ်းခန်းမှာ ပေါင်းဖက်သင့်လား။

ညားပေးရမလား၊ ကွဲပေးရမလား ဖင်ရဲ စဉ်းစားသည်။

ကွဲပေးရင်တော့ ပိုလွယ်သည်။

ယူရင်သာ ဘယ်သူမှ သဘောမတူဘဲ နှစ်ဦးသဘောတူ လက်ထပ်ရမှာဖြစ်သည်။

အင်း...ညားပေးမယ်ဆိုရင်...။

အရင်ဆုံးရေးရမှာက သဘောမတူလို့ သွေးတိုးပြီး ဆေးရုံ ရောက်တဲ့ ကောင်လေးရဲ့ အမေကို အမြန်ပြန်နေကောင်းပေးလိုက်။

ပြီးရင်...အဲ... သူယောက်ျားပေးစားခဲ့တဲ့ သမီးဖြစ်သူက လင်မယားရန်ဖြစ်ပြီး သူ့ဆီဆင်းလာခဲ့၊ ပြီးတော့မှ အဘွားကြီးက အိမ်ထောင်ရေးအရှုပ်အထွေးတွေထဲ တရားခံဖြစ်ပြီး ရင်မောရတာ သဘောပေါက်သွားပြီးတော့ သူ့သားရဲ့ ချစ်သူကိုလည်း ဘာမှမဆ ဖန်ချင်တော့တဲ့ စိတ်ကူးမျိုးပေါ်လာ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ သားရေ၊ မေမေလည်း မင်းတို့ကိစ္စ ဝင်မပါချင်တော့ပါဘူး၊ ဆရာဒုန်ကလည်း ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်၊ သားသမီးတွေအပေါ် မျှော်လင့်ချက်သိပ်မထားနဲ့၊ တော်ကြာ ကိုယ်ပဲ ခံစားရမှာလို့ သတိပေးလိုက်တယ်"

တကယ်လည်း ကိုယ်စီးရမယ့် ဖိနပ်တောင် ကိုယ်ရွေးချယ်တာ အကောင်းဆုံးပဲ၊ မင်းနဲ့တော်မတော်၊ လိုက်မလိုက်၊ မင်းကြိုက်မကြိုက်၊ ဈေးနှုန်းသင့်မသင့် အားလုံး မင်းပဲဆုံးဖြတ်တော့၊ အမေစီးမယ့် ဖိနပ်လည်း မဟုတ်ဘူးလေ၊ ဒုက္ခခံပြီးရွေးလည်း မင်းစီးတဲ့အခါ ဖိနပ်ပေါက်ရင် ရွေးဝယ်ပေးတဲ့ မေမေ့အပြစ်ပဲလာမှာ၊ ဒီတော့ မလုပ်ပါဘူးသားရယ်၊ ကောင်းတာဆိုးတာ အားလုံး မင်းတာဝန်ပဲ၊ မင်းစီးမယ့် ဖိနပ်တစ်ရံကို မင်းဘာသာပဲ ကြည့်ရွေးပေတော့"

ခင်ရဲက စိတ်ထဲကနေ အရင် စကားလုံးစီကြည့်သည်။ ဟုတ်တယ်လေ။ ဖိနပ်တစ်ရံဝယ်ရင်တောင် စိတ်ကြိုက်တွေးဖို့ ခဲယဉ်းသေးတာ၊ မိန်းမတစ်ယောက်ယူတာ လွယ်မလား။



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေခဲ့ရင် လမ်းမှာ ပြန်ချက်ခဲ့လို့လည်း ရတာမဟုတ်။ ဆိုဒ်သေးရင်လည်း ဖနောင့်က ထွက်နေဦးမယ်၊ ကြီးနေပြန်ရင်လည်း ဖိနပ်နောက်မြီးက မိုးရေထဲသွားတဲ့အခါ ရွှံ့စင်ဦးမယ်၊ ဈေးပေါရင်လည်း ကွာလတီကညံ့ဦးမယ်၊ ဈေးကြီးတဲ့ All star လို ဖိနပ်မျိုးကြ ကိုယ်ကဝယ်ဖို့ ပိုက်ဆံတတ်နိုင်ဦးမှ…။

ဟား…မဖြစ်ဘူး၊ ရေးရင်းနဲ့ ဖိနပ်အကြောင်း ရောက်သွားလိမ့်မယ်ထင်တယ်။

ပြီးတော့ သူ့ရဲ့ချစ်သူ ကောင်မလေးကို ဖိနပ်တစ်ရံနဲ့ ခိုင်းနှိုင်းဥပမာပေးသလိုလည်း ဖြစ်နိုင်သည်။

သို့သော် ထိုဥပမာက သင့်တော်နေသည်။

ဒီတော့ ဒီအတိုင်းပဲ ရေးရမည်။

ဇင်ရဲက ဘောလ်ပင်နဲကို နှိပ်ဖွင့်လိုက်သည်။

သူက အဖုံးစွပ်ရသော ဘောလ်ပင်နဲကို မကြိုက်။ နှိပ်ဖွင့်ရတာ ပိုကြိုက်သည်။ အဖုံးကို နှိပ်ဖွင့်ဆော့ကစားရင်း ဖာတ်လမ်းစဉ်းစားလို့ ရလာတတ်သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော ဝတ္ထုထဲက ဇာတ်လိုက်တွေကို မကွဲစေချင်။ ပေါင်းပဲပေါင်းပေးချင်သည်။ ဆုံစည်းရသော ဇာတ်သိမ်းတွေပဲ ရေးချင်နေတာ ဘာကြောင့်မှန်းမသိပါ။

အပြင်မှာရော လူတွေဟာ ချစ်တဲ့ရည်းစားနဲ့ ကွဲချင်လို့လား။ ဆုံစည်းပါရစေလို့ပဲ ဆုတောင်းကြတာ မဟုတ်ဘူးလား။

မရအရ ခိုးပြေးတာပဲမဟုတ်လား။

အခုတလော ဇင်ရဲစိတ်တွေကလဲ နူးညံ့ပျော့ပျောင်းနေသလား မဆိုနိုင်။

အသည်းကွဲဇာတ်မျိုး သူမရေးချင်ဘဲ ဖြစ်နေသည်။

ဘာကယ်တော့ သူလည်း မသင့်တော်တဲ့ ဖိနပ်တစ်ရံကို စီးကြည့်ခဲ့ဖူးသည်။

လှတာတော့ အစွမ်းကုန်လှသည်။

လှသလောက် လူကိုဒုက္ခပေးတဲ့ ဖိနပ်လေး။ ငယ်ရွယ်တဲ့ လူပျိုပေါက် အချိန်လေးကဆိုတော့ သူကလည်း သားနားတာ လှပတာ၊ ဆွဲဆောင်နိုင်တာ၊ အများကြိုက်တာ ဒါတွေကိုပဲ ဦးစား



www.burmeseclassic.com

www.burmeseclassic.com



ပေး ကြည့်တတ်ခဲ့သည်။

တံဆိပ်အတုဖြစ်ပြီး မခိုင်ခန့်မှာ သူ့ကို လူကြားထဲ ပြတ်တောက်အရှက်ကွဲစေနိုင်တာ သူ မရိပ်စားမိခဲ့ပါ။

နေ့စဉ်နေ့တိုင်း သူနှင့်မခွဲမခွာ သူ့အကူအညီနှင့် ဘဝခရီးကို တစ်လှမ်းချင်း လျှောက်သွားဖို့အသိလည်း စိတ်ကူးယဉ်မျှော်လင့်ခဲ့ဖူးသည်။

ကိုယ်က အရှုံးအမှုး ကြိုက်မိတာကိုး။

ဘာပဲဖြစ်ဖြစ် ကိုယ့်အဖော် ဖြစ်ချင်ခဲ့တာကိုးဗျာ။

သူနှိပ်စက်သမျှ ခံရတော့တာပေါ့။

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောင်းရွှေ့လာသော ရပ်ကွက်ကလေးက ဆိတ်ငြိမ်သာယာသည်။ လမ်းမတန်းမှာ ခြံဝင်းကျယ်ကြီးတွေ တိုက်ကြီးတာကြီးတွေနှင့် ခမ်းနားလှပသည်။

သို့သော် ဇင်ရဲတို့နေတဲ့ အတွင်းပိုင်းမှာတော့ သစ်သားအိမ်လေးတွေ အများအပြားရှိသည်။

လမ်းမကနေ ထိုလမ်းသွယ်ကိုရောက်ဖို့ အတော်ကြီးလျှောက်ရသည်။

ဇင်ရဲဟာ အဲဒီတုန်းက တက္ကသိုလ်ရောက်ခါစ ပွင့်လင်းတက်ကြွသောအရွယ်။

လွယ်အိတ်ကလေးလွယ်ပြီး ထမင်းချိုင့်လေးဆွဲကာလျှောက်သွားတတ်တဲ့ ဇင်ရဲပုံစံက ကလေးလို ရိုးသားဖြူစင်နေ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောင်းရွှေ့လာသော ရပ်ကွက်ကလေးက ဆိတ်ငြိမ်သာယာသည်။ လမ်းမတန်းမှာ ခြံဝင်းကျယ်ကြီးတွေ တိုက်ကြီးတာကြီးတွေနှင့် ခမ်းနားလှပသည်။

သို့သော် ဇင်ရဲတို့နေတဲ့ အတွင်းပိုင်းမှာတော့ သစ်သားအိမ်လေးတွေ အများအပြားရှိသည်။

လမ်းမကနေ ထိုလမ်းသွယ်ကိုရောက်ဖို့ အတော်ကြီးလျှောက်ရသည်။

ဇင်ရဲဟာ အဲဒီတုန်းက တက္ကသိုလ်ရောက်ခါစ ပွင့်လင်းတက်ကြွသောအရွယ်။

လွယ်အိတ်ကလေးလွယ်ပြီး ထမင်းချိုင့်လေးဆွဲကာလျှောက်သွားတတ်တဲ့ ဇင်ရဲပုံစံက ကလေးလို ရိုးသားဖြူစင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့အမေရဲ့ စက်ချုပ်ဆိုင်က ဝင်ငွေနှင့် ချမ်းတောင့်ချမ်းသာ မဟုတ်ပေမဲ့ သူတို့သားအမိဘဝက အေးချမ်းပြည့်စုံနေတာ အမှန်။

ဇင်ရဲက ငယ်ငယ်ကတည်းက စာပေ ကဗျာတွေပဲ လိုက်စားသည်။ စာရူး ကဗျာရူးလေး ဆိုပါတော့။

ပိုက်ဆံရပြီဆိုတာနှင့် စာအုပ်ဝယ်မည်။ မဝယ်နိုင်ရင် ငှားဆိုင်ကနေ ငှားဖတ်မည်။

ကျောင်းမှာ သူငယ်ချင်းတွေစုပြီး ကဗျာစာအုပ်လေး ပြုစုပြီဆိုရင် ဇင်ရဲ ရှေ့ဆုံးက ပါဝင်မည်။

အချစ်ကဗျာလေးတွေချည်းပဲ တစ်အုပ်တစ်အုပ် အပြည့်။ ကိုယ်တိုင်လည်း ကျောင်းမှာ လိုက်ရောင်းသည်။ စာအုပ်မဝယ်ရင်လည်း သူက ခင်ရာမင်ရာတွေကို သူ့ကဗျာ အတင်းဖတ်ခိုင်းတတ်သေးသည်။

အချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲခြင်းရဲ့ သင်္ကေတတစ်ခုပေါ့ဗျာ။

ပန်းပွင့်လေးကနေ…

ဟော…ကြည့်နေ…

ဓါးတစ်လက်ဖြစ်သွားပြီ…

မတော်တဆ ဆင်းရဲခြင်းဝင်လာရင်

အချစ်က ရုတ်တရက်နဲ့

ထွက်ပြေးသွားတော့တာပဲ။

"ဘာတွေရေးတာလဲ၊ ကဗျာလား၊ အဲဒါဘာကြီးလဲ"

အဲလိုဝေဖန်တာလည်း ရှိပါသည်။

ဘာပဲဖြစ်ဖြစ် ဇင်ရဲကတော့ ခွဲမလျှော့၊ လက်မလျှော့ အားမလျှော့ဘဲ ရေးမြဲရေးပါသည်။

ဝတ္ထုတိုတွေလည်း ဟိုပို့ဒီပို့နှင့် မဂ္ဂဇင်းတိုက်စုံအောင် ပို့နေသည်။

အိမ်မှာလည်း သူဝယ်ယူစုဆောင်းထားတဲ့ စာအုပ်တွေ ဆောင်ပုံယာပုံ အထပ်ထပ်နှင့် ဟိုနားဒီနား ထားစရာမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



အမေက အိမ်ရှင်းတိုင်း ဆူသည်။

"သားရေ…မင်းစာအုပ်တွေလုပ်ဦး၊ အမေတို့တစ်အိမ်လုံးလည်း စာအုပ်နဲ့တင် ပြည့်နေပြီ၊ တခြားပစ္စည်း ဘာမှထားမရတော့ဘူး"

ဇင်ရဲက ပြုံးစိစိနှင့် မကြားယောင်ဆောင်ရသည်။

"ဟဲ့…ကြားရဲ့လား"

အမေက နားရွက်ဆွဲလိမ်လျှင် သူရယ်ပြီး…

"ခဏသည်းခံပါမေမေရာ၊ ဒါက သားရဲ့ရွှေတွေပါ"

"အမယ်လေးနော်…နင့်ရွှေကလည်း"

"နောက်ဆို သားကိုယ်တိုင် နံရံကပ်ဘီရို ရိုက်ပေးမှာပါ"

"အလိုလေး…နောက်ထပ်ကုန်ဦးမှာပါလား၊ နံရံကပ်ဘီရိုတဲ့"

အမေက သူ့ကို ခပ်မဲ့မဲ့ မေးငေါ့သည်။

အဲဒီလိုနှင့် သူ စာရေးဆရာဖြစ်ချင်ခဲ့တာ သူ့ငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အကုန်လုံးသိ။

အဲဒီအချိန်၊ အဲဒီအရွယ်မှာပဲ သူက စိတ်ကူးယဉ်ပြီး မသင့်တော်တဲ့ ဖိနပ်တစ်ရံကို စီးကြည့်ဖို့ လိုချင်မက်မောခဲ့တာဖြစ်သည်။

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



*×××မင်းကိုယ်တိုင်မသိအောင် လျှို့ဝှက်ထားတာ ××× ရင်တွေခုန်တတ်စအရွယ် ××× ငယ်ဘဝမှာချစ်တဲ့စိတ်ဟာ ဆန်းကြယ်စွာ ××× ပိုင်ဆိုင်ခြင်းရဲ့တစ်ဖက်မှာ ကျန်ရစ်ခဲ့ ××× ငယ်ရွယ်စဉ်မှာ အချစ်ကအိပ်မက်လို ××× ငယ်ရွယ်စဉ်မှာ အချစ်က တိမ်တိုက်တစ်ခုလို ××××*

ခင့်ရဲ့တို့ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေးမှာ ညဦးပိုင်း၌ လူစည်ကားလှသည်။

ရှေ့မျက်နှာစာအပြည့် ခင်းထားတဲ့ စားပွဲဝိုင်းတွေမှာ နေရာလပ်ပင်မရှိ။

"ဖိုက်စတား" လက်ဖက်ရည်ဆိုင်က သီချင်းသစ်တွေလည်း အကုန်ဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သာဂါဆောင်းဘောက်စ်ကြီးတွေကလည်း သိပ်ကောင်းသည်။ အသံက မြောက်နေသည်။ လန်နေသည်။

ကျစိမ့်လက်ဖက်ရည်ကို တစ်ငုံချင်း စိမ်ဆွဲအရသာခံကာ သောက်ရင်း သီချင်းနားထောင်ရတဲ့ ဖီလင်ဟာ ဘာနှင့်မှ မတူ။

ခင်ရဲတို့ဘော်ဒါတွေ ညတိုင်းလိုလို ဖိုက်စတားမှာ ဆုံကြသည်။

သူမလာရင်လည်း ဒီကောင်တွေက စက်ဘီးနှင့် အိမ်အထိ လိုက်ခေါ်သည်။

အမေက ဆယ်နာရီနောက်ဆုံးထားပြီး အိမ်ပြန်ဝင်ဖို့ သတ်မှတ်ပေးထားတာကြောင့် ဆယ်နာရီထိုးဖို့ ဆယ်မိနစ်အလိုဆိုတာနှင့် ခင်ရဲက ထပြန်တတ်စမြဲ။

*xxxငါလွမ်းနေလည်း ကျေနပ်လို့သွားမယ် xxx ကျန်နေခဲ့ပြီ ငါ့တစ်ယောက်တည်း xxxxချစ်တာမင်းသိရင် ငါ့မှာတော်ပြီ ဒီဘဝတော့ xxx ငါဟာတကယ်ကို ချစ်လျှက်နဲ့သာ xxx နှင့်သားအရှုံးကိုရွေး xxx*



www.burmeseclassic.com

www.burmeseclassic.com



*ရင်ခုန်သံများ xxx ဖြားယောင်းမိပြီ xxxပေးဆပ်မယ့် အချစ်ဝင့်ကြွေး xxx*

ဇင်ရဲက သီချင်းကိုခံစားနေဆဲမှာ သူတို့ရဲ့ မျက်နှာချင်းဆိုင်ရှေ့ ရက်စတော့ရင့်လေးသို့ စူပါဆလွန်း ၃က နံပါတ်အဖြူလေးတစ်စီး လာရပ်သည်။

နောက်ဖက်မှာ မီးတန်းအပြည့်၊ အရှေ့မှာလည်း အလှဆင်မီးရောင်တွေနှင့် ကားက အရောင်တလက်လက်ဖြာနေသည်။

ညအမှောင်မှာ ကားထဲက မင်းသမီးလေးတစ်ပါး ကားတံခါးဖွင့်လို့ ခြေထောက်လေးတစ်ဖက် အပြင်သို့ချသည်။

ပလက်တီနန့်လို အရောင်လက်လက် ဖိနပ်မြင့်လေးနှင့် ခြေသည်းနီနီ ဖွေးဖွေးနုနု ခြေတံအလှကပင် ငေးမောစေနိုင်သည်။

ကိုယ်တိုင်ကားမောင်းလာသော အမျိုးသမီးဟာ သေချာကြည့်တော့ ပိုလှနေသည်။

ပခုံးစွန်းမှာတင်နေတဲ့ လက်ရှည်အင်္ကျီ အကြပ်လေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာအသား၊ ဘာပုံမှန်းမသိပေမယ့် သူမကိုယ်လုံးလေးကို အလွန်ကြွကြွရွရွ လှပစေသည်။

နားဆွဲလား၊ နားကွင်းလား၊ ဘာခေါ်လဲ၊ နားကွင်းအဝိုင်းကြီးမှာ နောက်ထပ် အသီးတစ်ခု ချိတ်ဆွဲထားသေးသည်။

အင်္ကျီနှင့် အရောင်တူ ကိုယ်နှင့်အတိ စကဒ်လေးကလည်း ချပ်ချပ်ရပ်ရပ်။

"ရှယ်ပဲ"

"နောက်တစ်ခွက်လား"

"မဟုတ်ပါဘူး၊ မင်းကြည့်နေတဲ့ အမျိုးသမီး"

"ဟာကွာ…ဒီတိုင်းကြည့်တာပါ"

"မင်းက ဒီတိုင်းကြည့်ပေမဲ့ သူက မင်းကို အထာနဲ့ကြည့်သွားတယ်"

"ဟုတ်လို့လားကွာ"

ဇင်ရဲ ငြင်းပေမယ့် သူမမျက်လုံးတွေ ဇင်ရဲဆီ တိုက်ရိုက်ကြီး ဒိုင်းခနဲလာမှန်တာ ကိုယ်တိုင်အသိဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျောင်းသွားတဲ့အချိန် သူ မသိမသာထွက်ထွက် ကြည့်တာ ကြာပြီ"

ဇင်ရဲ မျက်ခုံးပင့်သွားရသည်။

"ဘယ်သူလဲ"

"ဒီကောင်အူကြောင်ကျားနဲ့၊ ခံရတော့မယ်၊ ခင်ပုလဲလေ၊ ရက်စတော့ရင့် အပေါ်ထပ်မှာနေတာ၊ အဲဒါ သူတို့အိမ်ကွ"

"ဟုတ်လား"

"ရက်စတောရင့်ကလည်း သူ့အမေပိုင်တာ"

"သြော်...ချမ်းသာတာပေါ့"

"အေး...ချမ်းချမ်းထဲကပဲ"

ခင်ပုလဲဆိုသော အမျိုးသမီးတစ်ယောက်သည် ဇင်ရဲ အာရုံထဲသို့ မထင်မှတ်ဘဲ ခပ်ကြမ်းကြမ်းဝင်လာသည်။

တကယ်တော့ သူမက နာမည်ကြီး။

ဒီက လူငယ်ချာတိတ်တွေကြားထဲ ရေပန်းစားလှသော မိန်းကလေးမှန်း သူနောက်မှသိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောင်းလာတာ သိပ်မကြာသေးတော့ ခင်ပုလဲ အကြောင်း ဘယ်လိုသိမှာလဲ။

"ဇင်ရဲ့ဆိုတဲ့ကောင် ဟာ့ထ်ထိသွားပြီ၊ ကြည့်...ဟား... ဟား"

"မဟုတ်ပါဘူး"

"ငြင်းမနေစမ်းနဲ့ကွာ၊ နားကြားပြင်းကပ်တယ်၊ လိုက်ချင် ရင် လိုက်ပစ်၊ ယောကျ်ားပဲ၊ မတန်ဘူးလို့ မရှိပါဘူးကွာ၊ ရရင် ငါတို့ မင်းကို ပန်းကုံးစွပ်မယ်"

"သေလိုက်ပါလား...ပန်းကုံးစွပ်ရအောင် ငါက စား သောက်ဆိုင်က အဆိုတော်လား"

"ဘာပဲဖြစ်ဖြစ် အောင်မြင်ရင် မင်းကို စွပ်ကိုစွပ်မယ်"

"ဟား...ဟား...ဟား"

သူတို့ဝိုင်းမှာ ရယ်သံတွေနှင့် ဆူညံသွားရ၏။

စားသောက်ဆိုင်နံဘေးက လှေကားကနေ အပေါ်သို့ တစ်ထစ်ချင်းတက်သွားသော ခင်ပုလဲကတော့ သူတို့ရယ်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားမှာမဟုတ်ပါ။

ခင်ရဲက အရှက်ပြေရောရယ်ရင်း ယိုသူကစပြီး ခင်ပုလဲ ကို သူသဘောကျမိကြောင်း သူ့ကိုယ်သူ ဝန်ခံလိုက်ရသည်။

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



*ငွေရောင်လမင်းလေး ဝေးကွာနေလည်း*

*မင်းရဲ့အလှအပဟာ ရှူးစေတယ် ×××*

*အကြင်နာတွေဟာ ××× ဒီလှိုင်းများလို ×××*

*အော်မြည်ကာရယ် ×××အပြေးလာနေတယ် ×××*

*ငွေရောင်လမင်းလေး ဝေးကွာနေလည်း ×××*

ခုတလော ခင်ပုလဲတို့ တိုက်ရှေ့ကနေ ဖြတ်လျှောက်ရမယ်ဆိုရင် ဖင်ရဲ သူ့ကိုယ်သူ သ,နေမိတတ်သည်။

ဆံပင်ကို ဂျဲနှင့် အထောင်ပုံစံ လုပ်ရတာကတစ်မျိုး။

ရှိတ်ဖင်းခရင်မ် လိမ်းရတာက တစ်သွယ်။

အင်္ကျီအဝတ်အစား ရွေးရတာကတစ်ဖုံ။ ဦးနှောက်ပင်စားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



*ငွေရောင်လမင်းလေး ဝေးကွာနေလည်း*

*မင်းရဲ့အလှအပဟာ ရှုးစေတယ် ×××*

*အကြင်နာတွေဟာ ××× ဒီလှိုင်းများလို ×××*

*အော်မြည်ကာရယ် ×××အပြေးလာနေတယ် ×××*

*ငွေရောင်လမင်းလေး ဝေးကွာနေလည်း ×××*

ခုတလော ခင်ပုလဲတို့ တိုက်ရှေ့ကနေ ဖြတ်လျှောက်ရမယ်ဆိုရင် ဖင်ရဲ သူ့ကိုယ်သူ သ,နေမိတတ်သည်။

ဆံပင်ကို ဂျဲနှင့် အထောင်ပုံစံ လုပ်ရတာကတစ်မျိုး။

ရှိတ်ဗင်းခရင်မ် လိမ်းရတာက တစ်သွယ်။

အင်္ကျီအဝတ်အစား ရွေးရတာကတစ်ဖုံ။ ဦးနှောက်ပင်စားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့အဝတ်အစားထဲက အသားနားဆုံးကို ရွေးပြီးမှ သူဝတ်သည်။ သူ့အပြောင်းအလဲကို ဧမမေက အကဲခတ်ရင်း…

"ကောင်လေးနော်…ရည်းစားထားဖို့ မစဉ်းစားနဲ့"

လက်ညှိုးတထောင်ထောင်နှင့် သူ့ကို တားမြစ်သတိပေးသည်။

သို့ပေမဲ့ သူ နားမထောင်။ ခင်ပုလဲနှင့် ပတ်သက်ဖြစ်အောင် ပတ်သက်ခဲ့မိသည်။

ခင်ပုလဲက တစ်ပတ်မှာ တနင်္ဂနွေတစ်ရက် ရက်စတော့ရင့်က ကက်ရှ်ရှာစားပွဲမှာ ထိုင်တတ်သည်။

ဒီတော့ သူနှင့်သူငယ်ချင်းနှစ်ယောက်က ဘာတို့ဆိုင်သို့ သွားထိုင်သည်။

ထိုညကစပြီး ခင်ရဲနှင့် ခင်ပုလဲတို့ တရင်းတနှီး မိတ်ဖွဲ့မိသွားကြသည်။

"မင်းကို ကိုယ်အသည်းယားလို့ အမြဲငေးကြည့်နေတာကွ ဟင်း…ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း အဲလိုပဲ ဒွဲဒိုးကြီး ပွင့်ပွင့်လင်းလင်း ပြောပြခဲ့သောအခါ...

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



ဇင်ရဲသည် မပုလဲတို့ ရက်စတောရင့်က ချပ်လုပ်ပေးသော စားပွဲထိုးအကျႌဝတ်စုံနှင့် ကိုယ့်ဘာသာ ရယ်ချင်နေမိ၏။

အင်္ကျီကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ ရင်ဘတ်က ဖဲပွင့်ကိုပါ ကိုင်ကြည့်မိသည်။

"ရုပ်ကိုကြည့်"

"ဒီကောင် သဘောတွေကျနေပြီ"

"မင်းကွာ...ဘာစိတ်ကူးလဲ ဇင်ရဲရာ"

"မပုလဲက ခန့်တာပဲ"

"သူလုပ်ခိုင်းတိုင်း မင်းက သူတို့ဆိုင်မှာ ဝိတ်တာလုပ်ရလား"

"ငါက သူနဲ့နီးနီးကပ်ကပ် စကားတွေပြောချင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး"

"မင်းအမေသိရင် ငါကိုပါ အပြောခံရမှာနော်၊ ကြည့်လည်းလုပ်"

"ညပိုင်းအလုပ်ချိန်ပဲကွာ၊ မေမေ မရိပ်မိပါဘူး၊ မင်းတို့သာ လျှောက်မဖွမိစေနဲ့"

"တကယ့်ငပေါလေးပဲ"

သူငယ်ချင်းတွေက သူ မြောက်ကြွကြွဖြစ်နေတာကို သိ ကြည့်မရဘဲ ဝိုင်းဝန်းအပြစ်တင်နေကြသည်။

မပုလဲကတော့ အလွန်မျက်နှာသာပေးပါသည်။

ဆိုင်မှာ ဝိတ်တာလာလုပ်စေတာလည်း သူ့ကို အမြဲတမ်း မြင်တွေ့နေချင်လို့ စီစဉ်တာပဲဆိုတာ သူကသိပါသည်။

သူငယ်ချင်းတွေကတော့ သိပ်ပြီး အမြင်မရှင်းကြဘူးပေါ့။

သူကတော့ ပျော်နေပါသည်။

ဆိုင်ထဲကို တက်တက်ကြွကြွပဲ ဝင်သွားလိုက်သည်။

သီချင်းသံသဲ့သဲ့နှင့် မီးရောင်ခပ်မှိန်မှိန် လင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ရက်စတောရင့်လေးက ညဦးပိုင်းမှာ လူစည်ပေမဲ့ ညဥ့်နက်ရင် လူရှင်းသွားပြီ။

ခုတလော သူ အိမ်အဝင်နောက်ကျပြီး သော့တစ်ချောင်း ယူကာ အသာလေး ခိုးဝင်ရစမြဲ။

မပုလဲနဲ့က လူရှင်းတဲ့ညပိုင်းရောက်မှ စကားပြောခွင့်ရတာ ကိုး။

သူ့အတွက်တော့ ထိုညချမ်းလေးတွေဟာ မမေ့နိုင်ဖွယ်၊ ယစ်မူးဖွယ်ကောင်းလှပါသည်။

"မောင်လေး"

"ဗျာ"

"လာဦး"

မပုလဲနားရောက်တာနှင့် သူ ရင်ခုန်နေပြီ။ ညှို့သော ချက်လုံးနှင့် ချိုသောနှုတ်ခမ်းလေးက သူ့ကို ဖမ်းစားလွန်းသည်။

"ထမင်းမစားရသေးဘူး မဟုတ်လား၊ ပုလဲနဲ့အတူတူ ဒီမှာလာစား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ လာစမ်းပါ"

ပုလဲတို့မိသားစုစတိုင်လ်က ပွင့်လင်းလွတ်လပ်သော စတိုင်လ်။ သူတို့နှစ်ယောက်ကို ဘယ်သူကမှ ဟန့်တားနှောင့်ယှက်တာမရှိပါ။ သူကသာ အများအမြင်မှာ တစ်မျိုးဖြစ်မလား စိုးရိမ်တာ။

ပုလဲနှင့် ထမင်းအတူစားရင်း စကားတွေပြောတော့ သူက မပုလဲကိုကြည့်ကာ အပျော်လွန်ပြီး ထမင်းတောင် သေချာစားမဝင်။

ဖွင့်မပြောဘဲ သိမလား။

ကျွန်တော် မပုလဲကို ချစ်နေပြီ။

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မပုလဲက ကားမောင်းသင်ပေးသော တစ်ရက်မှာ သူ ချစ်နေကြောင်း ဖွင့်ပြောဖြစ်ခဲ့သည်။

ဆက်ပြီး မျိုသိပ်ထိန်းချုပ်မထားနိုင်တော့ဘူးလေ။

မပုလဲရဲ့ ဆည်းလည်းသံလို ရယ်သံလေးမှာ သူပျော်ဝင်နေပြီ။

သူ့ဖက်ကို ကားမောင်းသင်ရင်း ကိုယ်လေးယိမ်းနွဲ့လာတဲ့အခါ မွှေးပျံ့တဲ့ ကိုယ်သင်းရနံ့လေးကြောင့် သူ အသက်ရှူမှားရသည်။

တစ်ဆင့်တက်ပြီး နူးညံ့တဲ့ အထိအတွေ့လေးတွေ ခံစားသာယာချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အယောင်ယောင်အမှားမှားဖြင့် ကလပ်ကိုလည်း စွပ်ပြီး လွှတ်မိသည်။ ဘရိတ်ကိုလည်း ဖြည်းဖြည်းနှင့်မာအောင် မနင်းဘဲ ဆောင့်ပြီးနင်းမိသည်။

ကားက တစ်ခါတလေ 'ဒုတ်၊ ဒုတ်'နဲ့ ခုန်ပြီး ဆောင့်ထွက်သလို သူ့အချစ်တွေလည်း ရင်နှင့်မဆန့်ဘဲ ခုန်ထွက်လာသည်။

"မောင်လေး...ကြည့်စမ်း ချွေးတွေတောင်ပြန်လို့ ကား မောင်းသင်ရတာ စိတ်ညစ်နေပြီလား"

"ကျွန်တော်ချွေးပျံတာ ကားမောင်းရလို့ မဟုတ်ဘူးဗျ"

"ဒါဖြင့် ဘာလို့လဲ"

"မပုလဲကိုချစ်လို့၊ ရည်းစားစကားပြောချင်လို့၊ ကျွန်တော် ကြောက်လည်းကြောက်နေလို့ဗျ"

"ဟောတော့"

သူရင်ဖွင့်လိုက်တော့ ခင်ပုလဲက စိတ်မဆိုးဘဲ ပွင့်ပွင့်လင်းလင်း ရယ်မောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးရယ်...ဖြစ်မှဖြစ်ရလေ၊ ဟင်း...ဟင်း...ဟင်း"

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



မပုလဲက 'ချစ်တယ်'ဘာညာ ဖွဲ့နွဲ့မပြောပေမယ့် သူနှင့် အတူသွား၊ အတူစားကြတဲ့အခါ သူ့အပေါ် ချစ်သူတစ်ယောက်လိုပဲ ပြုမူဆက်ဆံသည်။

သူ့ပခုံးမှာ မှီတတ်သည်။ သူ့ဆံပင်လေးတွေကို ဖွရင်း ရယ်တတ်သည်။ သူ့ရင်ခွင်ထဲ နှစ်လိုစွာ တိုးဝင်တတ်သည်။ အသည်းယားရင် သူ့ပါးကို ရွှတ်ခနဲ မွှေးရှိုက်တတ်သည်။ အသား ကင်စားရင် အနေတော်ဖွဲ့ပြီး သူ့ကိုခွံ့ကျွေးတတ်သည်။ သူ စီးက ရက်သောက်ရင် သိပ်များများမသောက်ဖို့ မှာတမ်းခြွေတတ်သည်။ အိမ်နှင့် အဆင်မပြေတာရှိလျှင် သူ့ထံ အသေးစိတ်အကြာကြီး ရင်ဖွင့်ညည်းညူတတ်သည်။

ပြောရရင်တော့ သူ့အပေါ် ကလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



သဘောလားကာ အလိုလိုက်၏။ အကြိုက်ဆောင်လို့ နှစ်သိမ့်တတ်ပါသည်။

ထိုသို့ မပုလဲရဲ့ အယုအယတို့ကြားမှာ သူကြည်နူးစွာ စီးမျောနစ်ဝင်နေမိသည်။

အရာအားလုံးကို မေ့နေမိသည်။

တစ်ခါတစ်ခါ အိမ်ကိုတောင် မပြန်ချင်တော့ဘဲ မပုလဲအနားမှာပဲ အမြဲတမ်းနေချင်မိတော့၏။

မပုလဲရဲ့ ဆွဲဆောင်မှုသည် သူ့အတွက် ဆန်းကြယ်လှပနူးညံ့နေသည်။ စွဲစွဲလမ်းလမ်း ယစ်မူးစေသည်။ အလွန်နက်ရှိုင်းနွေးထွေးသည်။

လူလစ်ရင် မပုလဲ လက်ကလေးကို အသာဆွဲယူနမ်းရှိုက်ရတာဟာ သူ့အတွက်တော့ မဟာအခွင့်အရေးပါ။

သူလိုကောင်လေးတစ်ယောက်ကို ချစ်မြတ်နိုးသော မပုလဲကို သူ ကျေးဇူးတင်သည်။

ဘာမှမဟုတ်တဲ့ ကောင်လေးတစ်ယောက်ကို ချစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူမအတွက် စွန့်စားခန်းတစ်ခုပဲ မဟုတ်လား။

မပုလဲသည် တစ်ခါတစ်ရံတော့ သူ့ကို စိတ်ဆိုးအောင် လုပ်တတ်သည်။ စာအုပ်တွေဝယ်ပေး၊ ဂစ်တာဝယ်ပေးတာက ထားပါတော့။ သူ့အနုပညာကို အားပေးသောကြောင့် သူလက်ခံလိုက်သည်။

ဂျာကင်အင်္ကျီလို မျိုး၊ အဖိုးတန် စီကော့ခ်ဖိနပ်လိုမျိုး လက်ဆောင်တွေကျတော့ သူ အမှန်တကယ် လက်မခံနိုင်။

မခွဲချင်အောင် ချစ်မြတ်နိုးမိတာ တစ်ပိုင်းပေါ့လေ။

အဲလိုအခါမှာ သူတို့အမြဲအတင် ငြင်းခုန်ပြဿနာဖြစ်ရစမြဲ။ ကိုယ်က သူတို့ပိုင် စားသောက်ဆိုင်မှာ အလုပ်ဝင်လုပ်တာဟာ ကိုယ့်အကြောင်းနှင့်ကိုယ်ပဲ။ တကယ်တမ်း သူတို့ရဲ့ အလုပ်သမားမဟုတ်။

"ဒါဆိုရင် မင်းပြန်တော့၊ နောက် ဒီမှာ အလုပ်လည်း ဆင်းစရာမလိုဘူး"

သူ့ကိုနှင်ရက်သော မပုလဲကို သူ တအံ့တသြမြင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်မှာလည်း သူ့ကို ဒီလိုပဲ ပြတ်ပြတ်သားသား နှင်လွှတ်မှာပဲလား။

ဖင်ရဲ့ မတွေးတတ်ခဲ့ပါ။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စိတ်ကူးအိပ်မက်လေးက သိပ်မကြာခင် ပြိုကွဲပျက်စီးသွားခဲ့သည်။

မိန်းမတစ်ယောက်ရဲ့ အပြောင်းအလဲနှင့် မာယာများက မျှော်မှန်းလို့မရအောင် မြန်ဆန်သေသပ်သည်။

ခင်ပုလဲက ဘာမပြောညာမပြောနှင့် ဇင်ရဲကို လုံးဝရှောင်နေသည်။ အကျိုးအကြောင်းလေး တစ်ခွန်းတစ်စတောင် မသိရ။

ဇင်ရဲမှာ တွေ့ချင်လွန်း၍ စောင့်မျှော်ရသည်မှာ ရင်မောလှသည်။ လွှမ်းဆွတ်မိတာလည်း အလူးအလိမ့်ပါပဲ။

အချစ်ဦးမို့ သူ အရူးအမူးဖြစ်နေချိန်မှ သူ့ကို အဆက်အသွယ်ဖြတ်ရက်သည်။

ဖုန်းခေါ်တော့လည်း ဖုန်းမကိုင်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ပုလဲမရှိသော ဆိုင်လေးမှာ သူဘယ်လိုပျော်နိုင်ပါ့မလဲ။

ဆိုင်ရဲ့ ကက်ရှ်ရှာကိုလည်း သူမ ဆင်းမလာ။

တခြားမန်နေဂျာတစ်ယောက်ကို ထိုင်ခိုင်းသည်။

မန်နေဂျာကိုသောင်းက သူ့ကိုသနားလို့ထင်သည်။

တစ်ညနေမှာ ခေါ်ပြောသည်။

"ညီလေး…သိပ်တော့ အခြေအနေမကောင်းဘူးကွ"

"ဗျာ"

"မင်းကိုခင်လို့ ပြောပြတာနော်၊ မခင်ပုလဲ အိမ်ထောင်ပြု

တော့မယ်လို့ ကြားတယ်"

"ဘယ်လို…ဟုတ်ရဲ့လားဗျာ၊ ခင်ပုလဲ…ဟုတ်ရဲ့လား၊

သူ့အစ်မ ခင်သန္တာလား"

"ဩော်…ငါ့ညီနှယ် တုံးရန်ကောကွာ၊ ဒီမှာ ဟိုတယ်

မှာတောင် ဒိတ်ယူပြီးပြီ၊ နဂိုကတည်းက အစီအစဉ်ရှိပုံပဲကွ၊ မင်းက

မသိလို့၊ အေးကွာ…မဖြစ်နိုင်မှန်းသိရင် စောစောနောက်ဆုတ်တာ

ပိုကောင်းပါတယ်၊ မင်းအတွက် ပိုသက်သာတာပေါ့၊ သူက မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကစားရုံပါ၊ စိတ်ထဲ သိပ်မျှော်လင့်မထားနဲ့ ညီလေးရ"

ဇင်ရဲမှာ အောင့်သက်သက်နှင့် ဘာပြန်ပြောရမည် မသိပါ။

ကစားရုံပါဆိုတဲ့ ကိုသောင်းစကားကို သူမကြိုက်။

သူနှင့်မပုလဲက နှစ်ဦးသဘောတူ ကြည်ဖြူစွာ ချစ်နေကြ သူတွေပဲ။

ဒီရက်ပိုင်းမှသာ ရှောင်နေတာ။

ထိုညက ဇင်ရဲ တော်တော်နှင့် အိမ်မပြန်ဘဲ မပုလဲနှင့်တွေ့ဖို့ ကြိုးစားသည်။ သူစုံစမ်းကြည့်တော့ မပုလဲ အိမ်မှာပင်မရှိ။

နောက်တစ်ရက်မှာတော့ အပြင်ကပြန်လာသော ခင်ပုလဲကို ဇင်ရဲက လှေကားမှာ မိအောင် ပက်ပင်းတွေ့အောင် စောင့်ဖမ်းလိုက်ပါသည်။

သူ့ရင်ထဲမှာ သိချင်တာတွေ၊ မေးချင်တာတွေနှင့် မချင့်မရဲ ဖြောင်းဆန်နေရပြီ။

"မပုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…မင်း"

မြန်းစားကြီး သူ့ကိုရင်ဆိုင်ရတော့ ခင်ပုလဲ လန့်ဖျပ်သွား၏။

"ကျွန်တော့်ကို ဘာလို့ရှောင်နေတာလဲ"

ခင်ပုလဲက သက်ပြင်းတစ်ချနှင့်…

"မဖြစ်နိုင်ဘူးလေ"

"ဗျာ…ဘယ်လို"

"နောက်မှပြောမယ်၊ မင်းပြန်တော့"

"မပြန်ဘူး…ကျွန်တော် မ,နဲ့တွေ့ချင်လို့ ရအောင်လာစောင့်နေတာ"

"မင်းအဲလို ဖွတ်တရွတ်မလုပ်နဲ့နော်၊ ပုလဲ မကြိုက်ဘူး"

ခင်ပုလဲမျက်နှာနှင့် လေသံက ခပ်တင်းတင်း ခပ်ထန်ထန်။

"မောင်လေးရယ်"ဟု ချွဲနွဲ့တတ် ပလီတတ်တာ သူမဟုတ်သလိုပင်။

ခင်ရဲသည် ရုတ်တရက် သူမကို ဒေါသဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ပညာပြမယ်လို့ မစဉ်းစားနဲ့၊ ခင်ဗျား အိမ်ထောင်ပြုတော့မယ်ဆိုတာ အမှန်ပဲလား၊ ရှင်းရှင်းပြော"

"အောင်မာ…ငါ့ကို ဘယ်လိုအသံနဲ့ ပြောတာလဲ၊ မင်းကမျှား ပုလဲကို ခြိမ်းခြောက်ချင်တယ် ဟုတ်လား၊ ခုချက်ချင်း ထွက်သွား၊ နောက်လည်း ငါ့ဆီဘယ်တော့မှမလာနဲ့၊ မင်းနဲ့ပတ်သက်သမျှ ဒီမှာအပြီးအပြတ်ပဲ၊ မှတ်ထားလိုက်"

"ဘာကြောင့်လဲ…ဘာလို့ ကျွန်တော့်ကို ဒီလိုဆက်ဆံဘာလဲ"

ခံပြင်းနာကျင်မှုနှင့် ဇင်ရဲ့နှလုံးသားက တဆတ်ဆတ်ခုန်ချက် ပြင်းနေသည်။

ကောင်လေးမျက်နှာထားနှင့် ဟန်အမူအရာကြောင့် ခင်ပုလဲ ပြဿနာဖြစ်မှာစိုးရိမ်ကာ လေသံကို နည်းနည်းလျှော့၍ ချော့မော့ရန် နည်းလမ်းပြောင်းလိုက်သည်။

"ကျွတ်…စိတ်ညစ်လိုက်တာနော်၊ မောင်လေးကြောင့်တော့ ခက်ပါတယ်၊ ချစ်မိတာကိုက မရဲ့အမှား၊ မရဲ့အပြစ်ပါကွာ၊



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်၊ မကို မေ့လိုက်တော့နော်"

"ဟာဗျာ...လွယ်လွယ်မပြောပါနဲ့"

"ချစ်တာတစ်ခုတည်းနဲ့ မလုံလောက်ဘူး မောင်လေးရဲ့"

"ကျွန်တော် အေးနားရှိနေရင် စိတ်ချမ်းသာပါပြီဆို"

"အဲဒါအမှန်ပါ၊ ဒါပေမဲ့ လက်ထပ်ဖို့ ဘာညာရှေ့ရေးရှေ့ ရာက မလွယ်ဘူးလေ၊ မင်းလည်း မင်းကိုယ်မင်းသိမှာပါ၊ ဒီအချိန် မှာ မင်းအနေနဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ယူဖို့ မင်္ဂလာဆောင် ဖို့ ဖြစ်မလား၊ ကဲ...မင်းဘဝ မင်းတက်လမ်းတွေ ပျက်သွားလိမ့် မယ်၊ ရှည်ရှည်ဝေးဝေးတွေလည်း မ မပြောချင်တော့ဘူး၊ မင်းပြန် တစ်ယောက်ယောက်မြင်သွားရင် မကောင်းဘူး"

ဖင်ရဲ သူ့မကို နာကျင်စွာ မယုံနိုင်စွာ ငေးကြည့်နေမိသည်။

သူတို့ရဲ့ အချစ်ခတ်လမ်းဟာ ဒီလိုနဲ့ အဆုံးသတ်ဖို့လား။ မပုလဲက ဒီလောက်ပဲ ရက်စက်နိုင်သလား။

"မောင်လေးရယ်...ပြန်ပါတော့နော်၊ မကို ခွင့်လွှတ်ပါ မကို စွန့်လွှတ်ပေးပါ၊ မဘဝ ဖြောင့်ဖြူးသာယာဖို့ ကူညီပေးပါ



www.burmeseclassic.com

www.burmeseclassic.com



တို့တွေက အစကတည်းက မဆုံစည်းနိုင်တဲ့ ဖူးစာမျိုးပါ၊ ချစ်မွှင့် ကြုံခဲ့တာကိုပဲ မင်းကျေနပ်လိုက်ပါ၊ ဒါ မ,ဖက်က နောက်ဆုံး တောင်းဆိုတာပါ၊ မေ့လိုက်ပါကွာနော်"

ဇင်ရဲသည် ခေါင်းတင်မောင်းတင်နှင့် သူဘယ်လောက် ချစ်ရတာ၊ ဘယ်လောက်ထိ လွမ်းနေတာတွေ ပြောပြဖို့လာခဲ့တာ။

အကြာကြီးပစ်ထားရက်သော မပုလဲဆီက အကြင်နာတွေ ဆတိုးပြန်ယူဖို့ မျှော်လင့်ထားခဲ့တာ။

အခုတော့...

ဒီအမျိုးသမီးကို သူ ကျောခိုင်းရတော့မည်။

ရက်စက်တတ်သော၊ တစ်ကိုယ်ကောင်းဆန်လွန်းသော၊ သူ့ကို လှည့်စားပညာပြလိုသော ထိုမိန်းမကို သူမေ့ပစ်ရတော့မည်။

အိုကွာ...အစကတည်းက မချစ်သင့်တဲ့ မိန်းမပါ။

ဇင်ရဲ ခေါင်းငိုက်စိုက်ကျသွားရ၏။

ဟုတ်သည်။ ကိုယ်နှင့်မသင့်တော်၊ မအပ်စပ်၊ အချိုးမကျ၊ အဆင်မပြေ၊ မလိုက်ဖက်၊ ပုံပန်းမကျ၊ ဘယ်ညာပင်လွဲမှားနေသော



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်မျိုးကို သူဘယ်လိုစီးမှာလဲ။ ဘယ်လိုလမ်းလျှောက်မှာလဲ။ ဘယ်လိုခရီးသွားမှာလဲ။

မဖြစ်နိုင်ပါ။

ဇင်ရဲရာ…မင်းဝမ်းမနည်းပါနဲ့။

သူ့ကိုယ်သူ အားပေးဆုံးမလိုက်သည်။

မပုလဲနှင့် မဆုံရလေခြင်းဟု ကြေကွဲဖို့ပင် ထိုမိန်းမက သူ့ရဲ့နောင်တကြေကွဲမှုနှင့် မတန်ခဲ့ပါ။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လုပ်ကွာ အနှောင်း"

ဇင်ရဲက သူငယ်ချင်းဖြစ်သူ ချင်းတိုင်းရင်းသားလေး အနှောင်းအား စိတ်မရှည်သံနှင့် လောလိုက်သည်။

"အေးပါကွာ…ခဏလေးပါ"

"မင်းဒီလောက်ပြင်ဆင်ဖို့ မလိုပါဘူးကွာ၊ သွားမှာက ငါ့ကောင်မလေးဆီပါ"

"ဟ Black Diamond အဖွဲ့မှာ လေးယောက်တောင် ရှိတာ၊ မင်းအတွက် ရွယ်မှူးဖယ်ထားရင်တောင် သံချို၊ သစ်နဲ့ ပြုံးရည် ကျန်သေးတာပဲ"

"လာတဲ့ကောင်ကွာ…သုံးယောက်လုံးများ ချိန်ဦးမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါက သံချိုကိုကြိုက်တယ်၊ ဟဲ ..ဟဲ"

"မင်းဖက်က မင်းဘာသာကြိုက်တာပဲ၊ ဘယ်သူကြိုက်ကြိုက် အဲဒါအရေးမကြီးဘူး၊ တော်ကြာ ဖရီးရှိုးဆိုတော့ လူတွေတိုးရင် တိုးမှာကွ၊ နောက်ကျလို့မဖြစ်ဘူး"

"မင်းက မရွှယ်မှူးဆီ လာခဲ့မယ်၊ အားပေးမယ်လို့ ကြိုမပြောထားဘူးလား"

"မပြောထားဘူး"

"ဘာလို့လဲ"

"အံ့သြသွားအောင်လေ...ရှေ့ကနေ ပရိသတ်ထဲကပဲဝင်အားပေးမယ်၊ ပြီးမှ သူတို့စင်ပေါ်ကဆင်းလာမှ သွားနှုတ်ဆက်လိုက်မယ်"

"မင်းဉစ္စာက သူစိမ်းဆန်ပါတယ်"

"မဆန်ပါဘူး၊ ငါ့ကို မျှော်လင့်မထားဆဲ တွေ့ရင် သူပျော်သွားမှာ၊ 'ဟယ်'ဆိုပြီး တအံ့တသြလေး မျက်ခုံးပင့်လိုက်ရင် ငါ အသည်းအေးတယ်ကွ၊ သူ့အမူအရာက ချစ်စရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူးအကြောင်း ပြောရရင် ဇင်ရဲမျက် ဝက ပြုံးမြမြနှင့် ချိုကြည်လွန်းသည်။

စာရေးဆရာဆိုတဲ့အတိုင်း သူ့စိတ်ကူးထဲမှာတော့ ရွှယ်မှူး ဟာ သူ့အသည်းနှလုံးရဲ့ ဘုရင်မလေးဖြစ်နေပြီ။

ဒါပေမဲ့ အပြင်မှာ လက်တွေ့ကျကျ မကြိုးစားကြည့်သေး ပါ။ ပရိုပို့စ်လုပ်ဖို့သာ အချိန်ဆွဲနေသည်။

ဒီညနေ ဘာလက်ဒိုင်းမွန်းအဖွဲ့ရဲ့ စီးရီးသစ် ပရိုမိုးရှင်းပွဲ အဖြစ် မျှော်စင်ကျွန်းမှာ ညနေပိုင်း ဖရီးရှိုး ဖျော်ဖြေပွဲရှိသည်။

ဇင်ရဲသည် ခုထိ အူကြောင်ကြောင်နှင့် ရွှယ်မှူး ပရိုသတ် တစ်ယောက် ပုံစံလောက်မှာပဲ ရပ်နေသေးသည်။

သူဘာကိုကြောက်ပြီး တွေဝေတွန့်ဆုတ်နေလဲ အနော်င်း မသိ။ သူသာဆိုရင်တော့ ဖွင့်ပြောပစ်လိုက်တာကြာပြီ။

ဇင်ရဲက ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း ဟိုဖက်ဒီဖက် လျှောက်နေသည်။

ရွှယ်မှူး သီချင်းဆိုပုံလေးကို သူတွေ့မြင်ချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညကတည်းက သေချာအိပ်မပျော်ဘဲ သူမအကြောင်းပဲ စဉ်းစားနေမိတာ။ ကိုယ်ချစ်ရသူလေးက အများကြိုက်သော အဆိုတော်မလေး။

သူသည် စိတ်ကူးသမားပီပီ ရွှယ်မှူးဟာ သူနဲ့မလွဲမသွေ ဆုံစည်းမည့် ဖူးစာဖက်ဟု ယုံကြည်နေပါသည်။

တစ်စုံတစ်ရာက သူ့အတွက် သေသေချာချာ ဖန်ဆင်းပေးလိုက်သော လက်ဆောင်ပါ။

ရွှယ်မှူး...မင်းသေချာမှတ်ထားပါ။

တစ်ချိန်ချိန် မင်းနားခိုရမယ့် ရင်ခွင်ဟာ စာရေးဆရာ ဇင်ရဲရဲ့ ရင်ခွင်ပဲ။ ဒါဟာ ဘယ်လိုမှ ရှောင်လွှဲမရတဲ့ ကိုယ်တို့နှစ်ယောက်ရဲ့ အနာဂတ်လေးတစ်ခုပဲ။

နောက်ဆုံးတစ်နေ့ ဇင်ရဲဆီကို မင်း လျှောက်လာရလိမ့်မယ်။

မင်းရွေးချယ်ထားတဲ့၊ လျာထားတဲ့သူ၊ စိတ်ကူးထားတဲ့သူ မျှော်လင့်ချက်ပေးထားတဲ့သူ၊ နေ့တိုင်းဖုန်းလက်ခံ ပြောနေတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မင်းနဲ့တွဲနေတဲ့ ချစ်သူ စသဖြင့် ဘယ်နှစ်ယောက်ပဲရှိရှိ ကိုယ့်ရဲ့ရှေ့မှာ ဘယ်သူဘယ်ဝါကြီးပဲ ရှိနေပါစေ တကယ်တမ်း မင်းကိုပိုင်ဆိုင်ခွင့်ရမယ့်သူက ကိုယ်ပါ။

ဒီလိုပဲဖြစ်ပါစေလို့ ကိုယ်တိတ်တဆိတ် ဆုတောင်းထားတယ်။

"ကဲ...လစ်မယ်၊ ပြီးပြီ၊ ကားက ငါမောင်းရမှာလား"

ဇင်ရဲက နှုတ်ကမဖြေ။ ခေါင်းဆတ်ပြီး သော့ကို အနောင်းဆီ ပစ်ပေးလိုက်သည်။

ဒီညနေ သူ ကားမမောင်းချင်။

အေးအေးဆေးဆေး အတွေးလေးနှင့် ငြိမ်သက်နေချင်သည်။ သူ့ရင်ထဲ ခပ်နွေးနွေးနှင့် ရင်ခုန်လှုပ်ရှားနေပါသည်။ ရွှယ်မှူးနှင့် တွေ့ရတော့မည်ဆိုတိုင်း သူ့နှလုံးသားက ဒီလိုပဲ ခပ်ငြိမ့်ငြိမ့်လေး ခုန်လာတတ်သည်။

ထိုခံစားချက်ကို ဇင်ရဲ အလွန်ပဲ စွဲမက်သည်။

သို့သော် သူ နည်းနည်းလည်း စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့်ပတ်သက်ရင် နှလုံးသားမှာ ကျွန်းမခံဘူးဆိုပေမယ့် ခံမှန်ဖူးတဲ့ စာသွင်ယ်လိုတော့ ဖြစ်နေသည်။

ဒိုကွာ…မဆိုင်ပါဘူး။

ရှုပ်မှုးဟာ ဖြူစင်အပြစ်ကင်းတဲ့ မိန်းကလေး။ ပုလဲဆိုတဲ့ မာယာများတဲ့ မိန်းမနှင့် ဘယ်လိုမှ နှိုင်းယှဉ်လို့ မဖြစ်ပါ။

အချစ်ရေးမှာ ကံမကောင်းခဲ့တဲ့ အတိတ်ဟာ ကျန်ခဲ့ပြီ။

အခုတွေ့တဲ့ ချစ်ရသူဟာ သူ့အတွက်တော့ ကံကောင်းခြင်းရဲ့ လက်ဆောင်ပါ။

အနောင်းက ကန်တော်ကြီးဖက်သို့ ကားကို ခပ်မြန်မြန်မောင်းလာသည်။

ကရဝိက်ကျွန်းထဲကို ဒီဖက်ဝင်ပေါက်မှပဲ ဝင်လာခဲ့သည်။

"ဈေးပွဲတော်ရှိတာပဲကွ၊ ဒါကြောင့် လူစည်နေတာ"

ကားတွေလည်း များပြားနေသည်။

"ရှိုးပွဲ စနေပြီထင်တယ်ကွ"

ကားစတန်းမှာ ကားရပ်ပြီးတာနှင့် မျှော်စင်ကျွန်းဖက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဇင်ရဲ လှမ်းမေးမြန်းနှုတ်ဆက်သည်။

"မင်းကွာ...ဟိုဖက်အထဲက မကောင်းတာမဟုတ်ဘူး"

"အတွင်းလမ်းမှာ ကားတွေကျပ်နေတယ်ကွ၊ ကြည့်ပါ

လား"

"အေး...ဟုတ်တယ်၊ ရတယ်ကွာ ဒီမှာပဲကောင်းပါ

တယ်၊ ငါတို့ လျှောက်သွားလိုက်မယ်"

ပြောပြောဆိုဆို သူတို့နှစ်ယောက် ကတ္တရာလမ်းအတိုင်း

ရှိုးပွဲရှိရာဖက်သို့ လျှောက်ခဲ့သည်။

လမ်းတစ်လျှောက်က ဆိုင်လှလှလေးတွေမှာလည်း

လူတွေ တိုးကြိတ်စည်ကားနေပါသည်။

ဒါပေမဲ့ အများစုကတော့ Black Diamond ရှိုးဖက်ဆီသာ

ဦးတည်၍ လျှောက်နေကြသည်။

တီးခတ်သံတွေလည်း ကြားနေရပြီ။

ရွယ်မှူးတို့အဖွဲ့ကို လူငယ်ပရိသတ် အခိုင်အမာ အားပေး

ကြတာ လက်တွေ့မြင်ရတော့ ဇင်ရဲ ကြည်နူးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေးရဲ့ အောင်မြင်မှုလေ။

"အနောင်း ငါတို့လည်း စီဒီဆယ်ချပ်လောက်ဝယ်မယ်"

"ဆယ်ချပ်တောင် ဘာလုပ်ဖို့လဲ"

"သူငယ်ချင်းတွေကို လက်ဆောင်ပေးမယ်"

"အဲဒါဆို ငါ့ကိုအရင်ပေး"

"ခွေးကောင်…နောက်ဖို့ပဲ"

ဇင်ရဲက ရှက်ရယ်ရယ်ရင်း အင်နောင်းလက်မောင်းကို တစ်ချက်ထိုးလိုက်သည်။

သူတို့နှစ်ယောက် ရယ်ကာမောကာနှင့်ပဲ လူတွေကြားထဲ ရောက်လာသည်။

မင်းကိုမြင်ရဖို့ တိုးဝှေ့ရတော့မယ် ရွှယ်မူးရေ။ လူတွေဗျာ‥ ဘယ်အချိန်က ဒီလောက်အများကြီး ကြိုတင်နေရာယူထားပါလိမ့်။ သစ်ပင်ပေါ်မှာတောင် တက်ရောက်နားဆင် ရှုစားသူ ကောင်လေး တွေ ရှိပါသည်။

ဇင်ရဲသည် သူ့အရပ်မြင့်မြင့်နှင့် ရွှယ်မူးကို အရင်ဆုံးတွေ့



www.burmeseclassic.com

www.burmeseclassic.com



အောင် ရှာဖွေသည်။

တွေ့ပါပြီဗျာ…စင်ပေါ်မှာ ပြုံးပြုံးလေး သီချင်းဆိုနေတဲ့ စတိုင်လ်လေး။

မီးဆလိုက်အပြာရောင်ပြေးပြေးမှာ လှလိုက်တဲ့ချစ်သူဟာ ရင်သပ်ရှုမောဖွယ်ပါလား။

ဘောင်းဘီအကျပ် ကာကီရောင်လေးပေါ်မှာ ပန်းနုရောင် စကပ်အတိုလေးကို ထပ်ဝတ်ထားပြီး အဲဒီစကာဒ်က အနားစလေး လက်မလောက်သာ ပေါ်လွင်ပြီး အပေါ်က အင်္ကျီအရှည် ဒီဇိုင်း ဆန်းဆန်းနဲ့ ဆွဲကြိုးအရှည်က ချက်နားထိရောက်သည်။

ဘာပုံလေးဆိုတာ ဖင်ရဲမသိပေမယ့် ဆွဲဆောင်မှုရှိရှိနှင့် ချစ်စရာကောင်းနေတာအမှန်။

"ဟေး…ဖြောင်း…ဖြောင်း"

"ရွှီ"

သူနားနားကပ်ပြီး လက်ခေါက်မှုတ်လိုက်သံကြောင့် ဖင်ရဲ နားအူသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတစ်ပုဒ်ပြီးလျှင် ဘလက်ဒိုင်းမွန်းအဖွဲ့သူလေးတွေက မိုက်ကရိုဖုန်းကိုင်ကာ ချစ်စဖွယ် စကားဆိုသေးသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ပရိသတ်ကို ရွှယ်မှူး တစ်ခုမေးချင်တယ်၊ အဲဒါဟာ အရေးကြီးဆုံးပဲ"

"ဟေး"

"ရွှယ်မှူးတို့ကို ချစ်လား"

"ဟေး...ဟေး ချစ်တယ်"

"ရွှယ်မှူးက အားလုံးကိုချစ်တယ်"

"ဟေး"

နှုတ်ခမ်းထူလေးရဲ့ လက်ချောင်းလေးဖွေ ဂိုကပ်ပြီးမှ အနမ်းပွဲလေးကို ပရိသတ်ဆီ ပို့လွှတ်တဲ့ ဟန်ပန်လေးကြောင့် ဖင်ရဲ ရင်မှာ နွေးသွားရပေမယ့် သဝန်လည်းတိုမိသည်။

ယောကျ်ားလေးပရိသတ်တွေ ဆူညံခုန်ပေါက်နေအောင် ဖမ်းစားညို့ယူနိုင်တဲ့ အဖွဲ့လေး။

အနုပညာဆိုတာ သိပေမယ့်လည်း စိတ်ချလက်ချတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်မအေးနိုင်ပါ။ အသံလေးက ချိုအေးနူးညံ့သလို လူလေးကလည်း ဖြားယောင်းတတ်တဲ့ နတ်သမီးလေးလို ညှို့ချက်ပြင်းနေတာကွာ။

ဇင်ရဲသည် လောကကြီးကို တစ်ခဏမေ့နေကာ သူမရဲ့ ပြုံးနေတဲ့မျက်နှာလေးကို သက်ဝင်ငေးမောနေမိသည်။

"ဟော့"

လူတွေကြားထဲ အတင်းတိုးဝင်ကာ ဇင်ရဲကို ပခုံးလာပုတ်၏။

လှည့်ကြည့်လိုက်တော့ ကျော်ဇလဖြစ်နေသည်။

"ဟဲ...ဟဲ...ဟဲ"

မျက်နှာတွေက ပြောင်ချော်ချော်။

"မင်းတို့ဘယ်ကနေ ရောက်လာတာလဲ"

"ဒီလိုပဲပေါ့၊ ငါတို့လည်း ဘလက်လေးတွေကို ရှုစားခွင့်ရှိတာပဲကွ"

ဖော်ခန့်က သူ့နှာနားနားကပ် အော်ပြောသည်။

သီချင်းတီးခတ်သံတွေနှင့် အော်ပြောမှပဲ ကြားနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မျိုးတင့်ဆွေရော ဇော်ခန့်ပါ သုံးယောက်သား အလျှိုလျှို ရောက်လာပါသည်။

"မင်းက အနောင်းနဲ့ နှစ်ယောက်ထဲကြိတ်ပြီး လစ်လာတာပေါ့၊ ဒီလိုဘယ်ရမလဲ"

သူတို့ကိုခေါ်နေရင် ဖီလင်အောက်မှာစိုးပါတယ်ဆိုမှ ဒီကောင်တွေက တည့်တည့်ရောက်ချလာသည်။

အနောင်းက သူတို့ကို တစ်ချက်ခေါင်းဆတ်ပြုံးပြပြီးတာနှင့် စင်ပေါ်က သံချိုကိုသာ ပြုံးစိစိငေးနေလေသည်။

သီချင်းတစ်ပုဒ်ပြီးသွားလို့ နည်းနည်းနားအေးသွားတာနှင့် ကျော်ဇလက သူ့လက်ထဲက အိတ်ကိုဆွဲယူပြီး...

"စီဒီတွေလား၊ ငါတို့ဖို့မဟုတ်လား" ဟု ဆိုကာ တစ်ယောက်တစ်ချပ် ဝေငှလိုက်ပါသည်။

"ပိုစတာပါပေး"

လက်ဆောင်ပိုစတာလိပ်ကိုပါ ဆွဲသွားသည်။

"ပိုစတာပဲရမယ်နော်၊ လူတော့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ…လာတဲ့ကောင်၊ လူက မင်းအတွက်လို့ ဘယ်သူပြောလဲ"

"ဟော့ကောင်တွေ အေးအေးဆေးဆေး ကြည့်စမ်းပါ"

ဇင်ရဲက ဇက်ပိုးတစ်ချက် အုပ်ရင်း သတိပေးလိုက်သည်။

"ဟုတ်ပါ့ကွာ၊ နားကိုညည်းနေတာပဲ"

သူတို့သုံးယောက်က ဦးရာလူ နှိပ်ကွပ်နေကျပါ။

အနောင်းကတော့ ဇင်ရဲလိုပဲ စကားသိပ်မများဘဲ ခပ်အေးအေး မတ်တပ်ရပ်၍ အားပေးသည်။

"ဒီကောင်မလေးတွေက လူကြိုက်များတယ်ကွ၊ ဇင်ရဲရေ မင်းလက်နှေးရင်တော့ ကျန်ခဲ့မှာ မြင်ယောင်တယ်"

"တိတ်တိတ်နေစမ်းပါကွာ"

ဇင်ရဲက ဟန့်လိုက်သည်။

ရွယ်မှူးကို မြန်မြန်ဖွင့်ပြောဖို့ သူတို့က တွန်းအားပေးနေကြပြီ။

မွေးနေ့လက်ဆောင် လာပေးကတည်းက သူတို့က အပိုင်



www.burmeseclassic.com

www.burmeseclassic.com



တွက်ပေမဲ့ ဇင်ရဲက မတွက်ရဲပါ။

သူ့ရဲ့ အချစ်ရေးကံကို သူ နည်းနည်းကြောက်နေခဲ့ပြီဖြစ်သည်။

ပို့ချစ်လေ ပိုပြီးဝေးလေ ဖြစ်နေသည်။

သူမက လူသိထင်ရှား ကျော်ကြားသော အနုပညာရှင်လေး ဖြစ်နေသေးသည်။

သူမရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရဖို့ လွယ်ပါ့မလား။

ထို့နောက် ကိုယ့်အတွေးနှင့်ကိုယ် Black Diamond အဖွဲ့အား ပြီးတဲ့အထိ အားပေးကြည့်ရှုကြသည်။

ပြီးသွားတော့ လက်ခုပ်တီးပေးရင်း ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားသည်။

သူတို့လေးယောက်ကတော့ အားနှင့်မာန်နှင့် တက်တက်ကြွကြွ ဖျော်ဖြေပြီးသွားပြီမို့ မောပန်းသွားပုံရသည်။

ကြည့်တဲ့ ပရိသတ်ကတော့ ဆက်ပြီး နားထောင်ခံစားချင်သေးသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မွှးက ရေဖူးလေး အရင်ဆုံးမော့သောက်နေတာ မြင်တော့…

"သူမောသွားပြီ"

"ငါတို့လည်း ခြေညောင်းတာပါပဲ"

"သူဆိုတာ ဘယ်သူလဲ ဖင်ရဲ"

သိပြီးသားကို မသိယောင်ဆောင်၍ ပြန်မေးသည်။

"လေးယောက်အတူတူဆိုတာ လေးယောက်စလုံး မောမှာပါကွာ၊ မင်းကလည်း"

"ပြောမိတာ မှားပါတယ်"

"ဖင်ရဲ သွားနှုတ်ဆက်မယ်ဆို၊ သူတို့ နောက်ပေါက်က ထွက်သွားဦးမယ်"

"ကားနားမှာ သွားစောင့်ရင် လုံးဝမလွဲဘူး၊ သူတို့ကားနဲ့ သူတို့မပြန်လို့ ဘာနဲ့ပြန်မှာလဲ၊ လာ…ဟိုတံတားလေးအဆင်းနားမှာ ရွှယ်မွှးတို့ကားရှိတယ်"

ဆရာကြီးဖြစ်တဲ့ ဖော်ခန့်ရဲ့ အိုင်ဒီယာနှင့် ရွှယ်မွှးတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်မည့် ဟွန်ဒါပြိုင်ကားလှလှလေးနား သွားစောင့်ကြပါသည်။

လူတွေရှုံသွားတဲ့အထိ တော်တော်နှင့်ထွက်မလာ။

ရွှယ်မှူးတို့သည် သီချင်းဆိုပြီးတော့ ဗိုက်ဆာဆာနှင့် အအေးဗူးကိုယ်စီကိုင်ကာ တုတ်ထိုး၊ အသားကင်၊ အာလူးကင်၊ မှိုကင်တွေ တစ်ချောင်းပြီးတစ်ချောင်း ဖြုတ်စားနေမိကြသည်။

လူတွေရှုပ်တုန်း ကရဝိက်ထဲက ပြန်မထွက်သေးပါ။

လူနည်းနည်းရှင်းမှ ကားထွက်ရလွယ်မှာလေ။

စိတ်ထဲကတော့ ပိညွက်ပြောလို့ ဇင်ရဲတို့ကို သတိရပါသေးသည်။

သူတို့လာကြည့်မလား။

ရွှယ်မှူးအပေါ် အလေးအနက် စိတ်ဝင်စားပုံပေါ်တဲ့ ဇင်ရဲကို မကြာခဏ သတိရမိတာအမှန်။

စစ်မှန်တဲ့အချစ်နဲ့ အကြင်နာကို ဘယ်သူက မလိုချင်ပဲ ရှိပါ့မလဲနော်။

ဒီအကြောင်းအရာတွေကို စိတ်ပျက်၊ စိတ်နာ၊ စိတ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီလို့ ထင်နေမိတဲ့ကြားထဲကပင် မလန်းဆန်းဘဲ အလုပ်တွေ ဝဲ ပိနေသော နှလုံးသားက သူကြည်မွေ့ရင်ခုန်ချင်စရာ အချစ်သစ် တစ်ခုကို ရှာဖွေတွေ့ရှိနေချင်ပြန်သည်။

ဒီတစ်ခါ အသည်းမကွဲပါရစေနဲ့တော့။

သူဟာ အရင်လူလို မဟုတ်ပါစေနဲ့တော့။

တစ်ခါလောက်တော့ ကံကောင်းချင်ပါသေးသည်။

အချစ်နဲ့ပတ်သက်ပြီး တစ်သက်မှာ တစ်ကြိမ်တော့ ကံကောင်းနိုင်မလားဟင်။

ဟာ…ရွှယ်မှူး ဘာတွေတွေးနေမိတာလဲ။

သူစိတ်ဝင်စားရင်တောင် ညက်ညက်လေးကို အားနာစရာ။ သူ့ခမျာလေး စိတ်ကူးထဲက ဇာတ်လိုက်ကို။

သို့သော် ဇင်ရဲကို ကြည့်ရတာတော့ ပိညက်ကို ဘယ်လို မှ နေပုံမပေါ်။ ခင်မင်အသိအမှတ်ပြုရုံထက် မပိုတာ အသိသာကြီး မို့ ရွှယ်မှူး ကောင်းစွာယုံကြည်သည်။

"ဘယ်လိုလဲကွာ…ဒီညပြန်ဦးမှာလား၊ ဒီလေးလောက်



www.burmeseclassic.com

www.burmeseclassic.com



က"

"ဘာလုပ္ေနလဲမသိဘူး၊ ငါသြားေခ်ာင္းၾကည့္မယ္"

"ဟာ...ဘယ္ေကာင္းမလဲ"

ေက်ာ္ဗလကို ဇင္ရဲ ဆြဲထားသည္။

"သူမ်ားေတြလည္း ဝိုင္းၾကည့္ေနတာပဲ၊ ဘာျဖစ္လဲ ငါလည္းသြားၾကည့္မယ္ကြာ"

ေက်ာ္ဗလက ေျပာမရဘဲ ေနာက္ဖက္က ကုန္းမို႔ေလးေပၚသို႔ ေျပးတက္သြားေလသည္။

ဒီေကာင္ ဆိုးေတာ့မဆိုး။ ခဏေနလွ်င္ ရွယ္မႈးတို႔ေခၚၿပီး ျပန္ထြက္လာသည္။

ဆရာဇင္ရဲ ေစာင့္ေနတယ္ဆိုသျဖင့္ ရွယ္မႈးက တေလး တစား အျမန္ထြက္လာခဲ့တာျဖစ္သည္။

ကားနားမွာ လက္ပိုက္ရပ္ကာ သူမေလွ်ာက္လာပုံကို ၾကည့္ရင္း ငါ့ရဲ႕ေဘးမွာ တစ္ခ်ိန္လုံး အတူတူေလွ်ာက္ခဲ့တာ သူပဲ လားဟု ရင္ခုန္စြာ ျပန္ေတြးမိသည္။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ ငါ့ပခုံးကို မှီခဲ့တာ ရွှယ်မှူးပဲဟု သူ့အာရုံထဲမှာ အလိုလိုနေရင်း သေချာလာသည်။

သူဟာ ငါ့ရဲ့သတို့သမီးပဲ။

ငါချစ်ရမယ့် မိန်းကလေးပါပဲ၊ သေချာတယ်။

အနားရောက်လာတဲ့အထိ ဇင်ရဲက သာငီလက်လွတ် ငေးမောကြည့်နေခဲ့ဖြစ်တာကြောင့် ကျော်ဗလက အမြင်ကပ်လာပြီး

"ဟေ့ကောင်ဇင်ရဲ...သိပ်မငေးနဲ့"

"ဟာကွာ"

ဇင်ရဲ ရှက်သွားရသည်။

ရွှယ်မှူးကတော့ အပြုံးမပျက်ပါ။

"ဘယ်တုန်းက ရောက်နေတာလဲဟင်"

"ရွှယ်မှူးတို့ဆိုနေကတည်းကပေါ့ဗျာ"

"ကျွန်တော်တို့ အစအဆုံးအားပေးရတာ လက်ခုပ်တီးရတာ လက်ဝေ့တောင် နာနေပြီ"

"ကျေးဇူးတင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အနောင်းက တစ်ခွန်းဝင်ပြောလိုက်သည်။

သံချိုတို့ပါ ထွက်မလာသေးတာ သူကသိကအောက်ဖြစ်နေမှာပဲ။

ဇင်ရဲက အားပါးတရ ဖျော်ဖြေသီဆိုထားသဖြင့် သူမရဲ့ အင်္ကျီလေး ချွေးနှင့် စိုကပ်နေတာကို သတိပြုမိသည်။

နဖူးစပ်ဝင်းဝင်းလေးမှာလည်း ချွေးစတွေရှိနေတုန်း။

သူ့လက်ကိုင်ပဝါကိုထုတ်ကာ ရွှယ်မှူးဆီ လှမ်းပေးရင်း…

"အရမ်းပင်ပန်းသွားပြီထင်တယ်"

"ရပါတယ်၊ ရွှယ်မှူးတို့အတွက် ရိုးနေပါပြီ"

ဇင်ရဲပေးသော သဘက်သားလို နူးညံ့သော လက်ကိုင်ပဝါအဖြူလေးနှင့် ရွှယ်မှူးက သူ့နဖူးစပ်ကို ဖွဖွလေးတို့ယူကာ ချွေးသုတ်သည်။

ထိုဟန်ပန်လေးကိုပင် ဇင်ရဲ မျက်စိမလွှဲနိုင်ဘဲ ချစ်စနိုးစိုက်ကြည့်နေမိသည်။

"ရုပ်ရှင်ထဲမှာဆိုရင်တော့ မင်းသမီးက မင်းသားကို



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါလေး ပေးတာပဲ မင်းတို့မြင်ဖူးမှာပေါ့၊ ငါတို့ဆရာဇင်ရဲ ကတော့ ပြောင်းပြန်၊ သူက မင်းသမီးကို လက်ကိုင်ပဝါပေးတာ ကွ၊ ဟား…ဟား"

"ဟာ…ဘာတွေလျှောက်ပြောနေတာလဲ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဝိုင်းစမှာ ရှယ်မှူး အနေခက်မှာ ဇင်ရဲစိုးပါသည်။

"ဟိုမှာ…ရှယ်မှူးသူငယ်ချင်းတွေတောင် ထွက်လာပြီ"

အားတုံ့အားနာနှင့် စကားလမ်းကြောင်း ပြောင်းရ၏။

ကျော်ဇလတို့က ပေါ်တင်စ,နေကြပြီ မဟုတ်လား။

သူက သဘောကျပေမဲ့ ရှယ်မှူးဖက်က ဘယ်လိုမှန်းမသိ သေးဘူးလေ။

လျှောက်မနောက်ဖို့ ဇင်ရဲက ဘော်ဒါတွေကို မျက်ရိပ်ပြ ရသည်။

ဒါလည်း ဒီကောင်တွေ ရပ်တန်းက ရပ်မည့်ပုံမရ။

"ဟာ…ပိညွက်လည်းပါလာတယ် ဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျိုးတင့်ဆွေက ဝမ်းသာအားရ တအော်နှုတ်ဆက်ပါသည်။

ညွှက်မျက်နှာလေးက ရှက်ယောင်ဝဲဝဲနှင့်။

"တစ်ခုခုသွားစားရအောင်ဗျာ၊ ညွှက်တို့ကို ဖိတ်ခေါ်ပါရစေ"

ပိညွှက်နှင့် သန္တာက အခုမှရောက်လာတာဖြစ်သည်။

"သံချိုရော...လာပါ၊ အားလုံးပဲပေါ့၊ ညစာစားဖို့ ဖိတ်ပါရစေဗျာ"

ဒီတစ်ခါတော့ အာသွက်လျှာသွက် ရဲတင်းသော သူငယ်ချင်းတွေကို ကျေးဇူးတင်ရသည်။

ရွှယ်မွှားတို့နှင့် တရင်းတနှီး ညစာစားဖြစ်ဖို့ ဆောင်ကြဉ်းပေးကြလို့ပါ။

+ + + +



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲက ကက်ဆက်ကို ခပ်ဟိုးဟိုးဖွင့်၍ စာရေးစားပွဲမှာ ထိုင်ဖို့ရည်ရွယ်သည်။

သူစာမရေးဖြစ်တာ တစ်လခန့်ရှိနေပြီ။

စာရေးဖို့ထိုင်လိုက်တိုင်း သူစိတ်လေနေတာ ရွယ်မွှားဆီပဲ အတွေးတွေက ရောက်ရောက်သွားသည်။

ဒီလိုတစ်ပိုင်းတစ်စနှင့်လည်း သူရပ်မနေနိုင်တော့ပါ။

ရွယ်မွှားကို ချစ်ခွင့်ပနံဖို့ ဆုံးဖြတ်လိုက်၊ ပြန်မည်းစားတွေဝေ လိုက်နှင့် ရှိနေသည်။

*လမ်းလျှောက်တိုင်းလည်း လိုနေတာ ဘေးနားမှာကြင်နာ သူပါ xxxx*

*အခြားအတွဲလေးများ မြင်ယောင်ကာ ငါအားကျနေရုံ*



www.burmeseclassic.com

www.burmeseclassic.com



*လား×××*

ချစ်သူဘဝ တွေးလိုက်ရင်များ ××× စိတ်ညစ်တာကြာနေပြီသိလား ××× နှလုံးသားလေးလည်း သိမ်းထားရ ×××

ဇင်ရဲ့အခန်းထဲမှာ ဝိုင်ဝိုင်း သီချင်းသံက ခြုံလွှမ်းထားသည်။

ဝိုင်ဝိုင်းသီချင်းတွေ သူကြိုက်သည်။

စာရေးရင် သီချင်းလေးဖွင့်ပြီး ရေးရတာ သူ့ပိုသဘောကျသည်။

*ချစ်ရတာလေဟာနယ်မှာ...*

*ပါးလေးတွေဟာ မွှေးများနေလား၊ အခုထိတော့ငါမသိရ...*

ဇင်ရဲ့သည် ရေးလက်စစာအုပ်ကို ပြန်ဖွင့်လိုက်ပေမဲ့ ဇာတ်လမ်းက တစ်ဝက်တစ်ပျက်နှင့် ပြန်ဆက်ဖို့ အရှိန်က မရသလိုဖြစ်နေသည်။ ခေါင်းထဲကို ဝင်လာတာက ရှယ်မှူးအကြောင်းလားများ။

ဒီမှာ ကိုယ့်ဇာတ်လမ်းကလည်း အရေးကြီးနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ရွယ်မှူးကို သူသတိရသည်။ တွေ့လည်း တွေ့ချင်နေသည်။

ရွယ်မှူး သီချင်းတွေ ဖွင့်လွန်းလို့ အမေကတောင် ဒီဂီတချင်းတွေ တစ်နေကုန် နားထောင်နေပါလား သားရဲ့၊ ဘာလို့လဲဟု မေးနေပြီ။

ဒါကြောင့် ဒီနေ့တော့ ဝိုင်ဝိုင်းပြောင်းဖွင့်ထားတာ။

သီချင်းသံလေး မကြားရတော့ ပိုတောင်တမ်းတမိနေသေးသည်။ သူမပုံစံလေးကို မြင်ယောင်လွမ်းဆွတ်နေမိသည်။

ရွယ်မှူး အမူအရာလေးတွေ၊ မျက်လုံးအကြည့်လေးတွေက တစ်မျိုးလေး သူ သိပ်မဖတ်တတ်။

ရှေ့တိုးတော့မလို၊ နောက်ဆုတ်တော့မလိုလိုနှင့်။

တစ်ခါတစ်ရံလည်း ဣန္ဒြေရရ ရပ်မြဲလေးအတိုင်း ရပ်နေတော့မလို ခပ်အေးအေး ဆက်ဆံရေးလေးဖြစ်နေတတ်သည်။

ဇင်ရဲက ကိုင်ပြီးသားဘောလ်ပင်ကို ပင်နီဟိုဒါခွက်လေးထဲသို့ ပြန်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါဘဲနှင့် ရေးလို့ရဦးမှာမဟုတ်။

သူ ရှယ်မှူးဆီ ဖုန်းဆက်ကြည့်မည်။

ဘာပဲဖြစ်ဖြစ် အသံလေးကြားရရင် စိတ်ချမ်းသာနိုင်သည်။

ဇင်ရဲက သူမရဲ့ ဟဲင်းန်ဖုန်းနံပါတ်လေးကိုပဲ ခေါ်လိုက်သည်။

ရှယ်မှူးက ဆံပင်ဖြီးနေရင်းက ဗီရိုပေါ်ကမြည်နေသော ဖုန်းလေးကို လှမ်းယူကြည့်လိုက်သည်။

ဆရာဇင်ရဲရဲ့ ဖုန်းနံပါတ်ပါလား။

ရင်ထဲနွေးခနဲ ဖြစ်သွားရတာ ဘာကြောင့်လဲ။ ပျော်သလိုလို ခံစားချက်လေးဖြင့် ရှယ်မှူးက သူတို့အခန်းထဲ[illegible] ထွက်လို့ရသော ဝရံတာလေးဆီ အလျင်စလို ထွက်လာလိုက်သည်။

"ဟဲလို"

"ရှယ်မှူး"

ဟုတ်တယ် ကိုဇင်ရဲ၊ ပြောပါ၊ ညှက်လေးကတော့ အောက်ထပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ရဲ စိတ်တိုသလိုဖြစ်သွားရကာ…

"ခင်ဗျားရဲ့ ညှက်ညှက်နဲ့မပြောဘူး"

"အို…သူက ကိုဇင်ရဲပရိသတ်လေ"

"ဒီမှာ ခင်ဗျားကို ရှင်းရှင်းပြောလိုက်မယ်၊ အဲဒီညှက်ညှက်ကို ကျွန်တော့်သူငယ်ချင်း မျိုးတင့်ဆွေက ဟိုးအစောကြီးကတည်းက ကျုရှင်မှာလိုက်ကြိုက်နေတာကြာပြီ၊ ခင်ဗျားစေတနာရှိရင် ပြန်ပြောပြလိုက်၊ ဒါပဲ"

သူပြောပုံကြောင့် ရွှယ်မှူး ပြုံးမိသည်။

"ကျွန်တော်ပြောချင်တာတွေတောင် မေ့သွားပြီဗျာ"

"ဘာလဲ၊ စဉ်းစားလိုက်ပေါ့"

"ဒီညသာယာတယ်နော်… လလေးလည်းသာနေတယ်၊ ရွှယ်မှူး အပြင်မထွက်ချင်ဘူးလား"

သူ့စကားအဓိပ္ပာယ်က တစ်မျိုးပါလား။

ရွှယ်မှူးက နှုတ်ခမ်းတစ်ချက်ကိုက်ပြီးမှ…

"သာယာတဲ့ညဆိုတော့ ကိုဇင်ရဲ စိတ်ကူးလေးပေါ့ ပို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေမှာပေါ့၊ စာတွေများများရေးပေါ့"

"ဟာ…ရေးလို့မရလို့ ခက်နေတာ"

ရွှယ်မှုံးက တိတ်သွားသည်။

အဲဒါ ကျွန်မကြောင့်လို့ ပြောမလို့လား။

ရှင်…တဆိတ်မြန်မနေဘူးလား၊ ဒီလောက်အချိန်တိုလေး

သိကျွမ်းရုံနဲ့ ဖွင့်ပြောတော့မှာလား။

ဒါမှမဟုတ် ရွှယ်မှုံးကို လျှော့တွက်ထားရော့သလားကွယ်။

"ရွှယ်မှုံး"

"ရှင်"

"ကျွန်တော်သတိရလို့ ဆက်လိုက်တာပါ၊ အနှောင့်

အယှက်များ ဖြစ်သွားလား"

"မဟုတ်တာဘဲ"

"ဒါဆို စကားပြောချင်တယ်"

"ဟုတ်ကဲ့"

"ရည်းစားရှိလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူး ခပ်တိုးတိုးရယ်မိသည်။

"ကျွန်တော့်မေးခွန်းက ရယ်စရာဖြစ်နေလို့လား"

"အဲလိုသဘောမျိုး မဟုတ်ပါဘူး"

"သိချင်တယ်"

"ဘာလို့သိချင်တာလဲ"

"ရွှယ်မှူးကိုယ်တိုင်ပြောတာ ကြားချင်လို့ပါ"

"ရှင်သိပြီးသားလား"

"သူငယ်ချင်းတွေ လာပြောတာတော့ရှိတယ်"

"ဘာတွေပြောတာလဲ"

ရွှယ်မှူး ရင်တွေခုန်လာသည်။

"အတိတ်ဇာတ်လမ်းတွေပေါ့ဗျာ"

"အဲဒီတော့"

"ကြားရတာ ရင်ထဲမှာတစ်မျိုးပဲဗျ"

"ဘာတစ်မျိုးလဲ"

"ကျွန်တော်နဲ့ ရွှယ်မှူးနဲ့မှာ တူတဲ့အချက်လေးတွေရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''မွေးနေ့ချင်းတူတာလား''

''အသည်းကွဲခဲ့တာရောပေါ့''

''ရွှယ်မှူး အသည်းမကွဲပါဘူးနော်''

''ဒါဆို သတိုးကို ခင်ဗျားလေး မချစ်ခဲ့ဘူးလား''

ဖင်ရဲ့နှုတ်မှ ထိုအမည်ကို ကြားရသောအခါ ရွှယ် လန့်ဖျပ်သွားမိသည်။

သူ့ကို မသိစေချင်ပါ။ ဒါပေမဲ့ သူက သိနှင့်ပြီးပုံရသည်

''ပြောလေဗျာ...ဘာလို့ဟိတ်သွားတာလဲ''

''ကျွန်မက မေ့နေပြီရှင့်''

''ဟုတ်ရဲ့လားဗျာ''

''သတိုးကို ရွှယ်မှူး အပြစ်မတင်ပါဘူး''

''ခွင့်လွှတ်ပြီး ကြည်ကြည်ဖြူဖြူနဲ့ သဘောထားကြီး နောက်ဆုတ်ပေးခဲ့တာလား၊ ကျွန်တော်တော့ အဲလိုမဖြစ်နိုင်ဘူး တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အို…ရှင် ဘာလို့ သူ့အကြောင်းတွေပဲ ပြောနေဟာလဲ ဟင်"

"ရွယ်မူး မကြားချင်ဘူးလား၊ ဆောရီး…အခုထိ ခံစား ရတုန်းပဲလား"

"တော်ပါတော့ ကိုဇင်ရဲရယ်၊ အကျိုးမရှိတဲ့စကားတွေ ဘာလို့ပြောနေကြမှာလဲ"

"ဒါဆို အကျိုးအမြတ်ရှိမယ့် စကားပဲ ပြောရမှာပေါ့၊ ဟုတ်လား"

သူက ရယ်သံနှင့် ခပ်နောက်နောက်မေးသည်။

"မသိဘူး"

"ရွယ်မူး စိတ်ရှုပ်သွားပြီ၊ အိုကေ…အဲဒီအကြောင်း ထပ်မ မေးတော့ဘူး"

တကယ်တော့ ဇင်ရဲ သဝန်တိုမိလို့ မေးတာပါ။ သူမမှာ ကိုယ့်ထက်ဦးခဲ့သူ၊ အရင်ဦးသူတစ်ယောက်မှ မရှိစေချင်။

ကိုယ်သာ ရွယ်မူးရဲ့ အဦးဆုံးချစ်သူ ဖြစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာမှမတတ်နိုင်။

နောက်ဆုံး ချစ်သူဖြစ်ရလည်း တော်ပါပြီ။ ကျေနပ်ဝမ်းမြောက်ရမှာပါ။

"ကျွန်တော် ရှယ်မှူးနဲ့ စကားတွေအကြာကြီး ပြောချင်တယ်ဗျာ၊ ဘယ်လိုလုပ်ရမလဲ"

"အခုပြောနေတာပဲ"

"ဖုန်းထဲကပြောရတာ မကြိုက်ဘူး၊ အပြင်မှာတွေ့ပြီး ပြောချင်တာဗျ၊ ကျွန်တော် လာခေါ်မယ်ဆိုရင် ခဏထွက်ခဲ့လို့မဖြစ်နိုင်ဘူးလား၊ ကျွန်တော့်ကို ယုံတယ်ဆိုရင်ပေါ့"

ကြည့်လေ…ငြင်းရင် မယုံတဲ့သဘော ဖြစ်ရဦးမယ်။

"သိပ်လည်း နောက်မကျသေးပါဘူး၊ အခုမှ အစောကြီးရှိပါသေးတယ်"

"ဘယ်သူက နောက်ကျပြီပြောနေလို့လဲ"

"အား…ဒါဖြင့် ကျွန်တော် နောက်မကျသေးဘူးပေါ့"

"ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ကျွန်တော်တို့ အချစ်သစ်ရှာရင် မကောင်းဘူး လားလို့၊ တိုင်ပင်ကြည့်တာပါ"

ဇင်ရဲက ပြုံးစိစိနှင့် စကားတောက်ကြည့်သည်။

"မကောင်းဘူး"

"ဘာလို့လဲ၊ ကောင်းပါတယ်"

"ရှင့်ဘာသာရှာပေါ့"

"နှစ်ယောက်လုံး ရှာရင် ပိုအဆင်ပြေမယ်"

"တော်ပြီ"

ဇင်ရဲရယ်သံက ချိုရှရှနှင့် နားထောင်ကောင်းသည်။ ထိုရယ်သံမှာ ရွှယ်မှူး ငြိတွယ်ရ၏။

ရွှယ်မှူးလည်း သူနှင့်မျက်နှာချင်းဆိုင်ပြီး စကားပြောရရင် ရင်ဖိုနွေးထွေးရမည်ထင်သည်။

ဒါပေမဲ့ ဗိညာက်မခေါ်ဘဲ သွားရင် ကောင်းပါ့မလား။

အိမ်ခဏဆိုပြီး လစ်ရင်ရတာပဲလေ။

ရွှယ်မှူး ဆုံးဖြတ်ပြီး သူနှင့်အပြင်ထွက်ဖို့ လက်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အိုကော...ကျွန်တော် ဆယ့်ငါးမိနစ်အတွင်း ရောက်လာမယ်"

သူ့အသံကြီးက ကျယ်လောင်မြူးတူးနေ၏။

\+ + + +



www.burmeseclassic.com

www.burmeseclassic.com



ချော့ကလက်နှင့် ဆင်စွယ်ရောင် ရောစပ်ထားသော နှစ်ထပ်ဂါဝန်လွင်လွင်လေးဖြင့် သူမဆင်းလာတာကို ဖင်ရဲကြည့်ရင်း အသက်ရှုမှားရသည်။

ဆံပင်ဖွာလန်လန်လေးတွေကို စုပြီး ပိုနီတေးချည်ထားသော မျက်နှာပေါ်သို့ ဆံစလေးတွေ ဟိုတစ်စ ဒီတစ်စ ကျနေပုံတပင် အင်မတန် ကဗျာဆန်နေပါသည်။

စိုလက်သော နှုတ်ခမ်းဖူးဖူးလေးက ငေးနေချင်စရာ။ ဘယ်လိုချစ်စရာကောင်းတဲ့ မျက်နှာလေးမှန်းမသိ။

"ဘာကြည့်နေတာလဲ၊ မကြည့်နဲ့"

ရှက်စွာစွာအသံလေးက မူနွဲ့သွားရသည်။

"ရွယ်မူး အရမ်းလှလို့ကြည့်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလှပါဘူး"

ဆန့်ကျင်စကားပဲ နှုတ်ကထွက်၏။

"ရှယ်မှူးအကြောင်းတွေ ဝတ္ထုစာအုပ်ထဲ ထည့်မရေးနဲ့ဦး"

"ရေးရမယ်လေ…ဒါကုန်ကြမ်းပဲ"

"အို…ဘာကုန်ကြမ်းလဲ၊ မုန်းလာပြီ"

"အောင်မယ်လေးဗျာ…မုန်းတဲ့စကားတော့ စ,ပြီးမပြောလိုက်ပါနဲ့"

သူက အဖြစ်သည်းသည်းနှင့် တားမြစ်လေသည်။

သူ့ကားထဲ ဝင်ထိုင်လိုက်ရတာ အေးစိမ့်နေပေမဲ့ ရှယ်မှူးကို သံုးခြင်းနွေးထွေးစေတာ ဘာကြောင့်မှန်းမသိ။

သူ့နံဘေးနားထိုင်ရတာ အလိုလို ပျော်စရာကောင်းနေသည်။ အချစ်ဆိုသောအရာသည် နှလုံးသားထဲသို့ အသစ်တစ်ဖန် ဝင်ရောက်လာတော့မှာလား။ သူ့ဆီမှ စီးကရက်နံ့နှင့်အတူ မွှေးမွှေးနံ့လေးတစ်မျိုးပါ ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆံပင်ထားပုံလေးက ရိုးသားသည်။ ရွှယ်မွှူးနံဘေးမှာတော့ ဒီဇိုင်းစုံနှင့် ရောင်စုံဆံပင်အကြောင်အကျားတွေသာ တွေ့နေရတာ။

တိုကပ်သပ်ရပ်သော သူ့ဆံပင်အနက်ရောင် ပျော့ပျော့လေးသည်ပင် ရွှယ်မွှူးအမြင်ကို ဆန်းသစ်စေသည်။

ဘေးတိုက် သူ့မျက်နှာက မေးရိုးဖြောင့်ဖြောင့်နှင့် အလွန်ယောကျ်ားပီသသော မျက်နှာကျပုံမျိုး။

နှာတံပေါ်ပေါ်နှင့် ပိရိသေသပ်သော နှုတ်ခမ်းများက ဆွဲဆောင်မှုရှိလှသည်။

တဖြေးဖြေး အသက်အရွယ်ကြီးရင့်လို့ အဘိုးကြီးဖြစ်လာရင် သူ့မျက်နှာအရေးအကြောင်းတွေဟာ ဘယ်လိုပြောင်းလဲလာမှာလဲ။

ရွှယ်မွှူး တွေးကြည့်ရင်း ရယ်ချင်သည်။

အဘိုးကြီးဆိုတဲ့ အချိန်အထိ စိတ်က အလိုလိုရောက်သွားတာ။ သူနှင့် ရွှယ်မွှူးကြားမှာ အမှန်တကယ်ပင် တစ်စုံတစ်ရာရဲ့



www.burmeseclassic.com

www.burmeseclassic.com



သေချာမှုရှိနေသည်။

အရင်ဘဝဘဝရဲ့ ပဋ္ဌာန်းဆက်တစ်ခုက ဒီမှာပြန်စပြီ။

တစ်နေ့တည်း တစ်ရက်တည်း လောကကြီးထဲကို ဝင်ရောက်လာတဲ့ ဓနီးမောင်နှံဖြစ်နိုင်မလားပဲ။ အတူလက်တွဲပြီး အောင်းမှုကုသိုလ်ကံတွေ ပြုရှုဦးမည့်သဘောလား။

အတွေးတွေက အမှတ်မထင် အဝေးကြီးအထိ ပြေးသွားသည်။

"ကျွန်တော့်အကြောင်းတွေ စိတ်ဝင်စားမယ်ဆိုရင် တဖြည်းဖြည်း ပြောပြသွားချင်တယ်"

"တဖြည်းဖြည်း"

"ဟုတ်တယ်လေ၊ ဒါမှ တစ်နေ့နည်းနည်း အကြောကြီး ပြောရမှာ"

"တစ်ထောင့်တစ်ညပုံပြင်နဲ့ မှားနေပြီထင်တယ်"

"ကျွန်တော်ပြောရင် ယုံချင်မှယုံမယ်၊ ကျွန်တော်လေ ရွယ်မူးကို အိပ်မက်ထဲမှာ အရင်တွေကာ၊ သူငယ်ချင်းတွေကို ခေါင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိပ်မက်ကို ကျွန်တော်ပြောပြတယ်၊ အသည်းပုံကိုတ်မုန့်လေးကို မွေးနေ့မှာ အတူတူလှီးကြတယ်၊ ပြီးတော့ ရှယ်မွှေးက ကျွန်တော့် ပခုံးကို မှီပြီး လမ်းလျှောက်ကြတယ်"

"အို…မဟုတ်တာ"

ရှက်စနိုး ငြင်းဆန်မိ၏။

"အိပ်မက်ပဲ…မက်ချင်တာတွေ လျှောက်မက်မှာပေါ့၊ ဒါများ ရှယ်မွှေးဖြစ်ရောလား၊ ရှင့်ရည်းစားဟောင်းတွေဟာတွေ ပိုဖြစ်နိုင်မှာ သိရဲ့လား"

မျက်စောင်းရွယ်လျက် ပြန်ချေပမိသည်။

သူကပြုံးပြီး ခေါင်းယမ်းသည်။

"မဟုတ်ပါဘူး၊ မပုလဲ လုံးဝမဟုတ်ဘူး၊ ရှယ်မွှေးမှ ရှယ်မွှေး အစစ်ပဲ"

"မပုလဲဆိုတာက"

"ရှယ်မွှေးပြောတဲ့ အဟောင်းတစ်ယောက်ပေါ့ဗျာ"

"ဘယ်ရောက်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"အပျိုပဲလား"

"သူအိမ်ထောင်ကျပြီးတော့ ကျွန်တော်တို့သားအမိလည်း အဲဒီရပ်ကွက်ကနေ အိမ်ပြောင်းလာတာပဲ၊ သူ့သတင်း ဘာမှမကြားဘူး၊ စိတ်လည်းမဝင်စားတော့ဘူး၊ ရွှယ်မှူးလို ကျွန်တော် သဘောထားမကြီးနိုင်ဘူး၊ သူနဲ့ မတော်တဆတောင် လာမကြုံချင်ဘူး၊ ရှုပ်တယ်"

"သိပ်စိတ်နာတယ်ဆိုရင် သိပ်ချစ်ခဲ့လို့ဖြစ်မှာပဲ"

သူက ကားမောင်းရင်း ဆတ်ခနဲ တစ်ချက်လှည့်ကြည့်ပြီးမှ ရှေ့တူရူကို မျက်နှာပြန်လှည့်သွားသည်။

"ရွှယ်မှူးထင်တာ မှားတယ်၊ အချစ်ဆိုတာ ဘာလဲလို့ ကျွန်တော် အခုမှသိတာ၊ အခုမှ တကယ်ချစ်တတ်လာတာပါ"

"နောက်တစ်ယောက်ကို ချစ်မိပြီလို့ ပြောတာလား၊ အသစ်တွေ့တော့ ဒီလိုပဲပြောရမှာပေါ့"

ရွှယ်မှူး ပြောပုံလေးကတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်တာ ရိပ်မိနေပြီလား…ရိပ်မိမှာပါ။

ဇင်ရဲ ရင်တွေ အခုန်မြန်လာသည်။

နှစ်ယောက်အတူတူရှိနေတဲ့ ဒီကားပေါ်က သူမဆင်းချင်။

စကားပြောရင်း ကားကိုသာ တစ်ချိန်လုံး စွပ်မောင်းနေမိသည်။

"အခုဘယ်သွားဖို့လဲဟင်"

"ဟုတ်သားပဲ…ရွှယ်မှူး ဘယ်သွားချင်လဲ"

"ကိုဇင်ရဲသဘောပဲ"

ပြောပုံလေးက ရင်ထဲ ကြည်နူးလိုက်တာကွာ။

"ကျွန်တော့်သဘော…ကျွန်တော်နဲ့ ဘယ်နေရာမဆို လိုက်ရဲတယ်ပေါ့"

"အို…စာရေးဆရာရယ်၊ အဲဒီလိုတော့ အဓိပ္ပာယ် မကောက်နဲ့ဦးပေါ့"

"ဒါဖြင့် ဘယ်လိုအဓိပ္ပာယ်ကောက်ရမလဲ"

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွယ်မွှး နှုတ်ခမ်းစူမိတော့သည်။

ဘယ်လိုလူကြီးမှန်း မသိပါဘူးနော်။

ထိုအချိန်မှာ ကားပေါ်က မဆင်းချင်သော ဇင်ရဲဆန့ ပြည့်သွားပါသည်။

မမျှော်လင့်ဘဲ မိုးရွာလာတာ။ အခုတလော ရန်ကုန်မှာ မိုးနေ့တိုင်းလိုလို ရွာနေသည်ထင်သည်။

"ဟော…ကြည့်စမ်း မိုးရွာလာပြီ၊ ရွယ်မွှးတို့ ပရိမိုးရှင်းပွဲတုန်းက မိုးမရွာတာ ကံကောင်းလို့နော်၊ အခုနောက်ပိုင်း မိုးသည်းလာတယ်"

"ဟုတ်တယ်ဗျ"

ဇင်ရဲက ကားဝိုက်ပါကို ဖွင့်လိုက်သည်။

ရေသုတ်တံက မှန်ပေါ်က ရေတွေကို စည်းချက်မှန်မှန် သုတ်ချနေတာသည်လည်း သူ့မြင်ကွင်းမှာ ဆန်းနေသည်။

မိုးတွေတဝေါဝေါ ရွာနေတာလည်း ပျော်စရာ။

နံဘေးမှာ ရွယ်မွှး ရှိနေရုံနှင့်ပင် လောကကြီးက သာယာ



www.burmeseclassic.com

www.burmeseclassic.com



စိုပြေ နေပျော်ဖွယ်ရှိလွန်းစွ။

"ရွှယ်မှူး သတိုးနဲ့ပြတ်သွားတုန်းက အတော်ငယ်ဦးမှာ ပေါ့နော်"

"ရှင်"

သူမေးခွန်းကြောင့် ကားပြင်ကို ကြည့်နေမိသော ရွှယ်မှူးက သူ့ဖက် မျက်နှာပြန်လှည့်လာရသည်။

"ငယ်တဲ့အချိန်မှာဆိုတော့ မဖြေသိမ့်တတ်ဘူးလေ၊ ခံစားမှုကို ပုံကြီးချဲ့တတ်တယ်မဟုတ်လား"

"ကိုဇင်ရဲ့တုန်းကရော"

"ကျွန်တော်က ယောကျ်ားလေးပဲ၊ သူငယ်ချင်းတွေနဲ့ ဘီယာသွားသောက်ပစ်လိုက်တယ်"

"ကောင်းသားပဲ"

"ရွှယ်မှူးကတော့ မိန်းကလေးဆိုတော့"

သူက ပြောလက်စကို ခဏရပ်ထားလိုက်သေးသည်။

"ငိုမှာပေါ့နော်...ရွှယ်မှူး ငိုခဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"မညာပါနဲ့ဗျာ"

သူမက မျက်နှာလေးလွှဲသွားပြီး…

"မိုးအရမ်းသည်းတယ်နော်…မောင်းလို့ဖြစ်ရဲ့လား"

"ခဏရပ်ထားလိုက်မယ်"

ဇင်ရဲက လူရှင်းသူရှင်းသော သမ်းနံဘေးမှာ ကားကို ပလက်ဖောင်းနား ကပ်ရပ်လိုက်ပါသည်။

ကားစတီယာရင်ကို လက်ဝါးနှင့် တစ်ချက်နှစ်ချက်ရိုက်ကာ သူစိတ်လှုပ်ရှားနေမိသည်။

အပြင်မှာ တကယ်လက်တွေ့ကျကျ ရည်းစားစကားပြော ရတာ သူ့စာအုပ်ထဲက ဇာတ်လိုက်တွေပြောသလိုတော့ မလွယ်တာ အမှန်ပဲ။

သို့သော် ဒီလိုနှစ်ယောက်တည်းအတူ ရှိနေတဲ့ မိုးသည်းည မျိုးမှာမှ ဖွင့်မပြောဘူးဆိုရင် နောက်တစ်ကြိမ် အခွင့်အရေး ရဖို့ ဘယ်လောက်ထပ်စောင့်ရမလဲမသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးဆိုတာ ခဏခဏရဖို့မလွယ်တာ ဖေင်ရဲ ကောင်းကောင်းသိသည်။

သွယ်ဝိုက်တဲ့ စာတ်မျောပုံစံလည်း သူမလုပ်နိုင်။

ဒီအဆိုတော်မလေး ချစ်စရာကောင်မလေးကို သူစိတ်မချပါ။ သူများဦးသွားမှာစိုးသည်။

သူမဟာ ကိုယ့်ချစ်သူ ဖြစ်ကိုဖြစ်လာမှာပါဟု တစ်ထစ်ချ မယုံရဲပါ။

စိတ်ထဲထင်ပေမယ့် ပြောလို့မရဘူးလေ။

ထင်တာတွေ မဖြစ်ခဲ့ရင် သူဘာတတ်နိုင်မှာလဲ။

"ကျွန်တော်ရေးနေတဲ့ စာအုပ်ထဲမှာ ကောင်မလေးက အဆိုတော်ပဲ၊ အခုခေတ်လို မိန်းကလေးအဖွဲ့တစ်ခုထဲက အလှဆုံး ကောင်မလေးပေါ့"

ရွှယ်မွှးက မျက်မှောင်ကုပ်လေးနှင့် သူ့ကိုကြည့်သည်။

"ရွှယ်မွှးအကြောင်းတော့ မဟုတ်ပါဘူးနော်"

ဖေင်ရဲတစ်ချက်ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကတစ်မျိုးပဲ၊ အချစ်ကိုမယုံကြည်တဲ့ ကောင်လေးဆီကို တစ်နေ့မှာ မမျှော်လင့်ဘဲ သူရောက်လာတယ်၊ ကောင်လေးက သူ့ကို မမှန်းရဲပါဘူး၊ သူက မျက်နှာပွင့်တယ်လေ၊ အောင်မြင်ကျော်ကြားမှုလည်း ရှိတော့ အများက စိတ်ဝင်စားတယ်မဟုတ်လား၊ သူ့အပြုအမူလေးတစ်ခုကို ကောင်လေး သိပ်စွဲလမ်းသွားတယ်၊ ကောင်လေး သူ့စိတ်တွေ သူမထိန်းနိုင်ဘဲ အဲဒီကောင်မလေးကို ကြိုက်မိရောဆိုပါတော့"

ရွှယ်မှူးက မျက်နှာလေး ငုံ့ချလို့ ငြိမ်သက်သွားရသည်။

ရင်ထဲမှာတော့ ဝုန်းဒိုင်းကျဲအောင် ခုန်ပေါက်ဆူညံနေရသည်။ နူးညံ့ပျော့ပျောင်း စိုရီနေသော သူ့မျက်လုံးတွေကို ရွှယ်မှူး ရင်မဆိုင်ရဲ။

အဲဒီမျက်လုံးကို နားလည်ခံစားမိတာနှင့် သူချစ်နေပြီဆိုတာ ရွှယ်မှူး သိပါပြီ။

"ကောင်လေးက နည်းနည်းညံ့တယ်ဗျ၊ ကောင်မလေး သူ့ကို ပြန်ချစ်ပါ့မလားလို့လည်း ကျိတ်ပြီး စိုးရိမ်နေတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ရိပ်မိပုံရပါတယ်၊ ဒါတမင် မသိဟန်ဆောင်ပြီး သူက ခပ်တည်တည်နဲ့ပေါ့၊ သူက တင်းမာနိုင်မယ်လေ၊ သူက ကောင်လေးချစ်တာကို သိနေပြီကိုး၊ ကောင်လေးခမျာတော့ ချစ်နေရတဲ့သူဆိုတော့ ကောင်မလေးမျက်နှာကို အရိပ်တကြည့်ကြည့်နဲ့ပေါ့ဗျာ၊ ရည်းစားစကားလည်း မပြောရဲ၊ ပြောရင် အဟားခံရမလား ဘာညာတွေးကြောက်တာပေါ့ဗျာ၊ မဟုတ်ဘူးလား”

ဇင်ရဲသည် စကားပြောရင်း သူမအမူအရာကိုလည်း အကဲခတ်ရပါသေးသည်။ ဇာတ်လမ်းပြောနေတာပဲ အရေးမကြီးပါဘူးလို့ သဘောထားပြီး သာမန်ကာ လျှံကာ နားထောင်နေမှာစိုးသည်။

သူ့မှာက ရင်ထဲက အစစ်အမှန် ခံစားမှုတွေ ဖွင့်အံရွေရွှတ်နေရတာပါ။

“ချစ်စရာကောင်းလွန်းတော့လည်း စိတ်မချဘူး”

“ရှင်”

“ဝတ္ထုထဲက ကောင်မလေးကိုပြောတာပါ”

“ြော်…ြော်”



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မွှား ပြုံးချင်လာသည်။

ဟွန်း…မပြောရဲလို့ပေပဲ။

“ဒါဆို ကိုဇင်ရဲ့ ဇာတ်ကောင် ယောကျ်ားလေးက ပျော့ညံ့တဲ့သဘောပေါ့နော်”

“ဟာ…မပျော့ညံ့ပါဘူး၊ ဘာလို့ ပျော့ညံ့ညံ့ဖြစ်ရမှာလဲ၊ ကျွန်တော့်ဇာတ်လိုက်တွေဟာ အမြဲတမ်း အရည်အချင်းရှိတဲ့ သူ့ရဲ့ကောင်းတွေပဲ၊ ယောကျ်ားပီသပြီး ရုပ်ရည်လည်း ခန့်ညားတယ်၊ ရုပ်မချောရင်တောင် ခန့်တော့ခန့်ရမယ်၊ လူဆိုးဖြစ်နေရင်တောင် သစ္စာရှိပြီး အရည်အချင်းရှိတဲ့ လူဆိုးမျိုးပဲ ဖြစ်ရမယ်၊ ကျွန်တော့်ရဲ့ ဇာတ်လိုက်မပြောနဲ့ ကျွန်တော်ရေးတဲ့ ဗီလိန်တောင် အောက်တန်းမကျဘူး၊ သူ့ရဲ့ဗီလိန်သိက္ခာလေးတော့ ရှိရမယ်၊ ပစ်စလက်ခတ် ကျွန်တော်မလုပ်ဘူး”

“ဒါကတော့ ရှင့်အကြိုက် ရှင်ရေးလို့ရမလား၊ ပရိသတ်ကြိုက်အောင် ရေးရမှာပေါ့”

ဇင်ရဲ့ ခေါင်းညိတ်သည်။ ပြောရင်းနှင့် ဇော်တလမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားဦးမည်။ ဒီကောင်မလေးလုပ်တာနှင့် လမ်းကြောင်းတွေ ပြောင်းပြီး ဗီလင်တွေပျက်ပြီး ရည်ရွယ်ချက်တွေပါ ပျောက်သွားလို့ မဖြစ်။

သူ့ကို တမင်ပညာပေးရင်ဒုက္ခ။

"အခုန ကျွန်တော်ပြောတာ ဘယ်ရောက်သွားပြီလဲ"

ဇင်ရဲက မျက်ခုံးလေးကို လက်သန်းနှင့်ကုတ်ကာ ပြန်အစ ဖော်သည်။

"ဩော်…ကောင်မလေးရိပ်မိတဲ့အကြောင်း"

မရိပ်မိဘဲရှိမလား…။

ဒင်းဖက်က ဒီလောက်သိသိသာသာ ပိုးနေတာပဲဥစ္စာ။ ဒါကို ဖုံးကွယ်ချင်သေးလို့လား။

"ဟုတ်ပြီဗျာ…ကောင်လေးက သိပ်ချစ်နေတယ်၊ ရင်ထဲ မှာ မျိုသိပ်ထားလို့ မရတော့အောင် ချစ်နေပြီဆိုတော့ သူဖွင့်ပြောမှ ဖြစ်တော့မယ်လေဗျာ၊ အဲဒါ သူတို့နှစ်ယောက် မိုးရွာထဲမှာ ကား လေးမောင်းလာရင်း မိုးကသည်းတယ်ဗျာ၊ အဲဒီအချိန်မှာပဲ ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်ဆိုရင် မကောင်းဘူးလား"

"ဟင့်အင်း...မကောင်းဘူး"

ရွှယ်မှူးစကားကြောင့် ဇင်ရဲမျက်နှာ ရှုံ့မဲ့သွားရသည်။

"ကောင်းပါတယ်...ပြောလိုက်မယ်"

"မပြောသင့်ဘူးလေ၊ ကောင်မလေးက ယုံလို့လိုက်လာတာမဟုတ်လား"

"ယုံတယ်ဆိုမှတော့ သူလည်းချစ်နေလို့ ဖြစ်မှာပေါ့"

"မချစ်ပါဘူး"

"ချစ်လိုက်ပါ ရွှယ်မှူးရယ်"

"အို...ဘယ်လိုဖြစ်လို့ ဒီကူရှင်ဖက် ရှင့်လက်ရောက်လာတာလဲ၊ ဓာတ်လမ်းကိစ္စပြောတာ အေးအေးဆေးဆေးမဟုတ်ဘူး"

"ဓာတ်လမ်းတော့ဟုတ်တယ်၊ ဒါပေမဲ့ ဒါက ဇင်ရဲရဲ့အကြောင်း၊ ဇင်ရဲချစ်တဲ့ကောင်မလေးကို ချစ်ခွင့်တောင်းတဲ့အခန်းလေဗျာ"

ပြောပြောဆိုဆို ဇင်ရဲက သူမပခုံးလေးကို ဖက်လိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



သလို လက်ကြီးဝဲလာရပါသည်။

ရွယ်မှူးက ကူရှင်မှာ ကျောပြင်ကို ခွာရင်း ရှေ့ဖက်သို့ ငိုက်ချကာ ရှောင်တိမ်းရင်း သူ့ကို နှုတ်ခမ်းလေးကိုက်၍ စောင်းငဲ့ ကြည့်ပါသည်။

အချစ်တွေ ပြည့်ဝပျော်ဝင်နေသော သူ့အကြည့်ခပ်နွေးနွေး က တကယ်ပဲ ရင်တုန်ချင်စရာပါ။

"ရွယ်မှူးကို ချစ်နေတယ်၊ မွေးနေ့လက်ဆောင် လာပေးတဲ့ နေ့ကတည်းက ကျွန်တော်ချစ်သွားမိတယ်"

"အဲဒါ ရွယ်မှူး မဟုတ်ပါဘူးဆို၊ ပိညွှက်ပေးတာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်မျက်စိရှေ့ကို ရွယ်မှူးတစ် ယောက်တည်း ရောက်လာခဲ့တယ်၊ ကျွန်တော့်ကို တစ်ချီတည်း ပြုစားခဲ့တယ်၊ ဘယ်လိုယတြာချေလိုက်လည်း မသိဘူးဗျာ"

"အံမယ်…မယ် သူ့ကိုပဲ ယတြာချေရဦးမယ်၊ ဟွန်း"

"ဒါဆို စေတနာမေတ္တာ အစစ်အမှန်ပဲပေါ့"

ရွယ်မှူးက မျက်စောင်းရွယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲက အသည်းယားပြီး သူမအနား ပိုတိုးကပ်လိုက်သည်။

"ကျွန်တော့်ဖက်က ပြောစရာရှိတာ ပြောပြီးပြီ၊ ရွယ်မွှေးဖက်က ကျွန်တော့်ကို ချစ်နေတာ ဝန်ခံဖို့ပဲ ကျန်တော့တယ်"

"အမယ်...လာ..လာချည်သေး၊ ချစ်နေတာပဲ ဝန်ခံရဦးမယ်၊ တော်တော်ဆရာကြီးလုပ်တဲ့ စာရေးဆရာပါလား"

အသံခပ်ဆတ်ဆတ်လေးနှင့် တုံ့ပြန်ရင်း ရွယ်မွှေး တင်းသွား၏။

"တော်ပြီ...ကျွန်မပြန်မယ်"

"ဟာ"

ဖျတ်ခနဲ ကားတံခါးဖွင့်တော့ ခင်ရဲ မျက်လုံးပြူးသွားသည်။ ငါတော့ ရည်းစားစကားပြောနည်း မှားပြီဟု ခေါင်းကြိုးသွားရသည်။

"ရွယ်မွှေး"

သူမလက်ကို လှမ်းဆွဲပေမဲ့ မမီ။ မြန်ဆန်သွက်လက်သော



www.burmeseclassic.com

www.burmeseclassic.com



သူမက မိုးရွာထဲကို ဆင်းသွားပြီ။

သူ့ကားရှေ့ကနေ ပလက်ဖောင်းပေါ်သို့ ဆက်တောက် ဆက်တောက်နှင့် ခြေဆောင့်လျှောက်သွားတာကို သူကြည့်နေမိသည်။

နောက်မှ သတိရပြီး ဇင်ရဲ ကားထဲကဆင်း၍ သူမနောက်သို့ ပြေးလိုက်ရသည်။

"ဟိတ်…ရွှယ်မှူး"

မိုးရွာနေတာကို သူမ ဂရုမစိုက်။

ဇင်ရဲသည် မျက်နှာငယ်နှင့် သူမနားကပ်သွားရင်း…

"ခဏနေပါဦး…ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ မိုးတွေရွာနေတယ်ဗျ"

"သိသားပဲ"

"စိုကုန်ပြီ"

"စိုစို"

"စိတ်မဆိုးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူးက သူ့ကိုမကြည့်။

ဒီတစ်ခါ အကြီးအကျယ်မှားသွားပြီဟု ဖင်ရဲ နောင်တရသည်။

ကောင်မလေးဆီက အဖြေရဖို့ဆိုတာ မလွယ်ပါလား။

ဒီကြားထဲ ကားထဲက ဆင်းပြေးရတဲ့အထိဆိုတော့ ရှပ်ပျက်လွန်းသည်။

သူ မျက်နှာပျက်ပျက်နှင့် အလွန်အားနာသွားရသည်။

"တောင်းပန်ပါတယ်ဗျာ...ခင်ဗျားမကြိုက်ရင် ဘာမှ မပြောတော့ပါဘူး၊ မရက်စက်ပါနဲ့ ရွှယ်မှူး၊ ကျွန်တော် လူကြမ်း မဟုတ်ပါဘူး"

ရွှယ်မှူး ခြေလှမ်းတော့ နှေးသွားရပါသည်။

သူ့ကို ဖျတ်ခနဲ ကြည့်တော့ ခေါင်းငိုက်စိုက်ချထားသည်။ မျက်နှာမှာ ရှက်ခြင်း၊ အောင့်သက်ခြင်းတို့နှင့် ပျက်ယွင်းမှုန်တည်နေပါသည်။

ကောင်းတယ်...မှတ်ထား၊ လူကိုလှောင်တွက်ချင်ဦးလေ၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ဆီက အချစ်ကို လွယ်လွယ်ရမယ်ထင်နေတာကိုး။

ဒီလိုအခက်အခဲနဲ့ အဆင်မပြေမှုလည်း ရှိတတ်တယ် ဆရာကြီးရဲ့။

"လာပါဗျာ…ကားပေါ်ပြန်တက်ပါ၊ ကျွန်တော် အိမ်ပြန်ပို့ပေးပါ့မယ်၊ ကျွန်တော့်သိက္ခာကို နည်းနည်းတော့ ယုံပေးပါ"

"မယုံပါဘူး"

"ဟာ"

"ရှင်· ရှေ့ကလျှောက်"

"ဗျာ"

သူမ မျက်နှာထားနှင့် စကားသံကို ဇင်ရဲ နားမလည်နိုင်အောင် ဖြစ်မိသည်။ သူလေ့လာဖတ်ရှုထားတဲ့ စာအုပ်တွေထဲက မိန်းမသားတွေရဲ့ သဘောလက္ခဏာဟာ အပြင်က ရှုယ်မှုးနှင့် လုံးဝမတူတာတော့ သေချာသည်။

"ကားပေါ်ပြန်တက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဘာပဲဖြစ်ဖြစ် ချော့လို့ရသွားတာ ကျေးဇူးတင်ရမည်။ ဇင်ရဲ ဝမ်းသာအားရ ကားဆီပြန်လှည့်လျှောက်ပါသည်။ သူမပါလာ ရဲ့လား နောက်ဖက်သို့လည်း မသိမသာ သမင်လည်ပြန်ကြည့်ရ သေး၏။

နေရင်းထိုင်ရင်း နှစ်ဦးသား မိုးရေနှင့်စိုကုန်ရပြီ။

သူမက ကားထဲ ခပ်တည်တည်ပြန်ထိုင်သည်။

စိုသွားသော ဆံစလေးတွေကို လက်ဖျားလေးနှင့် အသာ အယာ ကိုင်ကြည့်သည်။

"ရှင်လည်း မိုးရေစိုသွားပြီ"

"ကိစ္စမရှိပါဘူး၊ အရေးမကြီးပါဘူး၊ ရပါတယ် ရှယ်မူး"

"ဆံပင်တွေသုတ်လိုက်ဦး၊ ဒီမှာ ရှင့်ရဲ့လက်ကိုင်ပဝါ"

သူမက လက်ကိုင်ပဝါအဖြူလေးကို ပြန်ထုတ်ပေးသည်။

ဇင်ရဲယူပြီး ဒက်ရှ်ဘုတ်ပေါ်တင်ထားလိုက်သည်။

သူမဖက်ကို မကြည့်တော့ဘဲ ကားစက်နှိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်...ဒါက စိတ်ဆိုးတဲ့ရုပ်ကြီးပေါ့။

သူ့အောက်သွားပြီဆိုပြီး ဖြစ်နေတဲ့ မျက်နှာကိုကြည့်ဦး။

အောင့်သီးအောင့်သက်နှင့် ရှုသိုးသိုးမျက်နှာကြီး။

ရွှယ်မှူးပြုံးရင်း လက်ကိုင်ပဝါခေါက်လေးကို ပြန်ဆွဲယူကာ ဖြန့်မိုးပြီး သူ့ဆံပင်တွေကို ရေသုတ်ပေးလိုက်သည်။

ကားစက်နှိုးဖို့ သော့ကိုကိုင်ထားတဲ့ သူ့လက်က တအံ့တဩပြန်ရုပ်လာသည်။

ရွှယ်မှူးကို မယုံနိုင်သလို သူကြည့်၏။

မျက်လွှာချလိုက်တော့ သူက ဝမ်းသာအားရနှင့် ရွှယ်မှူးလက်ကို ဆုပ်ကိုင်၍

"ကျွန်တော့်ကို ချစ်နေရက်သားနဲ့ဗျာ၊ လူကိုစိတ်ဓာတ်ကျအောင်လုပ်တဲ့ ကောင်မလေး"

အားတက်သရော စိတ်လှုပ်ရှားစွာ သူမကို ရင်ခွင်ထဲဆွဲသွင်းပါတော့၏။

"အို"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်မှူး သူ့ပခုံးမှာ ခေါင်းမှီလိုက်သည်။

"ပျော်လိုက်တာဗျာ၊ ဒါနဲ့ ဘာလို့များ မိုးရေထဲဆင်းပြေးရတာလဲ၊ ကျွန်တော့်ကိုကြောက်လို့လား"

"ဟင့်အင်း"

"ဒါဆိုဘာလို့လဲ"

"ရွှယ်မှူး ရှင့်ပခုံးမှာ ဒီလိုမျိုး မှီလိုက်မိမှာစိုးလို့"

"ဟောဗျာ…တကယ်လား"

"အင်း"

"အခု ကျွန်တော်တို့ ချစ်သွားပြီ ဘာ့ယ်လိုလုပ်မလဲ"

"မတတ်နိုင်ဘူးလေ"

"ရွှယ်မှူးရယ်"

ဇင်ရဲ သူမကို မချင့်မရဲ တင်းတင်းသိမ်းဖက်ကာ မိုးစက်ဂို့ စိုစွတ်နေသော ပါးပြင်မို့မို့လေးကို အားပါးတရ မွှတ်သိပ်စွာ မ်းရှိုက်မိသည်။

"ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမမဖြေဘဲ ငြိမ်နေတော့ လည်တိုင်လေးကို ပွေ့ယမ်းနမ်းပစ်လိုက်သည်။

ရှယ်မှူးက အသည်းယားစွာ ရယ်ရင်း တွန့်လိမ်ရုန်းဖယ်သည်။

"ဖယ်ကွာ"

"ချစ်တယ်လို့မှမပြောရသေးတာ"

"ပြောပါဘူး"

"ပြောပါဗျာ...ကြားချင်လို့ပါ"

"အစကတည်းက အညှာလွယ်တယ်ထင်မှာစိုးလို့ကို အဖြေမပေးတဲ့ဥစ္စာ"

"မထင်ပါဘူး"

"ထင်မှာပါ"

"စိတ်ချပါ၊ ကျွန်တော်လုံးဝ အထင်မသေးဘူး"

"ဟင့်အင်း"

"Black Diamond အဖွဲ့ထဲက ရှယ်မှူးက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ရည်းစား စကားပြောပြီး ငါးမိနစ်အတွင်း အဖြေချက်ချင်းပေးတယ်ဗျာလို့ ပြန်မပြောဘူး၊ စိတ်ချ စာအုပ်ထဲလည်း ထည့်မရေးပါဘူး၊ ဘယ်သူမှမသိစေရဘူးနော်"

"အို…သွား"

ဇင်ရဲ့စကားကြောင့် ရွှယ်မှူးက ရှက်စနိုးနှင့် သူ့ရင်ဘတ်ကို လက်သီးလေးဆုပ်ကာ တဘုန်းဘုန်းနှင့် အဆက်မပြတ် ထုရိုက်တော့၏။

တစ်ခါတစ်ရံတော့ အဖြစ်အပျက်ကလေးတွေက အလွန်ဆန်းကြယ်မြန်ဆန်သည်။

ဒီမိုးမရွာခင်က သူတို့နှစ်ဦး၌ သူစိမ်းတွေအဖြစ်သာ ရှိသေးသည်။

မိုးတွေ သည်းသည်းမည်းမည်း ရွာနေချိန်ဟာ ဘယ်လောက်ရှိမလဲ။ သိပ်မကြာပါဘူး။

ဟော…အခုတော့ မိုးစဲသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးစဲသွားတဲ့အခါ သူတို့နှစ်ယောက်လည်း သာမန်မိတ်
ဆွေမဟုတ်တော့ဘဲ ချစ်သူတွေဖြစ်သွားကြပြီလေ။
ရင်ခုန်စရာမကောင်းဘူးလား။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com